# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily


**ကမ်းတစ်ဖက်သို့ ရောက်ကုန်**

လူအပေါင်းတို့သည် ကာမဂုဏ်၊ ဒေါသ၊ မာန၊ ထိနမိဒ္ဓ၊ ဥဒ္ဓစ္စတရားတို့ ကပ်ငြိခြင်းခံရလျှင် သေခြင်းကင်းရာ နိဗ္ဗာန်သို့ မရောက်နိုင်ချေ။ ကောင်းစွာဟောကြားအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာ သံသရာကို ကူးမြောက်၍ နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။

ပဏ္ဍိတဝဂ် (ဓမ္မပဒ - ၈၆)


၁၃၈၇ ခုနှစ်၊ တပို့တွဲလဆန်း ၂ ရက် | ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီ ၁၉ ရက်၊ တနင်္လာနေ့ | အတွဲ (၆၅)၊ အမှတ်(၁၁၁)


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကျိုင်းတုံမြို့ ဗုဒ္ဓဥယျာဉ်ပရိဝုဏ်တော်အတွင်း တည်ထားကိုးကွယ်မည့် လောကသရဖူစေတီတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းခွင်၌ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်အတွင်း တည်ထားကိုးကွယ်သည့် သတ္တသတ္တာဟ မဟာဗောဓိစေတီတော်မြတ်ကြီး၊ အဘယရာဇမုနိရုပ်ပွားတော်မြတ်ကြီးနှင့် ကျိုင်းတုံမြို့ ကျက်သရေဆောင် မဟာမြတ်မုနိဘုရားကြီးတို့သို့ သွားရောက်ဖူးမြော်ကြည်ညို

**နေပြည်တော် ဇန်နဝါရီ ၁၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကျိုင်းတုံမြို့ သီလဓမ္မကုန်းသာတောရ ပဓာနနာယက အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကောဝိဒ ဝစီပိတ်ဆရာတော်၊ ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ခရီးစဉ်တွင် လိုက်ပါလာသည့်အဖွဲ့ဝင်များ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ တြိဂံဒေသတိုင်း စစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်ရှိ သတ္တသတ္တာဟ မဟာဗောဓိစေတီတော်မြတ်ကြီး၊ အဘယရာဇမုနိရုပ်ပွားတော်မြတ်ကြီးတို့နှင့် ကျိုင်းတုံမြို့ ကျက်သရေဆောင် မဟာမြတ်မုနိဘုရားကြီးတို့သို့ သွားရောက်ဖူးမြော်ကြည်ညိုသည်။

**လောကသရဖူစေတီတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းခွင်**

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ဗုဒ္ဓဥယျာဉ်ပရိဝုဏ်တော်အတွင်း တည်ထားကိုးကွယ်မည့် လောကသရဖူစေတီတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းသို့ ရောက်ရှိကြပြီး မြေကြီးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ ပင်မစေတီတော်တည်ဆောက်ခြင်း၊ ရင်ပြင်ကြမ်းခင်းခြင်း၊ အရံစေတီများတည်ဆောက်ခြင်း၊ ပစ္စယံများ ကျောက်စီခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ❑

## ယနေ့ ဖတ်စရာ


**တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာ** — ပြည်တွင်းသတင်း — စာ ၅

**သည်ဟိတ်ဂ်ရောက် မြန်မာကိုယ်စားလှယ်အဖွဲ့နှင့်အတူ တစ်မျိုးသားလုံးက ဝန်းရံရပ်တည်နေပါသည်** — ဆောင်းပါး — စာ ၆

**၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ ( အပိုင်း ၂ ) တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်လောင်း တစ်ဦးချင်း ဆန္ဒမဲရရှိမှုအခြေအနေ** — ပြည်တွင်းသတင်း — စာ ၁၁

**နာဆာက လူလိုက်ပါမည့် လကမ္ဘာစူးစမ်းလေ့လာရေးယာဉ် လွှတ်တင်မည်** — နိုင်ငံတကာသတင်း — စာ ၁၄





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အဘယရာဇမုနိရုပ်ပွားတော်မြတ်ကြီးအား ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ပြီး ဖူးမြော်ကြည်ညိုစဉ်။

❑ *ရှေ့ဖုံးမှ*

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် စေတီတော်ကြီးတည်ဆောက်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ ဝစီပိတ်ဆရာတော်ကြီး၏ မိန့်ကြားမှုများအပေါ် လိုအပ်သည်များ တင်ပြလျှောက်ထားကာ တာဝန်ရှိသူများ၏ လုပ်ငန်းဆောင်ရွက်နေမှု တင်ပြချက်များအပေါ် ရေယိုစိမ့်ခြင်း၊ ရေတိုက်စားခြင်းများ မဖြစ်စေရေးအတွက် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်စဉ်ကတည်းကပင် ရေဝင်၊ ရေထွက်နှင့် ရေထုတ်စနစ်များ စနစ်တကျဖြစ်စေရေး တွက်ချက်ဆောင်ရွက်သွားရန်လိုကြောင်း၊ ရာသီဥတုဒဏ်ခံနိုင်ရေးနှင့် သဘာဝဘေး၊ ငလျင်ဘေးအန္တရာယ်များ အတိုင်းအတာတစ်ခုအထိ ခံနိုင်ရည်စံနှုန်းရှိစေရေးအတွက်လည်း တွက်ချက်တည်ဆောက်ရမည်ဖြစ်ကြောင်း၊ တည်ဆောက်ရေးလုပ်ငန်းဧရိယာ တောင်စောင်းများပေါ်၌ သစ်ပင်များကိုလည်း စနစ်တကျဖြင့် ပြန်လည်စိုက်ပျိုးသွားရန်လိုကြောင်း၊ ရင်ပြင်တော်ပေါ်၌ နေပူခံကျောက်ပြားများ ခင်းကျင်းရာ၌လည်း ဒီဇိုင်းရေးဆွဲပြီးမှသာ စနစ်တကျဖြင့် ခင်းကျင်းသွားရန် လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် စေတီတော်ကြီးတည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ဗုဒ္ဓဥယျာဉ်တော်အတွင်း သာသနိကအဆောက်အအုံများ တည်ဆောက်ထားရှိမှုနှင့် ဗုဒ္ဓမြတ်စွာဘုရား၏ ဖြစ်တော်စဉ် ဖွားပွင့်ဟောစံ သံဝေဇနိယ လေးဌာနတို့အား လှည့်လည်ဖူးမြော်ကြည်ညိုကြပြီး ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် စနစ်တကျထိန်းသိမ်းဆောင်ရွက်သွားရန် တာဝန်ရှိသူများကို လိုအပ်သည်များမှာကြားသည်။

**သတ္တ သတ္တာဟ မဟာဗောဓိ စေတီတော်မြတ်ကြီး**

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်အတွင်းရှိ သတ္တ သတ္တာဟ မဟာဗောဓိ စေတီတော်မြတ်ကြီးသို့ရောက်ရှိကြပြီး ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညို၍ သောက်တော်ရေချမ်းနှင့် ပန်းမန်၊ ဆီမီးတို့ကို ကပ်လှူပူဇော်ကြသည်။ ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မဟာဗောဓိစေတီတော်မြတ်ကြီး ဘက်စုံထိန်းသိမ်းဆောင်ရွက်ရန်အတွက် စုပေါင်းအလှူတော်ငွေများကို ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်တစ်ဦးက လက်ခံရယူသည်။

ဆက်လက်၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် သတ္တသတ္တာဟ မဟာဗောဓိစေတီတော်မြတ်ကြီး အထက်ပစ္စယံရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုကာ စေတီတော်ကြီးအား လက်ယာရစ် လှည့်လည်ဖူးမြော်ကြည်ညိုကြသည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သတ္တသတ္တာဟ မဟာဗောဓိစေတီတော်မြတ်ကြီး ဘက်စုံထိန်းသိမ်းဆောင်ရွက်ရန် စုပေါင်းအလှူတော်ငွေများ ပေးအပ်လှူဒါန်းစဉ်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် စေတီတော်မြတ်ကြီးရှိ ငြိမ်းချမ်းရေးခေါင်းလောင်းတော်အား ထိုးခတ်ပူဇော်သည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် ဗုဒ္ဓဥယျာဉ်တော် သီလဓမ္မ ကုသိုလ်ဖြစ်ဆေးခန်းဆောင်ရွက်ထားရှိမှုနှင့် သီလဓမ္မဆေးရုံတော်တည်ဆောက်ထားရှိမှုအခြေအနေများကို ကြည့်ရှုကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ သုခမှတ်စုပန်းခင်း နေရာနှင့် ဗုဒ္ဓဥယျာဉ်ပြတိုက်တို့အတွင်း လှည့်လည်ကြည့်ရှုကြသည်။

**အဘယရာဇမုနိ ရုပ်ပွားတော်မြတ်ကြီး**

ဆက်လက်၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် အဘယရာဇမုနိရုပ်ပွားတော်မြတ်ကြီးသို့ ရောက်ရှိကြပြီး ပန်း၊ ရေချမ်းနှင့်ဆီမီးများ ကပ်လှူပူဇော်ဖူးမြော်ကြည်ညိုကာ လက်ယာရစ် လှည့်လည်ဖူးမြော်ကြည်ညိုကြကာ စေတီတော်လိုဏ်အတွင်း စကျင်ကျောက်များဖြင့် ထုဆစ်ပူဇော်ထားရှိသည့် ဗုဒ္ဓဝင်များကို လှည့်လည်ကြည်ညိုကြသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ရုပ်ပွားတော်မြတ်ကြီးအတွက် ဘက်စုံအလှူတော်ငွေများကို ပေးအပ်ရာ ဂေါပကအဖွဲ့ဝင်များက လက်ခံရယူခဲ့ကြသည်။

**ကျိုင်းတုံမြို့ကျက်သရေဆောင်**
**မဟာမြတ်မုနိဘုရားကြီး**

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ညပိုင်းတွင် ကျိုင်းတုံမြို့ကျက်သရေဆောင် မဟာမြတ်မုနိဘုရားကြီးသို့ သွားရောက်ဖူးမြော်ကြရာ ဂေါပကအဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။ ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ဘုရားကြီးအား သောက်တော်ရေချမ်းနှင့် ပန်းမန်၊ ဆီမီးတို့ကို ကပ်လှူပူဇော်ပြီး ဖူးမြော်ကြည်ညိုသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ဘုရားကြီးအတွက် ဘက်စုံအလှူတော်ငွေများကို ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်များက လက်ခံရယူကြသည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၄၂)ကြိမ်မြောက် ကျိုင်းတုံမြို့နယ် လားဟူတိုင်းရင်းသားရိုးရာ စုပေါင်းနှစ်သစ်ကူးပွဲတော်၌ ဈေးဆိုင်ခန်းများ ဖွင့်လှစ်ရောင်းချနေမှုကို လိုက်လံကြည့်ရှုစဉ်။

*စာမျက်နှာ ၄ သို့*

*စာမျက်နှာ ၃ မှ*

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် ဘုရားကြီးဌေးသည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးပူဇော်သည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ကျိုင်းတုံမြို့ ပြည်နယ်ကွင်းတွင် ကျင်းပ ပြုလုပ်သည့် (၄၂)ကြိမ်မြောက် ကျိုင်းတုံမြို့နယ် လားဟူတိုင်းရင်းသားရိုးရာ စုပေါင်းနှစ်သစ်ကူးပွဲတော်သို့သွားရောက်၍ ဒေသရိုးရာ အစားအသောက်များ၊ အဝတ်အထည်များ၊ အသုံးအဆောင်ပစ္စည်းများ၊ ဈေးဆိုင်ခန်းများ ဖွင့်လှစ်ရောင်းချနေမှုများကို လိုက်လံကြည့်ရှုပြီး ဈေးရောင်းချနေသူများနှင့် လာရောက်စားသုံးကြသည့် ပြည်သူလူထုများ၊ နှစ်သစ်ကူးပွဲတော်သို့ လာရောက်ဆင်နွှဲကြသည့် လားဟူတိုင်းရင်းသားများ၊ ဒေသခံတိုင်းရင်းသားပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံက တီမောလက်စ်တေ၏ အာဆီယံပဋိညာဉ်နှင့် ဆန့်ကျင်သည့်လုပ်ရပ်အား ကန့်ကွက်ရှုတ်ချ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာနသည် တီမောလက်စ်တေသမ္မတ မစ္စတာ ဟိုဆေး ရာမို့စ် ဟော်တာ က ချင်းလူ့အခွင့်အရေးအဖွဲ့ (Chin Human Rights Organization) အား ၁၄-၁-၂၀၂၆ ရက်တွင် လက်ခံတွေ့ဆုံ၍ ဒေသတွင်းတရားမျှတမှုနှင့် တာဝန်ခံမှုရှိရေး ဆွေးနွေးခဲ့သည့်သတင်းအား တီမောလက်စ်တေသမ္မတရုံး၏ website တွင် တရားဝင်ထုတ်ပြန်ထားခြင်းကို စိတ်မကောင်းဖွယ်တွေ့ရှိခဲ့သည်။

တီမောလက်စ်တေအနေဖြင့် ဒီလီမြို့တွင် ၁-၇-၂၀၂၃ ရက်၌ ကျင်းပခဲ့သော အစိုးရအဖွဲ့ ကျမ်းသစ္စာကျိန်ဆိုသည့် အခမ်းအနားသို့ မြန်မာအစိုးရက မတရားအသင်း ကြေညာထားသော အကြမ်းဖက်အဖွဲ့အစည်း “NUG” မှ ဇင်မာအောင်နှင့်အဖွဲ့အား ဖိတ်ကြားခဲ့ပြီး သမ္မတ မစ္စတာ ဟိုဆေး ရာမို့စ် ဟော်တာ က လက်ခံတွေ့ဆုံခဲ့သည်။

အချုပ်အခြာအာဏာပိုင်နိုင်ငံတစ်နိုင်ငံ၏ တည်ဆဲအစိုးရအပေါ် ဆန့်ကျင်နေသည့် အကြမ်းဖက်အဖွဲ့အစည်းအား ဤကဲ့သို့ ထိတွေ့ဆက်ဆံမှုပြုခြင်းသည် နိုင်ငံတကာ ကျင့်ဝတ်ဖောက်ဖျက်ခြင်းဖြစ်၍ တီမောလက်စ်တေ သံရုံးယာယီတာဝန်ခံအား ၅-၇-၂၀၂၃ ရက်တွင် ဆင့်ခေါ်ကာ ကန့်ကွက်ခဲ့သည်။ ထို့နောက် သံရုံးယာယီတာဝန်ခံကိုလည်း ၁-၉-၂၀၂၃ ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံမှ ထွက်ခွာရန် နှင်ထုတ်ခဲ့သည်။ ထို့အပြင် တီမောလက်စ်တေနိုင်ငံ၏ အာဆီယံအဖွဲ့ဝင် လျှောက်ထားမှုကိုလည်း အာဆီယံပဋိညာဉ်ပါ အခြေခံမှုများကို လိုက်နာခြင်းမရှိ၍ ကန့်ကွက်ကြောင်း အာဆီယံအဖွဲ့ဝင် နိုင်ငံခြားရေးဝန်ကြီးများအားလုံးထံ စာရေးသား ပေးပို့အကြောင်းကြားခဲ့သည်။

အထက်ဖော်ပြပါကိစ္စရပ်များနှင့်စပ်လျဉ်း၍ တီမောလက်စ်တေ နိုင်ငံခြားရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးက (၅၈) ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကျင်းပစဉ်ကာလအတွင်း ၈-၇-၂၀၂၅ ရက်၌ မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ညွှန်ကြားရေးမှူးချုပ် ဦးကျော်ညွှန့်ဦးထံ တွေ့ဆုံခွင့်တောင်းခံ၍ တွေ့ဆုံခဲ့စဉ်တွင်လည်းကောင်း၊ မြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးထံသို့ ၁၀-၇-၂၀၂၅ ရက်တွင် စာပေးပို့၍လည်းကောင်း၊ ၁၈-၉-၂၀၂၅ ရက်တွင် တီမောလက်စ်တေနိုင်ငံခြားရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး မြန်မာနိုင်ငံသို့ လာရောက်သည့် ခရီးစဉ်အတွင်း မြန်မာနိုင်ငံခြားရေးဝန်ကြီးနှင့် တွေ့ဆုံစဉ်တွင်လည်းကောင်း တီမောလက်စ်တေနိုင်ငံသည် အခြားနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်မှုမပြုပါကြောင်းနှင့် အာဆီယံပဋိညာဉ်ပါ အခြေခံမှုများကို အပြည့်အဝ လေးစားလိုက်နာမည်ဖြစ်ပါကြောင်း အကြိမ်ကြိမ်ကတိကဝတ်ပြုခဲ့သည့်အတွက် တီမောလက်စ်တေနိုင်ငံ၏ အာဆီယံအဖွဲ့ဝင်အဖြစ် ဝင်ရောက်ရန် လျှောက်ထားမှုကို မြန်မာနိုင်ငံအနေဖြင့် ဆက်လက်ကန့်ကွက်ခြင်းမပြုတော့ဘဲ အာဆီယံတူညီဆန္ဒဖြင့် လိုက်ပါဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို ၉-၁၀-၂၀၂၅ ရက်တွင် ထိုစဉ်က အာဆီယံအလှည့်ကျဥက္ကဋ္ဌ မလေးရှားနိုင်ငံခြားရေးဝန်ကြီးထံသို့ အသိပေးခဲ့သည်။

တီမောလက်စ်တေနိုင်ငံအနေဖြင့် အာဆီယံပဋိညာဉ်ပါ အခြေခံမှုများနှင့်အညီ အခြားနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ရာရောက်သည့် အပြုအမူများ ဆောင်ရွက်မည်မဟုတ်ကြောင်း အကြိမ်ကြိမ်ကတိပြုခဲ့သော်လည်း မြန်မာနိုင်ငံ၏ တည်ဆဲအစိုးရကို တီမောလက်စ်တေ၏ Public Prosecutor’s Office တွင် တရားစွဲဆိုတိုင်ကြားမည့် ချင်းလူ့အခွင့်အရေးအဖွဲ့အား တီမောလက်စ်တေသမ္မတက လက်ခံတွေ့ဆုံ၍ အားပေးအားမြှောက်ပြုခြင်းသည် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြင်းပင်ဖြစ်သည်။

မြန်မာအစိုးရသည် ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ရာရောက်သည့် တီမောလက်စ်တေနိုင်ငံ၏ အဆိုပါထိတွေ့ဆက်ဆံမှု၏ အကြောင်းအရာ၊ သဘောသဘာဝနှင့် အကျိုးဆက်များအပေါ် ကန့်ကွက်ပြီး တရားဝင်ဆန့်ကျင်ကြောင်း မှတ်တမ်းတင်သည်။ သတင်းမှားများဖြန့်ဝေပြီး မတည်ငြိမ်မှုများကိုလှုံ့ဆော်ရန် ကြိုးပမ်းကာ မြန်မာနိုင်ငံ၏ တည်ငြိမ်အေးချမ်းရေးကို ရည်ရွယ်ချက်ရှိရှိ ထိခိုက်စေရန် ဆောင်ရွက်နေသည့် အစိုးရဆန့်ကျင်ရေးအဖွဲ့များနှင့် တီမောလက်စ်တေအစိုးရက တရားဝင်ထိတွေ့ဆက်ဆံခြင်းသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ အချုပ်အခြာအာဏာကို လေးစားရန်နှင့် အခြားအဖွဲ့ဝင်နိုင်ငံများ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြင်းမှရှောင်ကြဉ်ရန် ပြဋ္ဌာန်းထားသည့် အာဆီယံပဋိညာဉ်ပါ အခြေခံမှုများကို ပြောင်ပြောင်တင်းတင်း ချိုးဖောက်ခြင်းဖြစ်သည်။

အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံဆိုင်ရာ တီမောလက်စ်တေသံရုံးမှ သံရုံးယာယီတာဝန်ခံအား ၁၆-၁-၂၀၂၆ ရက်တွင် နေပြည်တော်သို့ဆင့်ခေါ်၍ တီမောလက်စ်တေ၏ အာဆီယံပဋိညာဉ်ပါ အခြေခံမှုများအား ချိုးဖောက်၍ အခြားနိုင်ငံ၏ ပြည်တွင်းရေးကို စွက်ဖက်မှုအပေါ် ကန့်ကွက်ရှုတ်ချကြောင်းနှင့် ဖြေရှင်းပြန်ကြားပေးရန် တောင်းဆိုကြောင်း ဖော်ပြသည့် သတိထောက်လွှာအား ပေးအပ်ခဲ့သည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်**

# ကျန်းမာရေး စောင့်ရှောက်မှုများ အရည်အသွေးကောင်းမွန်စေရေး၊ ဆေးရုံဝန်ဆောင်မှုလုပ်ငန်းများ ပိုမိုတိုးတက်စေရေး စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်

**ရန်ကုန် ဇန်နဝါရီ ၁၈**

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ဗဟိုအမျိုးသမီးဆေးရုံကြီး(ရန်ကုန်)သို့ သွားရောက်၍ အရေးပေါ်လူနာဌာနတွင် လူနာများ လက်ခံကြည့်ရှုပေးနေမှု၊ အရေးပေါ်ဌာနအဆောက်အအုံ မွမ်းမံပြင်ဆင်ထားရှိမှု၊ သွေးလှူဘဏ်နှင့် ခွဲစိတ်ခန်းဌာနတို့တွင် အရေးပေါ်သွေးနှင့် သွေးပစ္စည်းများ ထုတ်ပေးနိုင်ရေးပြင်ဆင်ထားရှိမှု၊ အရေးပေါ်ခွဲစိတ်စစ်ဆေးမှုများ ၂၄ နာရီဆောင်ရွက်ပေးနိုင်ရန် စီစဉ်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လာရောက်ကုသမှုခံယူသော လူနာနှင့်မိသားစုများ၊ ကျန်းမာရေးဝန်ထမ်းများကို တွေ့ဆုံ နှုတ်ဆက်အားပေးစကား ပြောကြားသည်။



ထို့နောက် ဆေးရုံကြီး၏ အစည်းအဝေးခန်းမ၌ ဆေးရုံအုပ်ကြီး၊ ပါမောက္ခ/ အထူးကု ဆရာဝန်ကြီးများ၊ သူနာပြုကြီးများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးက ဗဟိုအမျိုးသမီးဆေးရုံကြီး(ရန်ကုန်)သည် ကိုယ်ဝန်ဆောင်မိခင်များ၊ အမျိုးသမီးရောဂါများအတွက် မြန်မာနိုင်ငံတွင် အကြီးဆုံးကုသရေးဌာနဖြစ်ရာ ကျန်းမာရေးစောင့်ရှောက်မှုများ အရည်အသွေး ကောင်းမွန်စေရေး၊ ဆေးရုံဝန်ဆောင်မှုလုပ်ငန်းများ ပိုမိုတိုးတက်စေရေးအတွက် စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုပါကြောင်း၊ သင်ကြားရေးဆေးရုံကြီးလည်းဖြစ်သည့်အတွက် မျိုးဆက်သစ်သားဖွားမီးယပ် အထူးကု ဆရာဝန်များ၊ လက်ထောက်ဆရာဝန်များ ကုသမှုအရည်အသွေး ကောင်းမွန်စေရေး လေ့ကျင့်မွေးထုတ်မှုသာမက ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်နှင့် တိုက်နယ်ဆေးရုံများ၌ မိခင်ကလေး ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ကုသမှုအရည်အသွေး ပိုမိုကောင်းမွန်စေရေးအတွက်လည်း လိုအပ်သည်များ အကြံပြုသင်ကြားဆောင်ရွက်ပေးကြစေလိုကြောင်း။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ သူနာပြုသင်တန်းကျောင်းများကို သူနာပြုသိပ္ပံများအဖြစ် ပြောင်းလဲဖွင့်နိုင်ရေးနှင့် သူနာပြုများ၏ ရာထူးတိုးမြှင့်ရေးကိစ္စများကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ သားသမီးမရသည့် ဇနီးမောင်နှံများအတွက် သားသမီးရရှိစေရေး ခေတ်မီနည်းပညာများ အသုံးပြုကာ စစ်ဆေးဆောင်ရွက်ပေးနေသည့် Fertility Centre ကိုလည်း ယခုထက် ပိုမိုတိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်ကြရန်ဖြစ်ပြီး လိုအပ်ချက်များကို ပံ့ပိုးပေးမည်ဖြစ်ကြောင်း၊ ဆေးရုံကြီးဥပဓိရုပ်ကောင်းမွန်စေရေးအတွက် ဆေးရုံဝန်ထမ်းအားလုံးပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပြီး ပြင်ဆင်မွမ်းမံမှုများ ဆောင်ရွက်ရာတွင် ရှေးဟောင်းအဆောက်အအုံဖြစ်သည်နှင့်အညီ မူလအဆောက်အအုံ၏ မူဟန်မပျက် ပြုပြင်ဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာ ပညာရှင်များနှင့် ညှိနှိုင်းတိုင်ပင်ဆောင်ရွက်ရန်ဖြစ်ပါကြောင်း၊ နိုင်ငံတော်က ပံ့ပိုးပေးလျက်ရှိသည့် ထောက်ပံ့မှုများကို လူနာများအကျိုးရှိစွာ ခံစားရရှိစေရေး အားလုံးပူးပေါင်းဆောင်ရွက်ကြရန် မှာကြားသည်။

ယင်းနောက် တက်ရောက်လာကြသည့် ပါမောက္ခ/ အထူးကုဆရာဝန်ကြီးများနှင့် ကျန်းမာရေးဝန်ထမ်းများက လုပ်ငန်းဆောင်ရွက်မှုနှင့် လိုအပ်ချက်များ တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး မွေးကင်းစကလေးကြည့်ရှုကုသမှုအခြေအနေများကို လှည့်လည်ကြည့်ရှုကာ လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကလေးဆေးရုံကြီး(ရန်ကုန်)သို့ သွားရောက်၍ အရေးပေါ်နှင့် ပြင်ပလူနာဌာန၊ သွားနှင့်ခံတွင်းကုသခန်း၊ ကာကွယ်ဆေးထိုးနှံတိုက်ကျွေးသည့်အခန်းတို့ကိုကြည့်ရှု၍ လိုအပ်သည်များ မှာကြားကာ အသက် နှစ်နှစ်ရှိပြီဖြစ်သည့် ရင်ချင်းဆက်အမြွှာ မကြာညိုသင်းနှင့် မကြာညိုသိမ့်တို့ကို ကြည့်ရှုစောင့်ရှောက်မှုပေးနေသည့်အခြေအနေကို သွားရောက်ကြည့်ရှုပြီး ရင်ချင်းဆက်အမြွှာများ ခွဲစိတ်ကုသမှုဆောင်ရွက်နိုင်ရေး စီစဉ်ထားရှိမှုများနှင့် ပတ်သက်၍ လိုအပ်သည်များ ဖြည့်ဆည်းမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်

**နေပြည်တော် ဇန်နဝါရီ ၁၈**

ဇန်နဝါရီ ၁၉ ရက်တွင် နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်၌ အများအားဖြင့် သာယာမည်။ ဇန်နဝါရီ ၂၀ ရက်တွင် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်သည်။

**မိုး/ဇလ**

# တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**ကြေညာချက်အမှတ်( ၁၇ / ၂၀၂၆ )**

၁၃၈၇ ခုနှစ်၊ တပို့တွဲလဆန်း ၁ ရက်
(၂၀၂၆ ခုနှစ်၊ ဇန်နဝါရီ လ ၁၈ ရက်)

**တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာခြင်း**

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင်စတင်၍ အပိုင်းလိုက်ကျင်းပသည့် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲတွင် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲများက တိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၄၉ (ခ)နှင့်အညီ ထုတ်ပြန်ကြေညာ ချက်များအရ အောက်ဖော်ပြပါပုဂ္ဂိုလ်များသည် ယှဉ်တွဲပါ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များအဖြစ် ရွေးကောက်တင်မြှောက်ခံရသူများဖြစ်ကြောင်း ကြေညာလိုက်သည်-

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေး ကတ်အမှတ် | မဲဆန္ဒနယ်/ ကိုယ်စားလှယ်အမှတ် | ကိုယ်စားပြုပါတီ/ တစ်သီးပုဂ္ဂလ |
|---|---|---|---|---|
| **ကချင်ပြည်နယ်(မဲအများဆုံးရသူအနိုင်ယူစနစ်)** | | | | |
| (၁) | ဦးရားဝမ်ဂျို | ၁/ပတအ(နိုင်) ၀၁၇၃၅၄ | မချမ်းဘောမြို့နယ် ကိုယ်စားလှယ်အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂) | ဒေါ်မိုးသီတာသိန်း | ၁/မကန(နိုင်) ၀၁၈၁၇၅ | ဝိုင်းမော်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| **ကချင်ပြည်နယ်(အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် ( ၁ )** | | | | |
| (၃) | ဦးချန်းဂျောင်ဆားရ် | ၁/ပတအ(နိုင်) ၀၁၆၇၇၇ | ဝိုင်းမော်မြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၄) | ဦးရဲရင့်ဆွေ | ၉/စကန(နိုင်) ၀၆၃၀၁၅ | တနိုင်းမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၅) | ဦးခေါ်ဆာ | ၁/ဝမန(နိုင်) ၀၀၄၃၈၃ | ပူတာအိုမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၆) | ဦးကွမ်ငါးနော်အောင် | ၁/မခဘ(နိုင်) ၀၀၁၃၆၁ | ချီဖွေမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၇) | ဦးနီးဆာ | ၁/မကန(နိုင်) ၁၅၆၅၀၀ | ဆွမ်ပရာဘွမ်မြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | လီဆူအမျိုးသားဖွံ့ဖြိုး တိုးတက်ရေးပါတီ |
| (၈) | ဦးလဟန်ဇောင်းခေါင် | ၁/ဝမန(နိုင်) ၀၀၁၉၅၉ | ဆော့လော်မြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ဒီမိုကရေစီပါတီသစ် (ကချင်)ပါတီ |
| (၉) | ဦးဂျေဇာဒီး | ၁/ခဘဒ(နိုင်) ၀၀၄၆၇၆ | ခေါင်လန်ဖူးမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးပါတီ |
| (၁၀) | ဦးဆမ်ဘုံဆင် | ၁/ပတအ(နိုင်) ၀၂၇၈၅၃ | နောင်မွန်းမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ကချင်ပြည်နယ် ပြည်သူ့ပါတီ |
| (၁၁) | ဦးငွါးခီဆာ | ၁/ပတအ(နိုင်) ၀၄၂၂၃၆ | မချမ်းဘောမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | မြန်မာနိုင်ငံတောင်သူ လယ်သမား ဖွံ့ဖြိုးတိုးတက်ရေးပါတီ |
| **ကယားပြည်နယ်(မဲအများဆုံးရသူအနိုင်ယူစနစ်)** | | | | |
| (၁၂) | ဦးစိုးရယ် | ၂/ဒမဆ(နိုင်) ၀၁၃၉၃၁ | ဒီးမော့ဆိုမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၃) | ဦးဂျိုးဇက်ကျော် | ၂/ဖရဆ(နိုင်) ၀၀၁၁၅၃ | ဖရူဆိုမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| **ကယားပြည်နယ်(အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် ( ၁ )** | | | | |
| (၁၄) | ဦးအုံ့မော် | ၇/ပမန(နိုင်) ၁၁၅၇၈၂ | လွိုင်ကော်မြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၅) | ဦးပိုးရယ်အောင်သိန်း | ၂/လကန(နိုင်) ၀၀၉၁၇၅ | ဒီးမော့ဆိုမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၆) | ဦးရဲဝင်း | ၂/ရတန(နိုင်) ၀၀၀၂၃၂ | ဖရူဆိုမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၇) | ဒေါ်နှင်းနှင်းရီ | ၂/လကန(နိုင်) ၀၆၆၂၆၁ | ဖားဆောင်းမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၈) | ဦးဇော်မင်းဦး | ၂/လကန(နိုင်) ၀၅၃၇၄၈ | မယ်စဲ့မြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ကယားပြည်နယ် ပြည်သူ့ပါတီ |
| (၁၉) | ဦးစောဒီးဒီ | ၂/လကန(နိုင်) ၀၀၉၉၁၅ | ဘောလခဲမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ကယားပြည်နယ် ပြည်သူ့ပါတီ |
| (၂၀) | ဦးစိုးညွန့် | ၂/ဘလခ(နိုင်) ၀၀၀၄၁၉ | ရှားတောမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်သူ့ရှေ့ဆောင်ပါတီ |
| **စစ်ကိုင်းတိုင်းဒေသကြီး(မဲအများဆုံးရသူအနိုင်ယူစနစ်)** | | | | |
| (၂၁) | ဦးထွန်းထွန်း | ၅/ကလဝ(နိုင်) ၀၃၀၇၆၄ | ကလေးဝမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၂) | ဦးဆန်းဝင်း | ၅/မကန(နိုင်) ၀၀၄၉၈၃ | မင်းကင်းမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၃) | ဦးတင်မင်းထွဋ် | ၅/ဖပန(နိုင်) ၀၄၃၉၃၀ | ဖောင်းပြင်မြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၄) | ဦးမြင့်တင် | ၅/ကလန(နိုင်) ၀၄၀၄၄၈ | ကျွန်းလှမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| **စစ်ကိုင်းတိုင်းဒေသကြီး(အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် ( ၁ )** | | | | |
| (၂၅) | ဦးလှထွန်း | ၅/လရန(နိုင်) ၀၀၀၄၁၃ | နန်းယွန်းမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၆) | ဦးထန်ငူ | ၅/လဟန(နိုင်) ၀၁၉၆၆၆ | လဟယ်မြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၇) | ဦးရှုမောင် | ၅/ခတန(နိုင်) ၀၁၄၇၄၆ | လေရှီးမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | နာဂအမျိုးသားပါတီ |
| (၂၈) | ဦးမင်းဇော် | ၅/မလန(နိုင်) ၀၀၀၀၃၃ | ကလေးမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၉) | ဦးအောင်ဇော်ဝင်း | ၅/ဟမလ(နိုင်) ၀၃၇၆၇၃ | ဟုမ္မလင်းမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၃၀) | ဦးတင်မောင်မြင့် | ၅/ကလဝ(နိုင်) ၀၀၄၀၉၂ | ဖောင်းပြင်မြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၃၁) | ဦးမော်လိပ် | ၅/လဟန(နိုင်) ၀၁၂၀၄၃ | တမူးမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | နာဂအမျိုးသားပါတီ |
| (၃၂) | ဦးအောင်နိုင်သူ | ၅/လရန(နိုင်) ၀၀၄၈၄၃ | ခန္တီးမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | နာဂအမျိုးသားပါတီ |
| (၃၃) | ဦးမြင့်ကျော် | ၅/ကလဝ(နိုင်) ၀၀၂၅၂၉ | မင်းကင်းမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးပါတီ |
| (၃၄) | စိုင်းအောင်ခမ်း | ၅/ဟမလ(နိုင်) ၀၄၀၈၀၀ | မော်လိုက်မြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးပါတီ |
| (၃၅) | ဦးရဲနောင် | ၁/ကမန(နိုင်) ၀၄၄၀၀၅ | ကလေးဝမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ရှမ်းနီ(တိုင်းလျှန်)သွေးစည်း ညီညွတ်ရေးပါတီ |
| **စစ်ကိုင်းတိုင်းဒေသကြီး(အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် ( ၃ )** | | | | |
| (၃၆) | ဦးမျိုးသန့် | ၅/ကသန(နိုင်) ၀၁၀၈၂၁ | ကန့်ဘလူမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၃၇) | ဦးကျော်လွင်ဦး | ၅/အတန(နိုင်) ၀၀၀၀၅၈ | ကသာမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၃၈) | ဦးကျော်သူ | ၅/ကသန(နိုင်) ၀၀၂၇၁၅ | ကောလင်းမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၃၉) | ဒေါ်ခင်ဝင်းကြည် | ၅/ဗမန(နိုင်) ၀၀၀၀၉၅ | ထီးချိုင့်မြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၄၀) | ဦးကျော်စိုး | ၅/ကသန(နိုင်) ၀၁၀၆၅၀ | ဗန်းမောက်မြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၄၁) | ဦးမင်းအောင် | ၅/ထခန(နိုင်) ၀၅၁၄၃၂ | ပင်လယ်ဘူးမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၄၂) | ဦးသက်လွင် | ၅/ကသန(နိုင်) ၀၅၇၅၃၆ | အင်းတော်မြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးပါတီ |
| (၄၃) | ဒေါ်မာမာဝင်း | ၅/ကသန(နိုင်) ၀၇၉၄၆၆ | ကျွန်းလှမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးပါတီ |
| (၄၄) | ဦးအောင်ဇော်မင်း | ၅/ကသန(နိုင်) ၀၆၈၂၃၈ | ဝန်းသိုမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးပါတီ |

**( ပုံ ) သန်းစိုး**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# သည်ဟိတ်ဂ်ရောက် မြန်မာကိုယ်စားလှယ်အဖွဲ့နှင့်အတူ တစ်မျိုးသားလုံးက ဝန်းရံရပ်တည်နေပါသည်

မြန်မာနိုင်ငံမှာ အများစု ဗုဒ္ဓဘာသာဝင်ပြည်သူတွေက အနည်းစုအခြားဘာသာဝင်တွေနဲ့ အတူ အေးချမ်းစွာ အတူယှဉ်တွဲနေထိုင်ကြပါတယ်။ အရေးကြုံတိုင်း အပြန်အလှန်ကူညီထောက်ပံ့အားပေးကြပါတယ်။ ၁၃၅ မျိုး မည်သောတိုင်းရင်းသားမျိုးနွယ်စုတွေဟာ အေးအတူ၊ ပူအမျှ လက်တွဲနေထိုင်ကြပါတယ်။ ပြဿနာတွေ ဖြစ်လာတိုင်းလည်း လက်တွဲဖြေရှင်းလေ့ရှိကြတယ်။ ဒါပေမယ့် မြန်မာနိုင်ငံမှာ နိုင်ငံရေးဖြစ်စဉ်တစ်ခုဖြစ်တိုင်း ယှဉ်တွဲပါလာလေ့ရှိတဲ့ အချုပ်အခြာဆိုင်ရာ ပြဿနာတစ်ခုက အမြဲရှိနေတတ်ပါတယ်။ လူ့အခွင့်အရေး၊ လူသားချင်းစာနာထောက်ထားမှု၊ လူမျိုးတုံးသတ်ဖြတ်မှု စတဲ့၊ စတဲ့ အကြောင်းအမျိုးမျိုးပြခေါင်းစဉ်အမျိုးမျိုးအောက်မှာ ပွဲလန့်ဖျာခင်းပြီး နိုင်ငံရဲ့တစ်စိတ်တစ်ဒေသကို ချိုးဖဲ့သိမ်းယူလိုတဲ့ အကြံအစည်တွေ အမြဲပါလာလေ့ရှိပါတယ်။ ဒါကြောင့် အမျိုးသားအကျိုးစီးပွားနဲ့ ပတ်သက်နေတဲ့ အဲဒီအမျိုးသားအရေးကို ကျွန်တော်တို့မြန်မာပြည်သူတွေ အမြဲနားစွင့်ထားရပါမယ်။ အထူးသတိထားကြရပါမယ်။

## အကျိုးစီးပွား၊ အချုပ်အခြာနှင့် ဂုဏ်သိက္ခာအတွက်

ယခုလည်း နယ်သာလန်နိုင်ငံ၊ သည်ဟိတ်ဂ်မြို့၊ အပြည်ပြည်ဆိုင်ရာတရားရုံးမှာ ဇန်နဝါရီလ ၁၂ ရက်ကနေ ၂၉ ရက်နေ့အထိ ပြုလုပ်နေတဲ့ မြန်မာနဲ့ ဂမ်ဘီယာတို့ရဲ့ အမှုနဲ့ပတ်သက်တဲ့ ကြားနာပွဲကို ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နဲ့ ဒေါက်တာသီတာဦးတို့ ခေါင်းဆောင်တဲ့ ကိုယ်စားလှယ်အဖွဲ့တက်ရောက်နေကြပြီး နှစ်ကြိမ် လျှောက်လဲချက်များ ပေးသွားမှာ ဖြစ်ပါတယ်။ မြန်မာတိုင်းရင်းသားလူမျိုးမှာ ဘယ်တုံးကမှ မပါဝင်ခဲ့တဲ့ လူမျိုးတစ်ခုအရေးကိစ္စမှာ ဘယ်ကိုယ်ကျိုးစီးပွားမှ ထိခိုက်မှုမရှိတဲ့ အနောက်အာဖရိကက ဂမ်ဘီယာဆိုတဲ့ နိုင်ငံငယ် တစ်နိုင်ငံက ICJ မှာ အာရှတိုက်က မြန်မာနိုင်ငံအပေါ် တရားစွဲခဲ့တဲ့အပေါ်မှာ လျှောက်လဲမှာဖြစ်ပါတယ်။ ဆင်ခြင်တုံတရား ရှိမှု/မရှိမှု၊ လွတ်လပ်မှု ရှိ/မရှိ၊ တရားမျှတမှု ရှိ/မရှိ၊ ဓမ္မနဲ့အဓမ္မအကြား ရင်ဆိုင်ဖြေရှင်းရတဲ့ အမျိုးသားအကျိုးစီးပွားဆိုင်ရာ တိုက်ပွဲတစ်ခုဖြစ်တဲ့အတွက် မြန်မာကိုယ်စားလှယ်အဖွဲ့ဟာ နိုင်ငံအတွက် အကောင်းဆုံးဖြစ်အောင် အစွမ်းကုန်ကြိုးစားမယ့်သူတွေ ဖြစ်ပါတယ်။ သူ့အလုပ်သူလုပ်၊ ကိုယ့်အလုပ်ကိုယ်လုပ်ကြမယ့်သူတွေပါ။ ဒါကြောင့်လည်း မြန်မာပြည်သူတစ်ရပ်လုံးက မှန်ကန်တဲ့ ဓမ္မဘက်မှာသာ အခိုင်အမာရပ်တည်နေကြခြင်း ဖြစ်ပါတယ်။

မဝေးလှတဲ့ အတိတ်ကို ပြန်လှန်ရရင် ဒီဇာတ်လမ်းက ၂၀၁၆–၁၇ ဘင်္ဂလားဒေ့ရှ်ကနေ ARSA အကြမ်းဖက်သမားတွေ ရခိုင်ဒေသမြောက်ပိုင်းက ရဲစခန်း ၃၀ ခန့်ကို ဝင်ရောက်ကျူးကျော်တိုက်ခိုက်မှုကြောင့် **မြန်မာ့တပ်မတော်က ပြန်လည်တွန်းလှန်တိုက်ခိုက်ခဲ့တဲ့ အကြမ်းဖက်ချေမှုန်းရေးစစ်ဆင်ရေး (Counter – TerrorisOperation) လုပ်ချိန်မှာ ARSA က ဘင်္ဂါလီတွေကို လူသားဒိုင်းအဖြစ် အသုံးပြုခဲ့ပြီး တစ်ဖက်နိုင်ငံထဲကိုလည်း သူတို့ကိုယ်တိုင်ခြိမ်းခြောက်မောင်းထုတ်ခဲ့တဲ့အတွက်** ဘင်္ဂါလီတွေ ဘင်္ဂလားဒေ့ရှ်နယ်ထဲ ထွက်ပြေးခဲ့ရာက စခဲ့တဲ့ ဇာတ်လမ်းပါ။

ဒီဖြစ်စဉ်ကို ဘုမသိ ဘမသိဘဲ Genocide ခေါင်းစဉ်တပ်ပြီး OIC ကိုယ်စား ဂမ်ဘီယာက ၂၀၁၉ ခုနှစ် နိုဝင်ဘာလ ၁၁ ရက်နေ့မှာမြန်မာနိုင်ငံကို တရားစွဲဆိုခဲ့ပါတယ်။ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလ၊ ပထမဆုံးကြားနာပွဲမှာ မြန်မာကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့ သွားရောက်ပြီး ဖြေရှင်းခဲ့တယ်။ ထိုအချိန်ထိုအခါက သွားရောက်ဖြေရှင်းခဲ့မှုရဲ့ ရလဒ်အနေနဲ့တော့ မြန်မာ့တပ်မတော်အပေါ် နိုင်ငံတကာဖိအားတစ်ခု ပိုတိုးလာခဲ့ကြောင်းသာ ထင်မြင်မိတယ်။ ကြားနာဆဲကာလတစ်လျှောက်မှာ ချမှတ်ခဲ့တဲ့ ကြားဖြတ်အမိန့်ကိုလည်း မြန်မာဘက်က တိတိကျကျ လိုက်နာဆောင်ရွက်ခဲ့တယ်။ ပေးပို့ရမယ့် အစီရင်ခံစာတွေကိုလည်း ပေးပို့ခဲ့တယ်။ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလမှာ မြန်မာဘက်က ဥပဒေကြောင်းအရ ကနဦးကန့်ကွက် လျှောက်လဲချက်တွေ တင်ပါတယ်။

## မြန်မာဘက်မှာ ခိုင်လုံသော သက်သေအထောက်အထားများ ရှိပြီးဖြစ်

**ARSA အဖွဲ့ရဲ့ အကြမ်းဖက်တိုက်ခိုက်မှုကြောင့်သာ မြန်မာဘက်က အကြမ်းဖက်ချေမှုန်းရေးစစ်ဆင်ရေး ပြုလုပ်ခဲ့ခြင်းဖြစ်ပါတယ်။** မြန်မာဘက်က စခဲ့တဲ့ ပဋိပက္ခမဟုတ်ဘူးဆိုတာ ရှင်းပါတယ်။ အကြမ်းဖက်သမားတွေကိုသာ ပြန်လည်တိုက်ခိုက်ခဲ့ပြီး လူမျိုးစုတွေကို ဖျက်ဆီးဖို့ ကြံရွယ်ချက်လည်း မရှိခဲ့ပါ။ ဖျက်ဆီးဖို့ အကြောင်းလည်းမရှိပါ။ **အကြမ်းဖက်ချေမှုန်းရေးစစ်ဆင်ရေးမှာ ARSA ရဲ့ လူသားဒိုင်းအဖြစ် အသုံးပြုခံရတာကြောင့် ဘင်္ဂါလီ အချို့သေကျေထိခိုက်မှုတွေ ရှိခဲ့ပါတယ်။**

အခု တွေ့ရတဲ့ ဂမ်ဘီယာရဲ့ စွပ်စွဲချက်တွေဟာ မြန်မာနိုင်ငံကို ဆန့်ကျင်တဲ့ လူတစ်ဦးချင်းရဲ့ ပုဂ္ဂလိကအမြင်တွေနဲ့ တစ်ဖက်သတ် ပြောစကားတွေကို အခြေခံထားတာဖြစ်တယ်။ မြေပြင်ကို ကွင်းဆင်းစစ်ဆေးထားခြင်းမရှိ၊ ခိုင်လုံမှုမရှိ၊ အထောက်အထားမဲ့တွေ ဖြစ်နေတယ်။ အချို့အချက်အလက်တွေဟာ လုပ်ကြံဖန်တီးချက်တွေ ဖြစ်နေတယ်။ မြန်မာဘက်က မွတ်ဆလင်တွေကို ဖျက်ဆီးတယ်၊ ဘင်္ဂါလီတွေကို ဖျက်ဆီးတယ်ဆိုရင် ယခုအချိန်ထိ ရခိုင်ပြည်နယ်မှာ ဘာကြောင့် မွတ်ဆလင်တွေ ရှိနေသေးသလဲ၊ ဘာကြောင့် သူတို့တွေ အကြောက်အလန့်မရှိ မြန်မာနိုင်ငံမှာ နေထိုင်ရဲကြပါသလဲ။ ကြောက်စရာကောင်းတယ်ဆိုတဲ့ ဒီလိုနိုင်ငံထဲ ဘာကြောင့် အတင်းဝင်ချင်နေကြရတာလဲ။ ထိုအချက်များက ရခိုင်ပြည်နယ်မှာ Genocide ဖြစ်စဉ် လုံးဝမရှိခဲ့ဘူးဆိုတဲ့ သက်သေသာဓကတွေ ပါပဲ။

ဒါပေမယ့် မခိုင်လုံတဲ့ အရင်းအမြစ်ပေါင်းစုံကနေ အထောက်အထားများစွာနဲ့ တင်သွင်းလာတဲ့ ဂမ်ဘီယာနဲ့ ပြန်လည်ချေပလွှာတင်သွင်းမယ့် မြန်မာနိုင်ငံကိုယ်စားလှယ်အဖွဲ့တွေဟာ သည်ဟိတ်ဂ်မှာ နှစ်ဖက် ရင်ဆိုင်တွေ့နေကြပါပြီ။ မြန်မာဘက်က ယခုလို အရေးတယူသွားရောက် ဖြေရှင်းပေးတာကို ကမြန်မာနိုင်ငံရဲ့ဂုဏ်သိက္ခာကို နိုင်ငံတကာအလယ်မှာ သိစေချင်တဲ့သဘောကို ဆောင်နေပါတယ်။ နိုင်ငံတကာဥပဒေတွေကို လေးစားလျက်ရှိကြောင်း သက်သေပြရာလည်း ရောက်ပါတယ်။ တရားရုံးကိုလည်း ယုံကြည်ချက်ရှိစွာနဲ့ မြန်မာဘက်က အပြုသဘောဆောင်ရွက်နေကြောင်း ပြသဖို့ ရည်ရွယ်ပါတယ်။ မြန်မာကိုယ်စားလှယ်များအနေနဲ့ တစ်ဖက်က အသေးစိတ်ပြုစုပြီး ဘက်ပေါင်းစုံကနေ စွပ်စွဲထားတဲ့ လျှောက်လဲချက်တွေကို အစွမ်းကုန်ခုခံကာကွယ်သွားမှာ ဖြစ်ပါတယ်။ သူတို့ကိုးကားတဲ့ အချက်အလက်များ မှားယွင်းကြောင်း ငြင်းပယ်ချေဖျက်မှာ ဖြစ်ပါတယ်။ ၂၀၁၆–၁၇ ခုနှစ်က ARSA အကြမ်းဖက်သမားတွေနဲ့ ဘင်္ဂါလီအချို့က ရခိုင်၊ မြန်မာလူနည်းစုတွေနဲ့ မြန်မာလုံခြုံရေးတပ်ဖွဲ့ဝင်တွေအပေါ် ရက်ရက်စက်စက် သတ်ဖြတ်ခဲ့ကြတဲ့ သက်သေအထောက်အထားတွေကိုလည်း ပြသပြီး ရင်ဆိုင်ဖြေရှင်းကြမယ်လို့ ယူဆရပါတယ်။

ဒါကြောင့်လည်း မြန်မာပြည်သူတွေက မြန်မာနိုင်ငံရဲ့ ဂုဏ်သိက္ခာကို ကာကွယ်စောင့်ရှောက်ပြီး တိုင်းပြည်တာဝန် ထမ်းရွက်နေတဲ့ မြန်မာကိုယ်စားလှယ်အဖွဲ့ကို ထောက်ခံအားပေးကြခြင်း ဖြစ်ပါတယ်။ မလွယ်မှန်းသိပေမဲ့ နိုင်ငံနဲ့ပြည်သူအတွက်၊ အနာဂတ်သားစဉ်မြေးဆက်တွေအတွက်ပါ ဖြေရှင်းနေကြတဲ့ သည်ဟိတ်ဂ်ရောက် မြန်မာကိုယ်စားလှယ်တွေကို သူရဲကောင်းပညာရှင်များသဖွယ် အားကိုးယုံကြည်ပါကြောင်း ပြောပါရစေ။ အမှန်တရားနတ်စောင့်တဲ့အတွက် အောင်မြင်ပါစေလို့လည်း ဆုတောင်းပါတယ်။ ပြည်သူနဲ့ တစ်သားတည်းရှိတဲ့ သစ္စာတရားကြောင့် အကောင်းဆုံးဆောင်ရွက်နိုင်ကြမယ်လို့လည်း ယုံကြည်ပါတယ်။ သည်ဟိတ်ဂ်မှာ သွားရောက်ဖြေရှင်းနေကြတဲ့ ကိုယ်စားလှယ်များဟာ သူတို့အကျိုးအတွက် မဟုတ်ဘဲ နိုင်ငံနဲ့လူမျိုးအကျိုး အတွက်သာ ဖြစ်ပါတယ်။ နိုင်ငံနဲ့ပြည်သူရဲ့ ဂုဏ်သိက္ခာကို မြှင့်တင်ဖို့ ဖြစ်ပါတယ်။ အချုပ်အခြာနဲ့ သာသနာတော်ကို ကာကွယ်စောင့်ရှောက်ဖို့ ဖြစ်ပါတယ်။ OIC က ပံ့အောထားတဲ့ ဒေါ်လာနဲ့ နိုင်ငံနဲ့လူမျိုး၊ ဘာသာသာသနာကို ချနင်းပြီး ခိုင်းသမျှလုပ်နေကြတဲ့ လူတစ်သိုက်ရဲ့ လိုလားချက်တွေ အောင်မြင်မှုမရအောင် သွားရောက်ဖြေရှင်းနေကြခြင်းဖြစ်ပါတယ်။ နိုင်ငံတကာအလယ်မှာ မိမိဘက်က မှန်ကန်ကြောင်း သက်သေပြခွင့်ရမယ်ဆိုတဲ့ အခိုင်အမာယုံကြည်ချက်ကြောင့်လည်း ဖြစ်ပါတယ်။

> **“ သည်ဟိတ်ဂ်မှာ သွားရောက်ဖြေရှင်းနေကြတဲ့ ကိုယ်စားလှယ်များဟာ သူတို့အကျိုးအတွက်မဟုတ်ဘဲ နိုင်ငံနဲ့လူမျိုးအကျိုးအတွက်သာ ဖြစ်ပါတယ်။ နိုင်ငံနဲ့ပြည်သူရဲ့ ဂုဏ်သိက္ခာကို မြှင့်တင်ဖို့ ဖြစ်ပါတယ်။ အချုပ်အခြာနဲ့ သာသနာတော်ကို ကာကွယ်စောင့်ရှောက်ဖို့ ဖြစ်ပါတယ်။ OIC က ပံ့အောထားတဲ့ ဒေါ်လာနဲ့ နိုင်ငံနဲ့လူမျိုး၊ ဘာသာသာသနာကို ချနင်းပြီး ခိုင်းသမျှလုပ်နေကြတဲ့ လူတစ်သိုက်ရဲ့ လိုလားချက်တွေ အောင်မြင်မှုမရအောင် သွားရောက်ဖြေရှင်းနေကြခြင်းဖြစ်ပါတယ်။ နိုင်ငံတကာအလယ်မှာ မိမိဘက်က မှန်ကန်ကြောင်း သက်သေပြခွင့်ရမယ်ဆိုတဲ့ အခိုင်အမာယုံကြည်ချက်ကြောင့်လည်း ဖြစ်ပါတယ် ”**

စွမ်းပြည့်

ယခုတစ်ကြိမ်မှာ ဂမ်ဘီယာဘက်က လျှောက်လဲသူ လူတစ်စုဟာ ဗုဒ္ဓဘာသာရဲ့ အသည်းနှလုံးကိုပါ လုံ့နဲ့ထိုးဆွသလို တိုက်ခိုက်လာကြပြန်ပါပြီ။ တစ်ပြိုင်တည်း ကမ္ဘာ့ငြိမ်းချမ်းရေးနဲ့ စည်ပင်ဖွံ့ဖြိုးရေးလှိုင်းနဲ့အတူ တရိပ်ရိပ်တက်လာနေတဲ့ ဗုဒ္ဓသာသနာ အညွန့်အရွက်တွေ မစည်ပင်၊ မဝေဆာအောင် ကြိုးစားနေဟန် ရှိပါတယ်။ ထေရဝါဒမြန်မာနိုင်ငံနဲ့ ကမ္ဘာ့ဗုဒ္ဓမဏ္ဍိုင်ကို ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်ဖြိုလှဲဖို့ မိစ္ဆာဒိဋ္ဌိတို့ရဲ့ ကြိုးစားအားထုတ်မှုတစ်ခုအဖြစ် မြင်နိုင်ပါတယ်။ ယူဆမိတာက ပြည်တွင်းပြည်ပ အဖျက်အုပ်စုတွေဟာ မြန်မာနိုင်ငံက လူတစ်ဦးချင်းကို ပစ်မှတ်ထားတာထက် တပ်မတော်ကြီးကို ပြိုကွဲအောင်အပြင် မြန်မာနိုင်ငံမှာ ဘာသာသနာပါ ပျောက်ကွယ်အောင် ဟန်ချက်ညီညီ ကြံစည်နေကြတယ်ဆိုတဲ့ သဘောကို ဆောင်နေကြောင်း သတိပြုရမှာ ဖြစ်ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ဗုဒ္ဓဘာသာရဟန်းတော်တွေကို စော်ကားခြင်းဟာ နိုင်ငံသားအားလုံးကို စော်ကားလိုက်ခြင်းအဖြစ် ခံယူထားပြီး ဘာသာသာသနာကို ကာကွယ်စောင့်ရှောက်ရမှာ ဖြစ်ပါတယ်။

အချုပ်အားဖြင့် ယနေ့ ICJ မှာ ရင်ဆိုင်နေရတဲ့ အရေးက မြန်မာတစ်မျိုးသားလုံးရဲ့ အရေးဖြစ်ပါတယ်။ အမျိုးသားအကျိုးစီးပွားနဲ့ အမျိုးသားဂုဏ်သိက္ခာကို ထင်ဟပ်နေတဲ့၊ အမျိုးသားရေးဖြစ်တဲ့ အတွက် မြန်မာပြည်သူတစ်ရပ်လုံးက နိုင်ငံတော်ဘက်မှာသာ ရပ်တည်နေခြင်းဖြစ်ပါတယ်။ လူမျိုးခြားတွေနဲ့အရေးမို့ အလေးထားရမယ့်တာဝန်တစ်ရပ်လည်း ဖြစ်ပါတယ်။ လူမျိုးခြားတွေရဲ့ စနစ်တကျနယ်မြေပိုင်နက် စိုးမိုးရေးလုပ်ဆောင်ချက်တွေကို အစွမ်းရှိသမျှ ကာကွယ်တိုက်ဖျက်ကြရမှာ ဖြစ်ပါတယ်။ တိုင်းရင်းသားအမည် ဖြစ်ခွင့်မရှိတဲ့ ခိုးဝင်လူမျိုးတို့ရဲ့ အမည်ကို လုံးဝလက်ခံလို့ မရပါဘူး။ ထိုလူမျိုးတွေကိုလည်း မြန်မာနိုင်ငံသားဖြစ်ခွင့် လုံးဝမပေးလို့ မရပါ။ ထိုအမည်နဲ့ ပြည်နယ်ထူထောင်ခွင့် စိတ်ကူးယဉ်ခွင့် မရှိပါ။ ယခုအချိန်မှာ အနောက်ဘက်က တို့မီးရှို့မီး မီးပွားတစ်စမှ၊ ဘယ်နည်းနဲ့မှ လက်မခံနိုင်ပါ။ ဂမ်ဘီယာဘက်က လျှောက်လဲကြတဲ့ ဥပဒေပညာရှင်တွေအားလုံးဟာ ဒေါ်လာစားတွေရဲ့ အစေခံတွေသာဖြစ်ပြီး မြန်မာပြည်ကြီး ပျက်စီးသွားစေဖို့ နှပ်ကြောင်းပေး ကြိုတင်စီစဉ်ထားတဲ့ အကွက်တွေသာ ဖြစ်ပါတယ်။ တိုက်ဆိုင်စွာပဲ ဆရာတော်၊ သံဃာတော်တွေကို စော်ကားခြင်းဖြင့် မြန်မာနိုင်ငံမှာ တည်ငြိမ်အေးချမ်းမှု ပျက်ပြားအောင် လူမျိုးရေး၊ ဘာသာရေး မှိုင်းတိုက်ပြီး ပဋိပက္ခတွေ ဖြစ်ပွားလာအောင် ဖန်တီးနေခြင်းကိုလည်း သတိထားရမှာ ဖြစ်ပါတယ်။

ဒါကြောင့် ယခုအချိန်မှာ ပြည်သူအားလုံးက သတိဝီရိယရှိကြရပါမယ်။ ဘယ်လိုဖြစ်ဖြစ် အစမကောင်းခဲ့တဲ့ ဆိုးကျိုးဖြစ်စဉ် ဖြစ်ရပ်တစ်ခုအတွက် အဆုံးသတ်ကောင်းအောင် လုပ်ဖို့တော့ တစ်မျိုးသားလုံးမှာ တာဝန်ရှိလာပါပြီ။ ဒီအချက်ကို သင်ခန်းစာယူပြီး အဆိုးထဲက အကောင်းဖြစ်ဖို့ရာ၊ အနာဂတ်နိုင်ငံတော်နဲ့ အနာဂတ်သားစဉ်မြေးဆက်များအတွက်၊ အားလုံးအတွက် ဦးတည်ကြိုးစားကြရမှာပါ။ ယခုအချိန်မှာ မတူကွဲပြားမှုတွေကို ဘေးချိတ်ပြီး လတ်တလော နိုင်ငံအပေါ်ကျရောက်နေတဲ့ မဟုတ်မမှန် မတရားစွပ်စွဲတိုက်ခိုက်မှုများကို ပြည်သူတစ်ရပ်လုံးက ပြန်လည်ခုခံကာကွယ်ရင်ဆိုင်ကြဖို့ အချိန်တန်ပြီဖြစ်ကြောင်းသာ ဆိုရပါတော့မယ်။ ။

# ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး ခေါင်းဆောင်သောကိုယ်စားလှယ်အဖွဲ့ (၆) ကြိမ်မြောက် အာဆီယံဒစ်ဂျစ်တယ်ဝန်ကြီးများ အစည်းအဝေးနှင့် ဆွေးနွေးဖက်နိုင်ငံများနှင့် ဆက်စပ်အစည်းအဝေးများ တက်ရောက်ပြီး ပြန်လည်ရောက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၁၈**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့၌ ဇန်နဝါရီ ၁၅ ရက်နှင့် ၁၆ ရက်တို့တွင် ကျင်းပခဲ့သည့် (၆)ကြိမ်မြောက် အာဆီယံဒစ်ဂျစ်တယ်ဝန်ကြီးများအစည်းအဝေးနှင့် ဆွေးနွေးဖက်နိုင်ငံများနှင့် ဆက်စပ်အစည်းအဝေးများ (6th ASEAN Digital Ministers' Meeting – 6th ADGMIN and Related Meetings with Dialogue Partners) သို့ တက်ရောက်ခဲ့ပြီး ယမန်နေ့တွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိသည်။

(၆)ကြိမ်မြောက် အာဆီယံဒစ်ဂျစ်တယ်ဆိုင်ရာ ဝန်ကြီးများအစည်းအဝေးကို အာဆီယံဒေသတွင်း ဒစ်ဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်များကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေးရန်ရည်ရွယ်၍ ကျင်းပခြင်းဖြစ်သည်။

အစည်းအဝေး၏ ဖွင့်ပွဲအခမ်းအနားကို Melia Hanoi Hotel ၌ ဇန်နဝါရီ ၁၅ ရက် နံနက်ပိုင်းတွင် ကျင်းပရာ ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ် H.E. Pham Minh Chinh က တက်ရောက်အဖွင့်အမှာစကား ပြောကြားကာ ဖွင့်လှစ်ပေးသည်။

(၆) ကြိမ်မြောက် အာဆီယံဒစ်ဂျစ်တယ်ဝန်ကြီးများ အစည်းအဝေးကို "Adaptive ASEAN– From Connectivity to Connected Intelligence" ခေါင်းစဉ်ဖြင့်ပြုလုပ်ရာ ဗီယက်နမ်နိုင်ငံ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဝန်ကြီး H.E. Nguyen Manh Hung က သဘာပတိအဖြစ်ဆောင်ရွက်ပြီး အစည်းအဝေးတွင် အာဆီယံဒေသအတွင်း ဒစ်ဂျစ်တယ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများ၊ ဘေးကင်းလုံခြုံမှု၊ ကျင့်ဝတ်ရှိမှုနှင့် အားလုံးပါဝင်သော AI အသုံးပြုမှုကို မြှင့်တင်၍ သမားရိုးကျဆက်သွယ်ပေါင်းစည်းမှု ကဏ္ဍများတွင် ဉာဏ်ရည်တုစနစ်များကို အခြေခံ၍ ဖော်ဆောင်ရန် ပူးပေါင်းဆောင်ရွက်မှုများနှင့် တွေ့ကြုံနေရသည့် စိန်ခေါ်မှုများကို ပူးပေါင်းဖြေရှင်းနိုင်မည့် နည်းလမ်းများကို ဆွေးနွေးခဲ့ကြသည်။



အစည်းအဝေး၌ ပြည်ထောင်စုဝန်ကြီးက အစည်းအဝေး၏ခေါင်းစဉ်သည် ASEAN ၏ ဆက်သွယ်မှုကွန်ရက်များကို ဉာဏ်ရည်တုစနစ်များဖြင့် အားဖြည့်ထားပြီး ယုံကြည်စိတ်ချမှုအပြည့်ရှိကာ ပြည်သူပြည်သားများ၏ အကျိုးစီးပွားကို ကာကွယ်ပေးနိုင်သည့် ဆက်သွယ်ပေါင်းစည်းမှုပုံစံတစ်ခုအသွင်သို့ ပြောင်းလဲတက်လှမ်း တည်ဆောက်ရန်ဟူသည့် ASEAN ၏ ရည်ရွယ်ချက်နှင့် ကိုက်ညီသည့်အတွက် ထောက်ခံပါကြောင်း၊ အဖွဲ့ဝင်နိုင်ငံများ ပူးပေါင်းပြီး AI ကို ဘေးကင်းလုံခြုံ၍ ကျင့်ဝတ်ရှိသည့်ပုံစံဖြင့် အသုံးပြုနိုင်ရေးအတွက် ခိုင်မာပြီး သင့်တော်သည့် စီမံအုပ်ချုပ်မှုစနစ်ရှိရန် ဆောင်ရွက်နေခြင်း၊ လုံခြုံမှုရှိသည့် ဒစ်ဂျစ်တယ်အခြေခံအဆောက်အအုံများ တည်ဆောက်ခြင်း၊ ယုံကြည်စိတ်ချရသော နယ်စပ်ဖြတ်ကျော်ဒေတာစီးဆင်းမှု (trusted cross-border data flow) ကို အားပေးခြင်းနှင့် ပြည်သူ့ဗဟိုပြု digital government စနစ် ဖြစ်ထွန်းစေရေး ဆောင်ရွက်ခြင်းတို့ကို ထောက်ခံပါကြောင်း၊ ASEAN ဒေသတွင်း AI အုပ်ချုပ်မှုကို ပူးပေါင်းဖော်ဆောင်ရာတွင် အဖွဲ့ဝင်နိုင်ငံများ၏ ဒစ်ဂျစ်တယ်နည်းပညာ တိုးတက်မှုကွာဟသည့်အခြေအနေကို ထည့်သွင်းစဉ်းစားပြီး နိုင်ငံအလိုက် လွတ်လပ်စွာအကောင်အထည်ဖော်နိုင်စေရေး ထည့်သွင်းစဉ်းစားရန် အရေးကြီးကြောင်း၊ ASEAN Digital Masterplan 2030 ပါ အာဆီယံ၏ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းရေး ရည်မှန်းချက်များကို အောင်မြင်စွာ အကောင်အထည်ဖော်ရာတွင် အဖွဲ့ဝင်နိုင်ငံအားလုံးနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို အဓိကအားဖြင့် ဆွေးနွေးပြောကြားခဲ့သည်။

အစည်းအဝေးတွင် ၂၀၂၅ ခုနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သည့် စီမံကိန်းများ ပြန်လည်သုံးသပ်ခြင်း၊ ၂၀၂၆ ခုနှစ်တွင် ဆောင်ရွက်မည့် စီမံကိန်းများအတည်ပြုခြင်း၊ စီမံကိန်းများအတွက် ဘဏ္ဍာငွေအတည်ပြုခြင်း၊ online scan တိုက်ဖျက်ရေး၊ ဆိုက်ဘာလုံခြုံရေးမြှင့်တင်ရေး၊ AI ဖွံ့ဖြိုးတိုးတက်မှုစနစ်တကျဖြစ်စေရေး စသည့် အကြောင်းအရာများတွင် ပူးပေါင်းဆောင်ရွက်မည့် နည်းလမ်းများကို ဆွေးနွေးအတည်ပြုကြသည်။

(၆)ကြိမ်မြောက် အာဆီယံဒစ်ဂျစ်တယ်ဝန်ကြီးများအစည်းအဝေးကို ဇန်နဝါရီ ၁၆ ရက် မွန်းလွဲပိုင်းတွင် အာဆီယံဒစ်ဂျစ်တယ်မဟာဗျူဟာ ၂၀၃၀ အတည်ပြု ထုတ်ပြန်သည့် အခမ်းအနားအပြီးတွင် ပိတ်သိမ်းခဲ့သည်။ အစည်းအဝေးတွင် ဟနွိုင်းဒစ်ဂျစ်တယ် ကြေညာချက် (Hanoi Digital Declaration) ကို အတည်ပြုထုတ်ပြန်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် ဇန်နဝါရီ ၁၅ ရက် ညပိုင်းတွင် Melia Hanoi Hotel တွင် ဗီယက်နမ်နိုင်ငံအစိုးရက တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲနှင့် ASEAN Digital Awards 2026 ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။ အဆိုပါ ASEAN Digital Awards 2026 ပြိုင်ပွဲတွင် မြန်မာနိုင်ငံ မန္တလေးမြို့ Tem Europa အဖွဲ့မှ Digital Startup ကဏ္ဍအောက်မှ Green Globe: Waste Management for a Better World ခေါင်းစဉ်ဖြင့် ပါဝင်ယှဉ်ပြိုင်ခဲ့ရာ တတိယဆု ရရှိခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် ဇန်နဝါရီ ၁၄ ရက် ညနေပိုင်းတွင် 2026 China–ASEAN Digital Ecosystem Cooperation Networking Event သို့ တရုတ်နိုင်ငံ China Academy of Information and Communications Technology ဌာန၏ ဖိတ်ကြားမှုဖြင့် တက်ရောက်ပြီး Keynote speech ပြောကြားသည်။

ထိုသို့ပြောကြားရာတွင် ပြည်ထောင်စုဝန်ကြီးက ယနေ့ခေတ်တွင် ဒစ်ဂျစ်တယ်စနစ်များသည် ပိုမိုယုံကြည်စိတ်ချရလာပြီး ပိုမို၍ ပြည်သူဗဟိုပြု ဖြစ်လာပါကြောင်း၊ သို့သော် ဒစ်ဂျစ်တယ်အသွင်ပြောင်းလဲမှု ပိုမိုနက်ရှိုင်းလာသည်နှင့်အမျှ ချိတ်ဆက်မှု (Connectivity) တစ်ခုတည်းဖြင့် မလုံလောက်တော့ဘဲ နောက်တစ်ဆင့်မှာ intelligence၊ လိုက်လျောညီထွေဖြစ်အောင်လုပ်ဆောင်နိုင်မှု (adaptability) နှင့် ဆန်းသစ်တီထွင်မှု (innovation)တို့ လိုအပ်လာပါကြောင်း၊ နည်းပညာအသစ်များ တိုးတက်ပေါ်ထွန်းလာခြင်းနှင့်အတူ မိမိတို့လည်း တိုးတက်လာရန် လိုပါကြောင်း၊ စိန်ခေါ်မှုပိုမိုများလာခြင်းနှင့်အမျှ ပိုမိုစည်းလုံးစွာဖြင့် တုံ့ပြန်ကြရန်လိုလာပါကြောင်း၊ နည်းပညာပိုင်းမြှင့်တင်ရန်သာမက ဒေသတွင်း ပြည်သူများအားလုံး၏ အနာဂတ်အတွက် အခွင့်အလမ်းကောင်းများ မြှင့်တင်ပေးနိုင်ရန်အတွက်ပါ ပူးပေါင်းဆောင်ရွက်ကြရန် ဆွေးနွေးသည်။

(၆)ကြိမ်မြောက် အာဆီယံဒစ်ဂျစ်တယ်ဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံ (၁၁) နိုင်ငံနှင့်အတူ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံ၊ အိန္ဒိယသမ္မတနိုင်ငံ၊ အမေရိကန်နိုင်ငံနှင့် အပြည်ပြည်ဆိုင်ရာ ကြေးနန်းဆက်သွယ်ရေးအဖွဲ့ချုပ်တို့မှ ဒစ်ဂျစ်တယ်ကဏ္ဍဆိုင်ရာ ဝန်ကြီးအဆင့်ရှိသူများ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့များ တက်ရောက်ကြကြောင်း သိရသည်။ **သတင်းစဉ်**

## ကျေးရွာသုံးစိုက်ခင်းမှထွက်ရှိသော ထင်းနှင့်မျောတိုင်များကို ပြည်သူများအား ထောက်ပံ့ပေးအပ်

**ကျောက်ဆည် ဇန်နဝါရီ ၁၈**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် အပူပိုင်းစိမ်းလန်း စိုပြည်ရေးဦးစီးဌာနက သစ်တောပြုန်းတီးမှုမှ ကာကွယ်ရေးနှင့် ပြည်သူများ ထင်းသုံးစွဲမှု



အထောက်အပံ့ရရှိရေး ယမန်နေ့နံနက်က ရဒါန်းချောင်းဆုံကြိုးဝိုင်းအကွက် အမှတ်(၁၇)၌ ကျေးရွာသုံးစိုက်ခင်းမှ ထွက်ရှိသော ထင်းနှင့် မျောတိုင်များကို ချောင်းဆုံကျေးရွာမှ ပြည်သူများအား ထောက်ပံ့ပေးအပ်သည်။

ထောက်ပံ့ ပေးအပ်ပွဲတွင် ကျောက်ဆည်ခရိုင် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး ဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဦးဝင်းဘိုက ကျေးရွာသုံးစိုက်ခင်း စိုက်ပျိုးခြင်း၊ အခမဲ့ထင်းပေးဝေခြင်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မြို့နယ်အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးအရာရှိ ဦးမျိုးခန့်ကိုနှင့်အတူ ရဒါန်းချောင်းဆုံ ကြိုးဝိုင်းအကွက်အမှတ် (၁၇)၊ ၁/၂၀၂၀ ၂၅ ဧက ကျေးရွာသုံးစိုက်ခင်းမှ ထွက်ရှိသော ယူကလစ်၊ မဲဇလီ၊ ရှား၊ မာတာကွတ်၊ ထင်း ၁၈ ဒသမ ၂၀ တန်နှင့် မျောတိုင် ၅၂၇ လုံးတို့ကို ချောင်းဆုံကျေးရွာမှ အိမ်ထောင်စု ၁၉၇ စု ထံသို့ လက်ဝယ်အရောက်အခမဲ့ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ (ဝဲပုံ)

**သက်မောင်(ကျောက်ဆည်)**



## ရွှေဘိုမြို့၌ Armwrestling ပြိုင်ပွဲကျင်းပ

**ရွှေဘို ဇန်နဝါရီ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် KNT Armwrestling တို့ ပူးပေါင်းကျင်းပသော Armwrestling ပြိုင်ပွဲကို ယမန်နေ့နံနက်က ရွှေဘိုမြို့ ရန်ကြီးအောင် အားကစားခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

ရွှေဘိုမြို့၌ ပထမဆုံးအကြိမ်အဖြစ် ကျင်းပသော Armwrestling ပြိုင်ပွဲကို အမျိုးသား ၅၀ ကီလိုဂရမ်နှင့် အထက်နှင့် open အလေးချိန်လိုက် ခွဲခြားကျင်းပခဲ့ပြီး ပြိုင်ပွဲဝင် ၅၃ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့သည်။ ပြိုင်ပွဲတစ်လျှောက်တွင် ပြိုင်ပွဲဝင်များအနေဖြင့် လက်တင်အား၊ ကိုယ်ခန္ဓာကြံ့ခိုင်မှုနှင့်နည်းစနစ်များကိုလည်း ပြသနိုင်ခဲ့ကြသည်။ ပြိုင်ပွဲတွင် အနိုင်ရရှိသူများအား ဆုတံဆိပ်၊ ဆုဖလားနှင့် ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ်၌ မီးလောင်မီးလန့်မှုများ မဖြစ်ပွားမပေါ်ပေါက်စေရေးအတွက် မဟာအောင်မြေခရိုင် မီးသတ်ဦးစီးမှူး ဦးမင်းမင်းစိုး၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်ကျော်ဦး၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် စည်ပင်သာယာရေးဝန်ထမ်းများ ပူးပေါင်းကာ ဇန်နဝါရီ ၁၇ ရက်က ချမ်းမြရွှေပြည် (ယာယီ)ကားကြီးကွင်းအတွင်း မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဟောပြောသရုပ်ပြသခြင်းနှင့် မီးသတိပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးစဉ်။ ၂၂၁



**အစီရင်ခံစာတွေရှာတယ်၊ သန်းခေါင်စာရင်းတွေရှာတယ်၊ နောက် Report တွေရှာတယ်၊ တရားရေးစီရင်ချက်တွေမှာပါတဲ့ အထောက်အထားတွေ ရှာတယ်။ အဲဒီ Instruction အကုန်လုံးထဲမှာ သူရှာတဲ့အခါမှာ ဘာပြောသလဲဆိုတော့ သူတို့သိမ်းပိုက်အုပ်ချုပ်ထားခဲ့တဲ့ ရခိုင်မှာ နှစ်ပေါင်း ၁၂၂ နှစ် ရှိခဲ့တဲ့ အထဲမှာ၊ အဲဒီ အထောက်အထားတွေထဲမှာ ရိုဟင်ဂျာဆိုတဲ့ စကားလုံးမတွေ့ဘူးလို့ရေးထားပါတယ်။ ဒီလူကဘယ်သူလဲဆိုရင် Derek Tonkin ဆိုတဲ့ ပုဂ္ဂိုလ်ပါ။ သူကလည်း ရိုဟင်ဂျာဆိုတဲ့ စကားလုံးမတွေ့ဘူးဆိုပြီး အထောက်အထားနဲ့ပတ်သက်ပြီး ပြောထားပါတယ်**

**မြန်မာသမိုင်းအဖွဲ့ဝင် ဒေါက်တာမြင့်သိန်း**

ဂမ်ဘီယာနိုင်ငံနှင့် မြန်မာနိုင်ငံတို့၏ အမှုနှင့်ပတ်သက်ပြီး ကြားနာပွဲကို ဇန်နဝါရီ ၁၂ ရက်မှ ၂၉ ရက်အထိ နယ်သာလန်နိုင်ငံ သည်ဟိတ်ဂ်မြို့ရှိ အပြည်ပြည်ဆိုင်ရာ တရားရုံးတွင် ပြုလုပ်လျက်ရှိသည်။

အဆိုပါ ကြားနာပွဲနှင့်စပ်လျဉ်း၍ အငြိမ်းစား သံအမတ်ကြီး ဦးဝင်းလွင်နှင့် မြန်မာသမိုင်းအဖွဲ့ဝင် ဒေါက်တာမြင့်သိန်းတို့၏ ပြောကြားချက်များကို ဖော်ပြအပ်ပါသည် -

**ဦးဝင်းလွင်**
**အငြိမ်းစား သံအမတ်ကြီး**

နဂါးမင်းစစ်ဆင်ရေး စတင်ဖြစ်စဉ်ကာလတုန်းက ကျွန်တော်က နိုင်ငံခြားရေးဝန်ကြီးဌာနမှာ သက်ဆိုင်ရာဌာနကို ကိုင်တွယ်တဲ့တာဝန်ခံ ဖြစ်ပါတယ်။ အဲဒီတော့ ပြည်ပကနေ တရားမဝင် ဝင်တဲ့သူတွေများလာတော့ သန်းခေါင်စာရင်း ပြန်စစ်ဆေးမှု လုပ်ကြတယ်။ ဒီလိုလုပ်တဲ့အခါ ပထမဆုံး Pilot Project ဆိုပြီး မင်္ဂလာတောင်ညွန့်မှာ ထင်တယ်၊ အဲဒီမှာ စပြီးလုပ်တယ်၊ အဲဒီကနေ ရခိုင်ပြည်နယ် စစ်တွေအထိ သွားပြီးလုပ်တယ်။ အဲဒီလိုလုပ်တဲ့ အချိန်မှာ ရခိုင်ပြည်နယ်အထဲကို အကြောင်းအမျိုးမျိုးကြောင့် ဝင်ရောက်နေကြတဲ့သူတွေက သူတို့ဆီမှာ တရားဝင်မှတ်ပုံတင်လက်မှတ်မရှိတော့ ထွက်ပြေးသွားကြတယ်။


ထွက်ပြေးကြတော့ ပထမဆုံး နိုင်ငံခြားရေးရုံးကို လာပြီးတိုင်တော့ လူဦးရေ ၈၀၀ လောက်၊ နောင်တဖြည်းဖြည်းများလာပြီး ကြီးကြီးကျယ်ကျယ် ဖြစ်လာတယ်။ ဟိုဘက်ကလည်း သိန်းနဲ့ချီဖြစ်လာတော့ ဟိုဘက်က ဒီဘက်ကို Complain လုပ်တယ်။ နိုင်ငံတော်အစိုးရကလည်း စစ်ဆေးဖို့ လုပ်တယ်။ နှစ်ဖက်ညှိနှိုင်းရေး ဟိုဘက်က အဖွဲ့တွေလာပြီး ဆွေးနွေးတယ်၊ နှစ်ခါ သုံးခါ ဆွေးနွေးတယ်။ ဒီဘက်ကလည်း နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်တဲ့ အဖွဲ့တစ်ဖွဲ့သွားတယ်၊ အဲဒီလိုပဲလုပ်တယ်။ ဒီကိစ္စကို အတန်တန်ဆွေးနွေးပြီး မြန်မာဘက်အနေနဲ့ တို့နိုင်ငံက ဘင်္ဂလားဒေ့ရှ်နိုင်ငံနဲ့ ရေချင်းမြေချင်း ဆက်စပ်နေတဲ့ နိုင်ငံလည်းဖြစ်တယ်၊ လွတ်လပ်ရေး ရခါစ နိုင်ငံဆိုပြီး တို့နိုင်ငံက အိမ်နီးနားချင်းထားတဲ့ မူဝါဒနဲ့အညီ တတ်အားသမျှ လုပ်ပေးမယ်ဆိုပြီး ဒီဟာကို လူကြီးတွေက ပြန်လည်လက်ခံဖို့၊ ဒီမှာနေခဲ့တဲ့သူ မှန်ရင် ပြန်လည်လက်ခံမယ်လို့ ဆုံးဖြတ်ချက်ချလိုက်ပြီး သွားပြီး စေ့စပ်ဆွေးနွေးတယ်။

ပြန်လည်လက်ခံမယ်ပြောတဲ့အခါ ဖြစ်ပုံက အဲဒီထွက်ပြေးတဲ့ သူတွေကြားမှာ ခုနက ပြောသလို သိန်းကျော်ရှိတယ်။ တကယ်တမ်းပြောတဲ့အခါ မြန်မာမှတ်ပုံတင်လက်မှတ် အစစ်အမှန် တကယ်လက်ဝယ်ရှိသူက ၃၀၀၀ ကျော်ပဲရှိတယ်။ ကျန်တဲ့ဟာတွေက သူတို့ထွက်ပြေးတယ်၊ တဲတွေမီးရှို့ခံရတယ်၊ ပျောက်သွားတယ်၊ ကျန်ရစ်ခဲ့တယ်၊ အဲဒီတော့ မှတ်ပုံတင်လက်မှတ်တွေ ပျောက်ဆုံးသွားတယ်ဆိုပြီး အဲဒီဆင်ခြေတွေပေးကြတယ်။ ဘာပဲဖြစ်ဖြစ် မြန်မာနိုင်ငံ ရခိုင်ပြည်နယ်မှာနေခဲ့တဲ့သူ အစစ်အမှန်ဆိုရင် လက်ခံမယ်ဆိုပြီး အမျိုးမျိုးလျှော့ပေါ့တယ်။

မှတ်ပုံတင်လက်မှတ် အစစ်ဆိုတာက ၃၀၀၀၊ အစစ်ထဲမှာမှ အစစ်တစ်မျိုး၊ မှတ်ပုံတင်လက်မှတ်ကို ခိုးလုပ်ပေးတာက တစ်မျိုး၊ အိမ်ထောင်စုကတ်ပြား အတုလုပ်ထားတာတစ်မျိုး၊ ဘာပဲဖြစ်ဖြစ် မြန်မာနိုင်ငံ ရခိုင်ပြည်နယ်ထဲမှာ နေခဲ့တဲ့သူ ဟုတ်တယ်၊ မှန်တယ်ဆိုရင် လက်ခံခဲ့တယ်။ အားလုံးပေါင်း တစ်သိန်းနဲ့ သုံးသောင်းလား၊ လေးသောင်းလား၊ အတိအကျတော့ မမှတ်မိတော့ဘူး။ အဲဒီလောက် လက်ခံခဲ့တယ်၊ အသိအမှတ်ပြုခဲ့တယ်။ ဒီကမ္ဘာတစ်ခုလုံးမှာ မြန်မာနိုင်ငံက စောစောစီးစီး၊ ခုနစ်ခုမြောက်သော အသိအမှတ်ပြုခဲ့တဲ့ နိုင်ငံဖြစ်ပါတယ်။ အဓိပ္ပာယ်က အိမ်နီးနားချင်း ပေါ်လစီကို ကောင်းကောင်းထားချင်တယ်။ ခင်မင်ရင်းနှီးတယ်ဆိုတဲ့ သဘောနဲ့လက်ခံတာ။



အငြိမ်းစားသံအမတ်ကြီး ဦးဝင်းလွင်



မြန်မာသမိုင်းအဖွဲ့ဝင် ဒေါက်တာမြင့်သိန်း

ဟိုကလည်း ဒါတွေအားလုံးပြန်ယူပါ၊ ဘာမှပြောမနေနဲ့၊ ပြန်ယူပါဆိုပြီး ဇွတ်ပဲပြန်ပြီး ထိုးပေးခဲ့တယ်။ ဒီဘက်ကလည်း လက်ခံမယ်ဆိုတော့ လက်ခံတဲ့အခါမှာလည်း အဆင့်ဆင့်ဖြစ်တယ်၊ ရခိုင်ပြည်နယ်မှာ နေရိုးမှန်ခဲ့ရင် လက်ခံမယ်ဆိုပြီး ဘာပဲဖြစ်ဖြစ် မျက်စိမှိတ်ပြီး လက်ခံတယ်။ ဘာဖြစ်လို့လဲဆိုတော့ နှစ်နိုင်ငံအိမ်နီးချင်းဖြစ်တာရယ်၊ ချစ်ကြည်ရင်းနှီးမှုကို အကြောင်းပြုပြီး လက်ခံခဲ့ခြင်း ဖြစ်တယ်။ အဲဒီသဘောနဲ့ပါ။

အခု နောက်ဆုံးကိစ္စ။ ဒါက တတိယအကြိမ်မြောက်ဖြစ်တယ်၊ ဒုတိယအကြိမ်မြောက်လည်း ရှိတယ်၊ ဒီဟာက ပြီးသွားပြီ။ တတိယအကြိမ်မြောက် ဖြစ်တဲ့အခါကျတော့ မြန်မာနိုင်ငံက အိမ်နီးနားချင်း ထုံးစံအတိုင်း ရခိုင်ပြည်နယ်မှာ နေခဲ့တဲ့သူမှန်ခဲ့ရင် လက်ခံမယ်ဆိုပြီး အရင်တုန်းက ပြောခဲ့တဲ့အတိုင်း ပြောခဲ့တယ်။ ဒါပေမယ့် ဒီတစ်ခါမှာ ဟိုဘက်က ဒီလို မဟုတ်တော့ဘူး၊ ဟိုဘက်ကခေါင်းဆောင်က အရင်တုန်းကသူ မဟုတ်တော့ဘူး၊ ဒီက လက်ခံမယ့်ဟာကို ဟိုအရင်က ပြန်ပြီးပို့လိုက်တယ်၊ ဒီတစ်ခါကျတော့ ပို့တာမဟုတ်တော့ဘူး။ ဒီပြဿနာကို ရိုးရိုး နှစ်နိုင်ငံအကြား ပြဿနာထက် ကမ္ဘာ့ပြဿနာကြီးဖြစ်အောင် Internationalize လုပ်တယ်။

ဒီလို Internationalize လုပ်တော့ ဒီပြဿနာက ကမ္ဘာတစ်ခုလုံးက ဝုန်းခနဲ ချက်ချင်းသိသွားတယ်။ အိုင်တီကို အသုံးပြုလိုက်တယ်။ အိုင်တီကို သုံးလိုက်တာ မြန်မာနိုင်ငံ ခံလိုက်ရတယ်။ အိုင်တီကို အသုံးပြုပြီး ကမ္ဘာ့ပြဿနာ လုပ်ချလိုက်တယ်။ ဘယ်သူက လုပ်သလဲဆိုရင် သက်ဆိုင်ရာနိုင်ငံက လုပ်တာလား၊ သက်ဆိုင်ရာနိုင်ငံရဲ့ ဘာသာတူအဖွဲ့အစည်းက လုပ်တာလားဆိုတာ ကျွန်တော်တို့ မသိဘူး။ ဒီကိစ္စက ဘာမှမဟုတ်ဘူး။ ဒီကိစ္စက သေးသေးလေး၊ ဒီဘက်ကတော့ အရင်တုန်းကအတိုင်း ရိုးရိုးသားသားနဲ့ အရင်တုန်းကအတိုင်း လက်ခံခဲ့တယ်။ အဲဒီမှာပြန်ပြီး ပို့ဖို့ဟာကို ထစ်ငေါ့နေတဲ့အပြင် ကမ္ဘာ့ခုံရုံးမှာ အဲဒီဟာကိုတင်လိုက်တာ။ တင်လိုက်တဲ့အခါမှာလည်း အကြီးအကျယ်နဲ့ ပုဒ်မအကြီးကြီးတွေ တပ်လိုက်တယ်။

အမှန်အတိုင်း ဒီဘက်မှာဖြစ်တဲ့ အရေးအခင်းမှာ ရဲတပ်ဖွဲ့ဝင်တွေကို သတ်တယ်၊ ဒီမှာလိုက်ပြီး ရှင်းလင်းတဲ့ အဖြစ်အပျက်ကလေးပါ။ အခုက ကမ္ဘာမှာ နေရာတကာမှာ ကြားနေတယ်မလား၊ အရှေ့အလယ်ပိုင်းမှာဖြစ်နေတဲ့ သတ်ဖြတ်နေတာတွေ၊ ဗုံးချတာတွေနဲ့စာရင် ဒီဟာက သေးသေးလေးပါ။ ဘာမှမဆိုင်ဘူး။

နိုင်ငံရေးအားဖြင့် နိုင်အောင် ကျွန်တော်တို့ နိုင်ငံကို သတ်တာ၊ အုပ်ချုပ်နေတဲ့ အစိုးရကို သတ်တာ၊ နိုင်ငံတော်ကို သတ်တာ။ ဒီလိုလုပ်လိုက်တဲ့ဟာ တစ်သက်လုံး ကြိုက်ကြိုက်၊ မကြိုက်ကြိုက် အတူတူပေါင်းသင်း နေထိုင်သွားရမယ့် နှစ်နိုင်ငံချစ်ကြည်ရေးလည်း ပျက်သွားတယ်။ တကယ်ဖြစ်နေတဲ့ နိုင်ငံက တရားစွဲရေးမဟုတ်ဘဲ ဘာမှမဆိုင်တဲ့၊ မြန်မာနိုင်ငံနဲ့ ဘာမှလည်း ရန်မဖြစ်တဲ့၊ မသိတဲ့ နိုင်ငံကနေ ကမ္ဘာ့ခုံရုံးကို သွားတင်ပြီးဖြစ်တယ်။ အဲဒီဟာက မှန်သလား၊ မှားသလား၊ သင့်သလား၊ မသင့်သလား ဆိုတာ စဉ်းစားကြပါ။

သက်ဆိုင်ရာနိုင်ငံက မစွပ်စွဲဘဲ ဟိုကနေ လှမ်းပြီး စွပ်စွဲတယ်၊ တမင်တကာ ဒါကို လုပ်ကြံတာ၊ ဖန်တီးတယ်ဆိုတာကို နားလည်ဖို့လိုတယ်။ ဒီဟာ ဘယ်သူနဲ့၊ ပေါ်လစီတွေနဲ့ မဆိုင်ဘူး။ ရိုးရိုးတန်းတန်း ပြောခြင်းဖြစ်တယ်။ ဖြစ်သင့်တာက သူခံရရင် သူက ပြန်ပြီး လုပ်ရမှာပါ။ သူကမလုပ်ဘဲ ဘာမှမဆိုင်တဲ့ ဘေးကလူက လုပ်တယ်။ မဆိုင်တာဆို ဟိုးအဝေးကြီးကပါ။ အဲဒီတော့ ရှေ့ကနဲ့ အခုနဲ့က ဘာကွာသလဲဆိုရင် အခုလိုဖြစ်သွားတော့ တစ်သက်လုံး ကြိုက်ကြိုက်၊ မကြိုက်ကြိုက် လက်တွဲပြီး အိမ်နီးနားချင်း၊ ရေချင်းမြေချင်းဆက်စပ်နေတဲ့ နိုင်ငံနှစ်ခု လက်တွဲပြီး ပူးပေါင်းရမယ်။ အခုလို ကမ္ဘာကြီးဖြစ်ပျက်နေကြတဲ့အချိန် လက်တွဲလုပ်ရမှာကို ကမ္ဘာ့အဖွဲ့အစည်းတစ်ရပ်က အဲဒီဟာကို အားမပေးဘဲ နှစ်နိုင်ငံ ပိုပြီးတော့ ဝေးအောင်လုပ်လိုက်တယ်လို့ မြင်ပါတယ်။ ရိုးရိုးအနေနဲ့မြင်တာပါ။ ဘယ်သူ့ကြောင့်မှ မဟုတ်ပါဘူး။ ကမ္ဘာမှာ ပြဿနာတွေအများကြီးပါ။ အိမ်နီးနားချင်းပေါင်းလုပ်ရမယ့် အရာတွေလည်း အများကြီးပါ။ အဲဒါကို တစ်ယောက်မျက်နှာတစ်ယောက်မကြည့်ချင်အောင် လုပ်တဲ့အနေအထားလို့ မြင်မိပါတယ်။

**ဒေါက်တာမြင့်သိန်း**
**မြန်မာသမိုင်းအဖွဲ့ဝင်**

ရိုဟင်ဂျာဆိုတဲ့ လူမျိုးက တကယ်တော့ ကျွန်တော်တို့နိုင်ငံမှာ ဒီလူမျိုးမရှိပါဘူး။ ရခိုင်ရာဇဝင်မှာလည်း ဒီလူမျိုးအကြောင်း ရေးထားတာမရှိဘူး၊ မြန်မာရာဇဝင်မှာလည်း ဒီလူမျိုးအကြောင်း ရေးထားတာမရှိဘူး။ မြန်မာ့ရာဇဝင်ရဲ့ အစောပိုင်းကာလမှာ လူမျိုးတစ်ရာ့တစ်ပါးအကြောင်း ရေးထားတဲ့ စာတမ်းပေါင်း ခြောက်စောင်လောက် ရှိတယ်၊ ဒီခြောက်စောင်လောက်ထဲမှာလည်း ဒီရိုဟင်ဂျာဆိုတဲ့ လူမျိုးအကြောင်းမပါပါဘူး။ ဒါဆိုရင် ဒီကိစ္စဘယ်လိုစပြီးဖြစ်လာလဲဆိုတော့ အရင်က သူတို့ကို ခေါ်တာက ရခိုင်မွတ်ဆလင်လို့ခေါ်တယ်၊ နောက်တစ်မျိုး ဘင်္ဂါလီလို့ခေါ်တယ်၊ နောက်တစ်မျိုး စစ်တကောင်းသားလို့ ခေါ်တယ်၊ တစ်ခါတစ်ခါ ခေါ်တောဆိုတဲ့ အခေါ်အဝေါ်လည်းရှိတယ်။ ခေါ်တောဆိုတဲ့ အခေါ်အဝေါ်ဆိုရင် ၁၉၈၀ ကျော်လောက်အထိအောင် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီခေတ်မှာ ဒီနာမည်ကခေါ်နေဆဲပါ။ ဒီစကားလုံးက အဲဒီကာလတွေထဲမှာ မပေါ်သေးပါဘူး။ အင်္ဂလိပ်အထောက်အထားတွေရှိတယ်။

ကိုလိုနီခေတ်ကရေးတဲ့ အထောက်အထားတွေ၊ ခေတ်ပြိုင်အထောက်အထားတွေမှာလည်း ဒီနာမည်က မပါသေးပါဘူး။ ၁၈၇၂ ခုနှစ်မှာ အင်္ဂလိပ်တွေက မြန်မာနိုင်ငံကို ပထမဦးဆုံး စပြီး အောက်မြန်မာနိုင်ငံ ရခိုင်ဘက်မှာ သန်းခေါင်စာရင်းစကောက်တယ်။ သန်းခေါင်စာရင်းစကောက်တာက နေပြီးတော့ နောက်ပိုင်း ၁၈၈၁ ခုနှစ်မှာ သန်းခေါင်စာရင်း တစ်ခါ ထပ်ကောက်တယ်။ နောက်ပိုင်း ၁၈၈၁ ခုနှစ်ကနေ ဆယ်နှစ်တစ်ခါ၊ ဆယ်နှစ်တစ်ခါ ကောက်သွားတဲ့ သန်းခေါင်စာရင်းမှာ ၁၈၉၁၊ ၁၉၀၁၊ ၁၉၁၁၊ ၁၉၂၁၊ ၁၉၃၁၊ ၁၉၄၁ အထိ သူတို့ကောက်တဲ့ သန်းခေါင်စာရင်းထဲမှာ လူမျိုးပါတယ်၊ လူဦးရေပါတယ်၊ ကျား၊ မ ခွဲတယ်၊ အသက်အရွယ်ခွဲတယ်၊ အဲဒီလိုခွဲတဲ့ အခါမှာ တိတိကျကျ ဒီရခိုင်ပြည်နယ် သန်းခေါင်စာရင်းကောက်တဲ့အထဲမှာ သူတို့သုံးတဲ့ အသုံးအနှုန်းတွေမှာ ဘာလူမျိုးတွေတွေ့သလဲဆိုရင် ဘင်္ဂါလီနဲ့ စစ်တကောင်းသားဆိုပြီး ရေးထားပါတယ်။ နောက်တစ်ခါ ဟိန္ဒူစတန်ဆိုပြီး ရေးထားတယ်။ ဒီအင်္ဂလိပ်ဆိုတဲ့လူက သန်းခေါင်စာရင်းမှာ တိတိကျကျလူဦးရေ အဝင်အထွက် ဘယ်လောက်ဝင်တယ်၊ ဘယ်လောက်ထွက်တယ် ဒီလိုသွားတာတောင်မှပဲ သူတို့ရဲ့စကားလုံးက ဒုတိယကမ္ဘာစစ်မတိုင်ခင်အထိအောင် ဒီနာမည်မပေါ်သေးပါဘူး။ ဒီနာမည်ပေါ်တာက တော်တော်လေးကို နောက်ကျတယ်ဆိုတဲ့ သဘောပါပဲ။ နောက်တစ်ခါ ဒါနဲ့ပတ်သက်ပြီးတော့ သေချာလေ့လာထားတဲ့ ပုဂ္ဂိုလ်တစ်ယောက်က ဘာရေးထားသလဲဆိုရင် အဲဒီလူက တစ်ချိန်တုန်းက ထိုင်းနိုင်ငံရယ်၊ ဗီယက်နမ်နိုင်ငံရယ်၊ လာအိုနိုင်ငံရယ်မှာ ဗြိတိသျှသံအမတ်ကြီးအဖြစ်လုပ်ခဲ့ဖူးတဲ့လူ၊ ဒီလူက ဒီလူမျိုးနဲ့ပတ်သက်ပြီးတော့ လေ့လာတဲ့အခါမှာ အိန္ဒိယနိုင်ငံမှာရှိတဲ့ သူတို့ရဲ့ဗြိတိသျှကိုလိုနီခေတ်တုန်းက အထောက်အထားတွေ အကုန်လုံးကို သွားပြီးတော့ရှာတယ်။

စာမျက်နှာ ၉ သို့

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ငလျင်ဘေး ပြန်လည်ပြင်ဆင်ရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၁၈**

နေပြည်တော် ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော် စည်ပင်သာယာရေး ကော်မတီမှ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ဥပ္ပါတသန္တိစေတီတော်ကြီးသို့ သွားရောက်ပြီး မန္တလေး မြေငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အစိတ်အပိုင်းများ ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုအခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။



ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ရင်ပြင်တော်၊ ပစ္စယာနှင့် ပရိဝုဏ်များ ပြုပြင်မွမ်းမံရေး လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများ၊ Cement grouting ဆောင်ရွက်နေမှုများ၊ Soil stabilization ဆောင်ရွက်နေမှုများ၊ Backhoe breaker ဖြင့် မူလရင်ပြင်တော် ကြမ်းခင်းအား တူးထုတ်ပြင်ဆင်နေမှု အခြေအနေများ၊ မြေကျွင်းတူးခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများ၊ စေတီတော်ပန်းတည်ခုံပတ်လည်ရှိ အုတ်ရိုးများ ကွဲအက်မှုများမှ Void Filling လုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ သာသနာ့မဟာဗိမာန်တော်၊ သံဃာရာမအဆောင်များ၊ မာလိနီမင်္ဂလာရေကန်တော်တစ်လျှောက်နှင့် ဂေါပကအဖွဲ့ရုံးအတွင်းစသည့် ထိခိုက်ပျက်စီးခဲ့မှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက ပြုပြင်မွမ်းမံရေး လုပ်ငန်းများ အမြန်ဆုံးပြီးစီးစေရန်နှင့် ရေရှည်ခိုင်ခံ့မှုရှိအောင် ဆောင်ရွက်ရန်၊ ဥပမိရုပ်ကောင်းမွန်စေရန်နှင့် သန့်ရှင်းသာယာလှပစေရေး အလေးထား ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

**အောင်သူရဦး(ဒက္ခိဏ)**

---

*စာမျက်နှာ ၈ မှ*

အဲဒီလိုရှာတဲ့အခါမှာ **အစီရင်ခံစာတွေရှာတယ်၊ သန်းခေါင်စာရင်းတွေရှာတယ်၊ နောက် Report တွေရှာတယ်၊ တရားရေးစီရင်ချက်တွေမှာပါတဲ့ အထောက်အထားတွေရှာတယ်။ အဲဒီ Instruction အကုန်လုံးထဲမှာ သူရှာတဲ့အခါမှာ ဘာပြောသလဲဆိုတော့ သူတို့သိမ်းပိုက်အုပ်ချုပ်ထားခဲ့တဲ့ ရခိုင်မှာ နှစ်ပေါင်း ၁၂၂ နှစ်ရှိခဲ့တဲ့ အထဲမှာ အဲဒီအထောက်အထားတွေထဲမှာ ရိုဟင်ဂျာဆိုတဲ့ စကားလုံးမတွေ့ဘူးလို့ ရေးထားပါတယ်။ ဒီလူက ဘယ်သူလဲဆိုရင် Derek Tonkin ဆိုတဲ့ ပုဂ္ဂိုလ်ပါ။ သူကလည်း ရိုဟင်ဂျာဆိုတဲ့ စကားလုံးမတွေ့ဘူးဆိုပြီး အထောက်အထားနဲ့ ပတ်သက်ပြီး ပြောထားပါတယ်။**

နောက်ဒီလိုပဲ ရခိုင်နဲ့ပတ်သက်ပြီးတော့ အလွန်ထင်ရှားတဲ့ သုတေသီတစ်ဦးဖြစ်တဲ့ ယက်လိုင်ဒါဆိုတဲ့ ပုဂ္ဂိုလ်တစ်ဦးက ဒီစကားလုံးက ၁၉၅၀ ပတ်ဝန်းကျင်လောက်မှ ရေပန်းစားပြီးပေါ်ပေါက်လာတဲ့ စကားလုံးဖြစ်တယ်ဆိုပြီးတော့ Oxford ကထုတ်တဲ့ အာရှဆိုင်ရာထဲမှာ Encyclopedia ရေးထားတာတွေ့ရပါတယ်။ ကျွန်တော်တို့က ဒီလူမျိုးဟာ အသစ်တီထွင်တဲ့ လူမျိုးဆိုတဲ့ သဘောမျိုးဆိုတာ မှန်းဆလို့ရပါတယ်။

နောက်တစ်ချက်က ဘာလဲဆိုရင် ဒီလူမျိုး ဘယ်တုန်းက ပေါ်ပေါက်လာသလဲဆိုရင် ဒုတိယကမ္ဘာစစ်ပြီးတဲ့နောက်ပိုင်းကျမှ ဒီနာမည်စပေါ်တာပါ။ ဒါတောင်မှပဲ ဒုတိယကမ္ဘာစစ်ပြီးတဲ့ နောက်ပိုင်း ဒီလူမျိုးပေါ်ပေါက်လာဖို့ အခြေခံအကြောင်းရင်း အစက ဘာကြောင့်လဲဆိုတဲ့အခါ ကျွန်တော်တို့ ၁၉၄၇ ခုနှစ်မှာ အိန္ဒိယနိုင်ငံမှာ မွတ်ဆလင်တွေက ခွဲထွက်ဖို့ကြိုးစားကြတယ်။ ကြိုးစားတဲ့အခါကျတော့ ပါကစ္စတန်နိုင်ငံဆိုပြီး သီးခြားခွဲထွက်ဖို့ လုပ်တဲ့အခါမှာ ဘူးသီးတောင်၊ မောင်တောမှာရှိတဲ့ မွတ်ဆလင်တွေက အကယ်၍သာ ပါကစ္စတန်ကို ခွဲထွက်ဖို့ လုပ်ခဲ့မယ်ဆိုရင် အဲဒီနိုင်ငံထဲမှာ သူတို့ပေါင်းပါရစေပြီးတော့ အဲဒီပါကစ္စတန်ခွဲထွက်ရေး ခေါင်းဆောင်ဖြစ်တဲ့ အိန္ဒိယက အလီဂျင်းနားဆိုတဲ့ ပုဂ္ဂိုလ်ဆီကို သွားပြီး တောင်းဆိုပါတယ်။ ဒါပေမယ့် အလီဂျင်းနားက လက်မခံပါဘူး။ အဲဒါနဲ့ပတ်သက်ပြီးတော့ ၁၉၄၇ ခုနှစ် ဗိုလ်ချုပ်အောင်ဆန်း ရှိခဲ့စဉ်မှာ အောင်ဆန်း–အက်တလီစာချုပ် ချုပ်ဖို့အတွက် လန်ဒန်ကိုသွားတဲ့အခါမှာ အိန္ဒိယကို သူခဏဝင်တယ်။ ဝင်တဲ့အခါမှာ အိန္ဒိယဝင်ပြီးတော့ အလီဂျင်းနားနဲ့ မွတ်ဆလင်ခွဲထွက်ရေးခေါင်းဆောင်နဲ့ သွားတွေ့ပါတယ်။ တွေ့တဲ့အခါ ဒီကိစ္စပြောတဲ့အခါ ဗိုလ်ချုပ် ဒီကိစ္စနဲ့ပတ်သက်ပြီးတော့ စိတ်ချပါ၊ ကျွန်တော်တို့ သူတစ်ပါးနိုင်ငံဒေသနဲ့ ပေါင်းဖို့ ဘယ်တော့မှ ဆန္ဒမရှိဘူး၊ အဲဒီထဲက ခွဲထွက်ဖို့ ကြိုးစားတဲ့ သူတွေကိုအားလုံးကို ဆန့်ကျင်တယ်။ ဗိုလ်ချုပ် ဒါနဲ့ပတ်သက်ပြီး ပူစရာမလိုဘူးလို့ သူက ပြောလိုက်ပါတယ်။ အဲဒီလိုသွားပြီးတော့ ပေါင်းဖို့ကြိုးစားတဲ့ ဘူးသီးတောင်၊ မောင်တောမှာရှိတဲ့ မွတ်ဆလင်အဖွဲ့တွေက နောက်ဆုံးတော့ သူတို့ ဒါနဲ့ပတ်သက်ပြီးတော့ ဘယ်လိုလုပ်ရင် ကောင်းမလဲဆိုပြီး ဒုတိယကမ္ဘာစစ်ပြီးတဲ့အခါမှာ မြန်မာပြည်ထဲမှာ သီးခြားတောင်းဆိုလို့ရမယ့် အနေအထားမျိုးကို စဉ်းစားလာကြပါတယ်။

အဲဒီမှာ ပြဿနာက ဘာဖြစ်လာသလဲဆိုတဲ့အခါ ၁၉၄၈ ခုနှစ် ကျွန်တော်တို့ လွတ်လပ်ရေးရတဲ့အခါမှာ ရခိုင်မှာရှိနေတဲ့ ရခိုင်တိုင်းရင်းသားခေါင်းဆောင်တွေကနေပြီးတော့ သီးခြားပြည်နယ်အဖြစ်နဲ့ လွတ်လပ်တဲ့ဒေသအဖြစ် တောင်းဆိုမှုစလုပ်ပါတယ်။ လုပ်လာတော့ ဘင်္ဂါလီတွေက ဘာစဉ်းစားလဲဆိုတော့ အကယ်၍သာ ရခိုင်ကို သီးခြားပြည်နယ် သီးခြားလွတ်လပ်မှုပေးလိုက်မယ်ဆိုရင် သူတို့အပေါ်မှာ ပိုပြီးဖိနှိပ်မှုတွေ များလာမှာဖြစ်တဲ့အတွက်ကြောင့် ငါတို့လည်း သီးခြားကိုယ်ပိုင်အုပ်ချုပ်ခွင့် တောင်းမယ်ဆိုပြီး စပြီးကြံစည်လာတယ်။ သူတို့က ဘယ်လိုလုပ်ရင် ကောင်းမလဲဆိုပြီးတော့ စပြီး စဉ်းစားလာကြတယ်။

အဲဒီစဉ်းစားတဲ့ အထဲမှာ တစ်ချက်က ၁၉၄၈ ခုနှစ်လောက်က မူဂျာဟစ်ခေါင်းဆောင်က နေပြီးတော့ သူတို့လူမျိုးတွေနဲ့ ပတ်သက်ပြီးတော့ တောင်းဆိုမှု စလုပ်လာတယ်။ လုပ်လာတဲ့အခါမှာ အဲဒီမွတ်ဆလင် လွတ်မြောက်ရေးခေါင်းဆောင်က မွတ်ဆလင်ညီလာခံမှာ သူက ဘာတောင်းဆိုသလဲဆိုတော့ သူတို့ကို ရခိုင်မွတ်ဆလင်အဖြစ်နဲ့ ပြည်နယ်ပေးဖို့ စတောင်းလာတယ်။ နောက်တစ်ခါ ၁၉၅၁ ခုနှစ်မှာထင်တယ်၊ မောင်တောမှာ ရှိနေတဲ့ အလယ်သံကျော်ရွာမှာ မွတ်ဆလင်ညီလာခံ လုပ်တဲ့အခါမှာလည်း ဘင်္ဂါလီတွေကို သီးခြားပြည်နယ်ပေးဖို့ တောင်းဆိုလာတယ်။ တောင်းလာတဲ့ အခါမှာလည်း ရိုဟင်ဂျာဆိုတဲ့ စကားလုံးမပါသေးဘူး။ သူတို့ကို သီးခြားပြည်နယ်ပေးပါ၊ သူတို့ကို သီးခြားဆောင်ရွက်ဖို့အတွက် ရခိုင်မွတ်ဆလင်ဆိုပြီး နာမည်ခေါ်ခွင့်ပေးပါဆိုပြီးပဲ တောင်းတာပဲ လုပ်ကြတာ။

ရခိုင်မွတ်ဆလင်ဆိုတဲ့ အခေါ်အဝေါ်ကို ရခိုင်တိုင်းရင်းသားတွေက မကြိုက်ကြဘူး။ ဘာလို့လဲဆိုတော့ သူတို့ ရခိုင်တိုင်းရင်းသားထဲမှာ မွတ်ဆလင်မရှိဘူး၊ ဒါကြောင့်မို့ သူက အဲဒီနေရာမှာတင် လက်မခံဘူးဖြစ်ကြတာ။ ကျွန်တော်တို့က အဲဒီအချိန်တုန်းက ခေါ်ကြတာက စစ်တကောင်းသားတို့၊ ဘင်္ဂါလီတို့၊ ရခိုင်မွတ်ဆလင်တို့၊ ခေါ်တောတို့ ခေါ်ကြတဲ့အထဲမှာ သူတို့ကြိုက်တာ ရခိုင်မွတ်ဆလင်ဆိုတဲ့ ဒီနာမည်ကို ကြိုက်တာ၊ ဒါပေမယ့်ရခိုင်တိုင်းရင်းသားတွေက လက်မခံဘူး၊ ဒါကြောင့် နာမည်အသစ်တစ်ခု စဉ်းစားလာကြတယ်။

စဉ်းစားတဲ့အခါမှာ ၁၉၅၀ ပြည့်နှစ်လောက်မှာ ဒီနာမည် စပြီးတော့ တွင်တွင်ကျယ်ကျယ် စဖြစ်လာပြီ၊ ဘာဖြစ်လို့လဲဆိုတော့ ၁၉၄၈ ခုနှစ်ကျော်ကျော်လောက်မှာ ပထမဆုံးစပြီးတော့ ရွှင့်ကျ ဆိုတဲ့ စကားလုံးစသုံးလာတယ်။ တစ်နေရာကနေ လွင့်လာတဲ့ ဒုက္ခသည်တွေကိုပြောတာ။ နောက်ပိုင်း လွှတ်တော်ထဲမှာ တက်လာတဲ့ အဗ္ဗဒူဂဖားဆိုတဲ့ ပုဂ္ဂိုလ်က ၁၉၅၀ ပြည့်နှစ် ပတ်ဝန်းကျင်လောက်မှာ လွှတ်တော်ထဲမှာ ပြောလာတယ်။ သူတို့လူမျိုးတွေကို ရိုဟင်ဂျာဆိုတဲ့ စကားလုံးသုံးလာတယ်၊ ဒီလိုသုံးလာတာနဲ့ အတူတူပဲ တစ်ချိန်တည်းမှာပဲ ဂါးဒီးယန်းသတင်းစာမှာ သူက အကျယ်တဝင့် ရိုဟင်ဂျာသမိုင်းဆိုတဲ့ သဘောမျိုးနဲ့ သူကဆောင်းပါးတစ်စောင်ရေးတယ်။ အဲဒီဆောင်းပါးကို အဗ္ဗဒူဂဖားတာက ဆူဒေတန် မွတ်ဆလင်ဆိုပြီး သူကရေးတာ၊ ရေးတော့ ၁၉၅၁ ခုနှစ်လောက်မှာ ဂါးဒီးယန်းသတင်းစာမှာ ပါလာပြီးတော့ ၁၉၆၀ ပြည့်နှစ်မေလလောက်ကျတော့ အမ်အေတဟီဘာသာဆိုပြီးတော့ နောက်တစ်ယောက်က ရေးတယ်၊ ဒီလိုပဲ ရိုဝန်းညှာဆိုပြီးတော့ အဲဒီမှာလည်း ရိုဟင်ဂျာမဟုတ်သေးဘူး၊ ရိုဝန်းညှာဆိုတဲ့ လူမျိုးဘယ်လိုပေါ်ပေါက်လာတယ်ဆိုတာ ဂါးဒီးယန်းသတင်းစာမှာ တစ်ခါရေးတယ်။

**တစ်နည်းအားဖြင့် ၁၉၅၀ ကျော်လောက်မှ ဒီနာမည်က ထင်ထင်ရှားရှား စတင်ဖန်တီးလာတာ။ ဒီဟာဆိုရင် တိုင်းရင်းသားမဟုတ်တာ သေချာသွားပြီ၊ ဒီလူမျိုးဟာ နောက်မှ တမင်တကာ ဖန်တီးယူတဲ့ လူမျိုးဖြစ်တယ်ဆိုတာလည်း သေချာသွားပြီ။ ၁၉၅၃ ခုနှစ် စစ်တွေမှာ သန်းခေါင်စာရင်းကောက်တဲ့ အချိန်မှာ စစ်တကောင်းဘက်ကနေပြီးတော့ ဝင်လာတဲ့ သူတွေကို ဘူးသီးတောင် – မောင်တောကလူတွေက အကုန်လုံးလက်ခံတယ်။ လာခိုင်းပြီးတော့ သန်းခေါင်စာရင်းထဲမှာ အတင်းထည့်ကြတယ်၊ ထည့်တဲ့အခါ လူမျိုးဆိုတဲ့နေရာမှာ တချို့က ရခိုင်မွတ်ဆလင်ဆိုပြီး ထည့်တယ်၊ တချို့က ရိုဟင်ဂျာဆိုတာ ထည့်တယ်။**

ဒါကြောင့်မို့ ကျွန်တော်တို့က သူတို့သုံးတဲ့ စကားလုံးက ဒီအနောက်တိုင်းမှာရှိတဲ့ သုတေသီ ပညာရှင်တွေပြောသလို ၁၉၅၀ ပတ်ဝန်းကျင်လောက်မှ စပြီးတော့ပေါ်ပေါက်လာခဲ့တာ လူမျိုးနာမည်အတုတစ်ခုဖြစ်တယ်ဆိုတာ မှန်းလို့ရတယ်။ တမင်တကာလုပ်ပြီး နိုင်ငံရေးအရ တမင်တကာ ဖန်တီးပြီး ရယူတယ်ဆိုတာကို မှန်းဆလို့ ရတယ်။

သတင်းအဖွဲ့

---



မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်၌ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း (၃) အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဇန်နဝါရီ ၁၈ ရက်က မြို့ပေါ်ရပ်ကွက်များရှိ မဲရုံများ ပြင်ဆင်ထားရှိမှုကို ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတင်ဝင်းဆွေနှင့် တာဝန်ရှိသူများ ကြည့်ရှုစစ်ဆေးစဉ်။

အလင်းသစ် (ပြန်/ဆက်)

## မှော်ဘီမြို့နယ် အရှေ့သရက်ကုန်း-ပျဉ်ထောင်တွင်းကျေးရွာချင်းဆက်လမ်း ကွန်ကရစ်ခင်းကျင်း

**မှော်ဘီ ဇန်နဝါရီ ၁၈**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် အရှေ့သရက်ကုန်း–ပျဉ်ထောင်တွင်း ကျေးရွာချင်းဆက်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုများကို ယမန်နေ့က သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးခန့်ဇော်နှင့် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ကွန်ကရစ်လမ်းမှာ ၂၀၂၅–၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စုအထွေထွေပိုလျှံ (Quick Win) ရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး လမ်းအရှည် ပေ ၂၀၀၀၊ အကျယ် ၁၂ ပေနှင့် ဒုခုနစ်လက်မဖြစ်သည်။ ရန်ကုန်တိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) ဦးသက်ဇော်က လမ်းလုပ်ငန်းဆောင်ရွက်မည့်အခြေအနေများကို ရှင်းလင်းတင်ပြရာ အမြဲတမ်းအတွင်းဝန်က လမ်းလုပ်ငန်းဆောင်ရွက်ရာတွင် သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ရန်၊ အရည်အသွေးပြည့်မီစေရေး



အလေးထားဆောင်ရွက်ရန်နှင့် လမ်းဘေးဝဲ/ယာ ရေမြောင်းများအား မဖြစ်မနေထည့်သွင်းဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ အမြဲတမ်းအတွင်းဝန်သည် တိုးပွားသမဝါယမနို့စားနွားမွေးမြူရေးခြံသို့ ဝင်ရောက်ကြည့်ရှုစစ်ဆေးသည်။

**ကောင်းမြတ်သူ(မှော်ဘီ)**

## ကချင်ပြည်နယ်ဝန်ကြီးချုပ် နည်းပညာတက္ကသိုလ်(မြစ်ကြီးနား)၏ အင်ဂျင်နီယာဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်



**မြစ်ကြီးနား ဇန်နဝါရီ ၁၈**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ နည်းပညာတက္ကသိုလ်(မြစ်ကြီးနား)၏ (၁၉)ကြိမ်မြောက် အင်ဂျင်နီယာ ဘွဲ့နှင်းသဘင်အခမ်းအနားကို Poly-technic University (မြစ်ကြီးနား) ၏ ဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့် တာဝန်ရှိသူများ တက်ရောက်အားပေးကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က နည်းပညာတက္ကသိုလ်သည် ဒေသခံလူငယ်များကို အင်ဂျင်နီယာများအဖြစ် နှစ်ပေါင်း ၄၀ ကျော်အတွင်း AGTI ဒီပလိုမာ ၁၇၇၄ ဦး၊ B.Tech နည်းပညာဘွဲ့ ၁၂၉၆ ဦး၊ B.E အင်ဂျင်နီယာဘွဲ့ ၁၃၉၁ ဦး၊ M.E မာစတာဘွဲ့ ၂၆ ဦး စုစုပေါင်း ၄၄၈၇ ဦးကို မွေးထုတ်ပေးနိုင်ခဲ့ပြီဖြစ်သည့်အပြင် ယနေ့ (၁၉) ကြိမ်မြောက် ဘွဲ့နှင်းသဘင်တွင်လည်း ဘွဲ့ရမောင်မယ် ၆၅ ဦးကို သက်ဆိုင်ရာ အင်ဂျင်နီယာဘွဲ့များ အပ်နှင်းပေးသွားမည်ဖြစ်သည့်အတွက် အထူးပင်ဝမ်းမြောက်ဂုဏ်ယူပါကြောင်း ပြောကြားသည်။

ထို့နောက် တာဝန်ခံပါမောက္ခချုပ် ဒေါက်တာမင်းမင်းဦးနှင့် တက္ကသိုလ်စီမံခန့်ခွဲရေးနှင့် ပညာရေးအဖွဲ့ဝင်များက ၂၀၂၅ ခုနှစ် နိုဝင်ဘာလတွင် ကျောင်းပြီးခဲ့သည့် ကျောင်းသား ကျောင်းသူ ၆၅ ဦးတို့အနက် မြို့ပြအင်ဂျင်နီယာဘွဲ့အတွက် ၂၇ ဦး၊ အီလက်ထရောနစ်အင်ဂျင်နီယာဘွဲ့အတွက် ၁၄ ဦး၊ လျှပ်စစ်စွမ်းအားအင်ဂျင်နီယာဘွဲ့အတွက် ၁၁ ဦးနှင့် စက်မှုအင်ဂျင်နီယာဘွဲ့အတွက် ၁၃ ဦးတို့အား ဘွဲ့လက်မှတ်များ အပ်နှင်းသည်။ **ပြည်နယ်(ပြန်/ဆက်)**

## ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဟိုပုံးမြို့၌ ရွှေရတုခန်းမဆောင်ဖွင့်ပွဲနှင့် အာစရိယပူဇော်ပွဲ တက်ရောက်

**ဟိုပုံး ဇန်နဝါရီ ၁၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်၌ ရွှေရတုခန်းမဖွင့်ပွဲနှင့် အာစရိယပူဇော်ပွဲကို ယနေ့နံနက် ၁၀ နာရီက အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်းရှိ ရွှေရတုခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရဲထွေးနှင့် အဖွဲ့ဝင်များ၊ ကျောင်းအကျိုးတော်ဆောင် နာယက ဦးတက်စိုးတို့က ရွှေရတုခန်းမဆောင်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး ဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌက အမှာစကားပြောကြားကာ ကျောင်းအကျိုးတော်ဆောင် နာယက ဦးတက်စိုးက ရွှေရတုခန်းမဆောင်နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျောင်းအကျိုးတော်ဆောင် ဒုတိယဥက္ကဋ္ဌက ရွှေရတုခန်းမဆောင်နှင့် ပတ်သက်သည့် ငွေစာရင်းများကို ရှင်းလင်းပြောကြားပြီး အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း ကျောင်းသား ကျောင်းသူဟောင်းများကိုယ်စား ဒေါ်နန်းထွေးထွေးထိုက်နှင့် အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်း ကျောင်းအုပ်ကြီး ဦးလေးလွင်တို့က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် ဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌနှင့် ဇနီးတို့က ရွှေရတုခန်းမဆောင်ဖွင့်ပွဲအတွက် အလှူငွေများ ပေးအပ်ရာ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း ကျောင်းအုပ်ကြီးက လက်ခံရယူသည်။

ဆက်လက်၍ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက အကပဒေသာများဖြင့် ကပြဖျော်ဖြေပြီး ဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများသည် နိဗ္ဗာန်ဈေးအားလှည့်လည်ကြည့်ရှုအားပေးသည်။ အဆိုပါ အဆောက်အအုံသည် အလျား ပေ ၁၂၀၊ အနံ ပေ ၆၀ ဖြစ်ပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ငွေကျပ်သိန်း ၁၆၀၊ ပညာရေးဝန်ကြီးဌာနမှ ခန်းမဆောင်အတွက် ငွေကျပ် ၁၉၈ သိန်းနှင့် ခန်းမဆောင် အဝင်လမ်းအတွက် ငွေကျပ်သိန်း ၁၂၀၊ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ကျောင်းသား ကျောင်းသူဟောင်းများ၊ မြို့မိမြို့ဖများမှ ငွေကျပ် ၁၅၃၇ သိန်းဖြင့် ဆောက်လုပ်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

**ပအိုဝ်းဒေသ(ပြန်/ဆက်)**

## (၇၉) နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားတက်ရောက်မည့် ယဉ်ကျေးမှုအဖွဲ့များအတွက် စားရိပ်သာ၊ အိပ်ဆောင်နှင့် ကြိုဆိုနှုတ်ဆက်ပွဲ ကျင်းပမည့် ခန်းမနေရာများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၁၈**

(၇၉) နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကျင်းပရေး ယဉ်ကျေးမှုအဖွဲ့များ ကြိုဆိုနေရာချထားရေးနှင့် ဧည့်ခံကျွေးမွေးရေးဆပ်ကော်မတီဥက္ကဋ္ဌ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်းသည် အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ကြိုဆိုနေရာချထားရေးနှင့် ဧည့်ခံကျွေးမွေးရေးဆပ်ကော်မတီ အဖွဲ့ဝင်များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် စည်ပင်ဧည့်ရိပ်သာအတွင်းရှိပြည်ထောင်စုနေ့အခမ်းအနားသို့ တက်ရောက်မည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ယဉ်ကျေးမှုအဖွဲ့များ ဧည့်ခံကျွေးမွေးမည့် ရိပ်သာ ပြန်လည်ပြုပြင်ဆောင်ရွက်ထားရှိမှု၊ ကျွေးမွေးမည့်နေရာနှင့် အစားအသောက်ကျွေးမွေးမည့် ပုံစံနမူနာ ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ ချက်ပြုတ်ပြင်ဆင်မည့် မီးဖိုနေရာ၊ ဟင်းသီးဟင်းရွက်များနှင့် ကုန်ခြောက်များ သိုလှောင်သိမ်းဆည်းထားရှိမည့် နေရာများ၊ တိုင်းရင်းသားယဉ်ကျေးမှု အဖွဲ့များနေထိုင်မည့် အိပ်ဆောင်ခင်းကျင်းထားရှိမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ကြိုဆိုနေရာချထားရေး၊ ဧည့်ခံကျွေးမွေးရေး ကိစ္စရပ်များတွင် လစ်ဟင်းမှုများမရှိစေရေးအတွက် အထူးဂရုစိုက် ဆောင်ရွက်သွားရန် လိုကြောင်း တာဝန်ရှိသူများကို မှာကြားသည်။



ယင်းနောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် မြို့တော်ခန်းမသို့ သွားရောက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြို့တော်ဝန်နှင့် တာဝန်ရှိသူများ၊ ကြိုဆိုနေရာချထားရေးနှင့် ဧည့်ခံကျွေးမွေးရေး ဆပ်ကော်မတီ အဖွဲ့ဝင်များနှင့်အတူ အခမ်းအနားသို့ တက်ရောက်မည့် တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များ ကြိုဆိုနှုတ်ဆက်ပွဲ အခမ်းအနားကျင်းပမည့် ခန်းမနေရာပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ကြိုတင်ပြင်ဆင်ဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## အာဆီယံ မသန်စွမ်းအားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာမသန်စွမ်းအားကစားသမားများ၏ မသန်စွမ်းမှုအဆင့်သတ်မှတ်စစ်ဆေးမှု ကြည့်ရှုလေ့လာ

**နေပြည်တော် ဇန်နဝါရီ ၁၈**

မြန်မာနိုင်ငံမသန်စွမ်းအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်ချုပ်လှမိုးသည် ယနေ့နံနက်ပိုင်းတွင် မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ချုပ်မှ ဒုတိယဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များနှင့်အတူ (၁၃) ကြိမ်မြောက် အာဆီယံ မသန်စွမ်းအားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာမသန်စွမ်းအားကစားအဖွဲ့၏ မသန်စွမ်းမှုအဆင့် သတ်မှတ်စစ်ဆေးနေမှုများကို သွားရောက်ကြည့်ရှုလေ့လာသည်။

ဦးစွာ မြန်မာနိုင်ငံမသန်စွမ်းအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ထိုင်းနိုင်ငံ Nakhon Ratchasima Rajabhat University ဘောလုံးကွင်းအတွင်းရှိ Classification Room တွင် မသန်စွမ်းမှုအဆင့် သတ်မှတ်စစ်ဆေးနေသော မြန်မာမသန်စွမ်း ခုနစ်ယောက်တစ်ဖက်ဘောလုံးအသင်းမှ ကစားသမားများနှင့် တွေ့ဆုံအားပေးစကားပြောကြားပြီး မြန်မာမသန်စွမ်း ခုနစ်ယောက်တစ်ဖက်ဘောလုံးအသင်း တစ်ဦးချင်း မသန်စွမ်းမှု အဆင့်သတ်မှတ်စစ်ဆေးနေမှုကို ကြည့်ရှုလေ့လာကာ တာဝန်ရှိသူများနှင့် အုပ်ချုပ်/နည်းပြများကို လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ဘိုစီယာ၊ ဂိုးလ်ဘော၊ ပြေးခုန်ပစ်၊ ထိုင်လျက်ဘော်လီဘော၊ သေနတ်ပစ်၊ စားပွဲတင်တင်းနစ်နှင့် Power-Lifting ကစားနည်းတို့မှ ကစားနည်းအလိုက် မြန်မာမသန်စွမ်းအားကစားသမားများ၏ မသန်စွမ်းမှု အဆင့်သတ်မှတ်စစ်ဆေးခြင်းများ၊ မြန်မာမသန်စွမ်း ဘိုစီယာအသင်းနှင့် ဂိုးလ်ဘောအသင်းတို့၏ လေ့ကျင့်နေမှုများကို သွားရောက်ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



❑ **နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ( အပိုင်း ၂ ) တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်လောင်းတစ်ဦးချင်း ဆန္ဒမဲရရှိမှုအခြေအနေ

| စဉ် | မဲဆန္ဒနယ် | ကိုယ်စားလှယ်လောင်း အမည် | ပါတီ/တစ်သီးပုဂ္ဂလ | မဲရုံမဲ အရေအတွက် | ကြိုတင်မဲ အရေအတွက် | ခိုင်လုံမဲ စုစုပေါင်း | ခိုင်လုံမဲ ရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|
| | ကချင်ပြည်နယ် | | | | | | |
| ၁ | မချမ်းဘော | | | ၃၄၅၈ | ၄၄၇ | ၃၉၀၅ | |
| | | ဦးရားဝမ်ဂျူ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၅၂၂ | ၃၇၅ | ၁၈၉၇ | ၄၈.၅၈% |
| | | ဦးဆန်နိုင်ဖေရမ် | ကချင်ပြည်နယ်ပြည်သူ့ပါတီ | ၁၃၀၂ | ၄၃ | ၁၃၄၅ | ၃၄.၄၄% |
| | | ဦးငွါးအားဖူ | လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၄၈၃ | ၁၉ | ၅၀၂ | ၁၂.၈၆% |
| | | ဦးဂျေယိုမိုး | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၁၅၁ | ၁၀ | ၁၆၁ | ၄.၁၂% |
| ၂ | ဝိုင်းမော် | | | ၁၉၃၁၈ | ၁၉၄၄ | ၂၁၂၆၂ | |
| | | ဒေါ်မိုးသီတာသိန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၆၀၆၈ | ၇၉၅ | ၆၈၆၃ | ၃၂.၂၈% |
| | | ဦးတိန့်ဆောင် | ဒီမိုကရေစီပါတီသစ်(ကချင်)ပါတီ | ၄၂၈၉ | ၄၁၅ | ၄၇၀၄ | ၂၂.၁၂% |
| | | ဦးအားဆီဖီးထွေ | လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၂၈၈၁ | ၃၄၄ | ၃၂၂၅ | ၁၅.၁၇% |
| | | ဦးအိုင်ပလွတ် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၇၉၉ | ၁၃၉ | ၁၉၃၈ | ၉.၁၁% |
| | | ဒေါ်မာရှန်(ခ)ဒေါ်ဂွန်ထန်ကော့ရှန် | တစ်သီးပုဂ္ဂလ | ၁၈၀၈ | ၁၁၉ | ၁၉၂၇ | ၉.၀၆% |
| | | ဦးမိတုံဂမ်အောင်(ခ)ဘရန်အောင် | ကချင်ပြည်နယ်ပြည်သူ့ပါတီ | ၁၂၅၂ | ၅၁ | ၁၃၀၃ | ၆.၁၃% |
| | | ဦးဘရန်ရှောင် | တစ်သီးပုဂ္ဂလ | ၆၆၂ | ၅၂ | ၇၁၄ | ၃.၃၆% |
| | | ဒေါ်အေးသဉ္ဇာ | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၅၅၉ | ၂၉ | ၅၈၈ | ၂.၇၇% |

## ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပိုင်း(၂) တိုင်းဒေသကြီး / ပြည်နယ်လွှတ်တော်(အချိုးကျကိုယ်စားပြုစနစ်) ကချင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၁) နိုင်ငံရေးပါတီများ၏ ကိုယ်စားလှယ်လောင်းရရှိမှုအခြေအနေ

နိုင်ငံရေးပါတီအသီးသီးအတွက် အနည်းဆုံးရရှိရမည့်အခြေခံမဲ = နိုင်လုံမဲစုစုပေါင်း / ရွေးကောက်တင်မြှောက်ရမည့်ကိုယ်စားလှယ်အရေအတွက် = ၆၇၁၆၃ / ၉ = ၇၄၆၂

| စဉ် | PR မဲဆန္ဒနယ် | စဉ် | ပါတီအမည် | ရရှိသော ခိုင်လုံမဲအရေအတွက် | အခြေခံမဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ကြွင်းကျန်မဲ စုစုပေါင်း | ကြွင်းကျန်မဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ရရှိမည့် ကိုယ်စားလှယ် အရေအတွက် စုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| | ကချင်ပြည်နယ် | | | | | | | | |
| ၁ | PR မဲဆန္ဒနယ်အမှတ်(၁) | | | ၆၇၁၆၃ | ၆ | | ၃ | ၉ | |
| | | ၁။ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၈၃၇၆ | ၃ | ၅၉၉၀ | ၁ | ၄ | |
| | | ၂။ | လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၁၁၁၉၇ | ၁ | ၃၇၃၅ | - | ၁ | |
| | | ၃။ | ဒီမိုကရေစီပါတီသစ်(ကချင်)ပါတီ | ၈၃၆၄ | ၁ | ၉၀၂ | - | ၁ | |
| | | ၄။ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၇၅၀၇ | ၁ | ၄၅ | - | ၁ | |
| | | ၅။ | ကချင်ပြည်နယ်ပြည်သူ့ပါတီ | ၇၃၆၃ | - | ၇၃၆၃ | ၁ | ၁ | |
| | | ၆။ | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၄၃၅၆ | - | ၄၃၅၆ | ၁ | ၁ | |

ရှင်းလင်းချက် ။

( ၁ ) ၇-၁-၂၀၂၆ ရက်နေ့ထုတ် သတင်းစာများတွင်ထုတ်ပြန်ကြေညာထားပြီးဖြစ်သည့် ကချင်ပြည်နယ်လွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် တနိုင်း၊ ခေါင်လန်ဖူး၊ နောင်မွန်း၊ ပူတာအိုမြို့နယ်မဲဆန္ဒနယ်များနှင့် ၁၈-၁-၂၀၂၆ ရက်စွဲပါကြေညာချက်(၁၇/၂၀၂၆) ဖြင့် ထုတ်ပြန်ကြေညာခဲ့သည့် မချမ်းဘော၊ ဝိုင်းမော်မြို့နယ်မဲဆန္ဒနယ်များ၏ လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးချင်းရရှိသည့် ဆန္ဒမဲရရှိမှုစာရင်းများကိုပေါင်း၍ တွက်ချက်ထားခြင်းဖြစ်ပါသည်။

( ၂ ) အထက်ပါတွက်ချက်မှုဇယားအရ နိုင်ငံရေးပါတီများမှ ဦးစားပေးအစီအစဉ်အတိုင်း တင်ပြထားသည့် ကိုယ်စားလှယ်အမည်စာရင်းအား နိုင်ငံရေးပါတီများရရှိသည့် ခိုင်လုံမဲအများအနည်းအပေါ်မူတည်၍ မြို့နယ်များ၏ လူဦးရေအများအနည်းအတိုင်းစဉ်၍ထားခြင်းဖြစ်ပါသည်။

## ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ (အပိုင်း ၂ )တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်လောင်းတစ်ဦးချင်း ဆန္ဒမဲရရှိမှုအခြေအနေ

| စဉ် | မဲဆန္ဒနယ် | ကိုယ်စားလှယ်လောင်း အမည် | ပါတီ/တစ်သီးပုဂ္ဂလ | မဲရုံမဲ အရေအတွက် | ကြိုတင်မဲ အရေအတွက် | ခိုင်လုံမဲ စုစုပေါင်း | ခိုင်လုံမဲ ရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|
| | ကယားပြည်နယ် | | | | | | |
| ၁ | ဒီးမော့ဆို | | | ၉၂၆ | ၁၁၁၃ | ၂၀၃၉ | |
| | | ဦးစိုးရယ် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၆၂၆ | ၇၉၄ | ၁၄၂၀ | ၆၉.၆၄% |
| | | ဒေါ်ခိုင်ရွှေဝင်း | ကယားပြည်နယ်ပြည်သူ့ပါတီ | ၁၇၂ | ၁၇၆ | ၃၄၈ | ၁၇.၀၇% |
| | | ဦးကျော်ဝင်း | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၂၈ | ၁၄၃ | ၂၇၁ | ၁၃.၂၉% |
| ၂ | ဖရူဆို | | | ၂၉၅ | ၇၅၄ | ၁၀၄၉ | |
| | | ဦးဂျိုးဇက်ကျော် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၅၅ | ၇၁၃ | ၉၆၈ | ၉၂.၂၈% |
| | | ဦးစောဟူးဟူး | ကယားပြည်နယ်ပြည်သူ့ပါတီ | ၄၀ | ၄၁ | ၈၁ | ၇.၇၂% |

စာမျက်နှာ ၁၂ သို့

စာမျက်နှာ ၁၁ မှ

## ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပိုင်း(၂) တိုင်းဒေသကြီး / ပြည်နယ်လွှတ်တော်(အချိုးကျကိုယ်စားပြုစနစ်) ကယားပြည်နယ်မဲဆန္ဒနယ်အမှတ်(၁) နိုင်ငံရေးပါတီများ၏ ကိုယ်စားလှယ်လောင်းရရှိမှုအခြေအနေ

နိုင်ငံရေးပါတီအသီးသီးအတွက် အနည်းဆုံးရရှိရမည့်အခြေခံမဲ = ခိုင်လုံမဲစုစုပေါင်း / ရွေးကောက်တင်မြှောက်ရမည့်ကိုယ်စားလှယ်အရေအတွက် = ၃၆၈၇၉ / ၇ = ၅၂၆၈

| စဉ် | PR မဲဆန္ဒနယ် | စဉ် | ပါတီအမည် | ရရှိသော ခိုင်လုံမဲအရေအတွက် | အခြေခံမဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ကြွင်းကျန်မဲ စုစုပေါင်း | ကြွင်းကျန်မဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ရရှိမည့် ကိုယ်စားလှယ် အရေအတွက် စုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| | ကယားပြည်နယ် | | | | | | | | |
| ၁ | PR မဲဆန္ဒနယ်အမှတ်(၁) | | | ၃၆၈၇၉ | ၆ | | ၁ | ၇ | |
| | | ၁။ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၉၇၈၉ | ၃ | ၃၉၈၅ | ၁ | ၄ | |
| | | ၂။ | ကယားပြည်နယ်ပြည်သူ့ပါတီ | ၁၁၁၃၀ | ၂ | ၅၉၄ | - | ၂ | |
| | | ၃။ | ပြည်သူ့ရှေ့ဆောင်ပါတီ | ၅၉၆၀ | ၁ | ၆၉၂ | - | ၁ | |

ရှင်းလင်းချက် ။ (၁) ၇-၁-၂၀၂၆ ရက်နေ့ထုတ် သတင်းစာများတွင်ထုတ်ပြန်ကြေညာထားပြီးဖြစ်သည့် ကယားပြည်နယ်လွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် ဘောလခဲ၊ လွိုင်ကော်မြို့နယ်မဲဆန္ဒနယ်များနှင့် ၁၈-၁-၂၀၂၆ ရက်စွဲပါကြေညာချက်(၁၇/၂၀၂၆) ဖြင့် ထုတ်ပြန်ကြေညာခဲ့သည့် ဒီးမော့ဆို၊ ဖရူဆိုမြို့နယ်မဲဆန္ဒနယ်များ၏ လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးချင်း ရရှိသည့်ဆန္ဒမဲရရှိမှုစာရင်းများကိုပေါင်း၍ တွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) အထက်ပါတွက်ချက်မှုဇယားအရ နိုင်ငံရေးပါတီများမှ ဦးစားပေးအစီအစဉ်အတိုင်း တင်ပြထားသည့် ကိုယ်စားလှယ်အမည်စာရင်းအား နိုင်ငံရေးပါတီများရရှိသည့် ခိုင်လုံမဲအများအနည်းအပေါ်မူတည်၍ မြို့နယ်များ၏ လူဦးရေအများအနည်းအတိုင်းစဉ်၍ထားခြင်းဖြစ်ပါသည်။

## ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ (အပိုင်း ၂ )တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်လောင်းတစ်ဦးချင်း ဆန္ဒမဲရရှိမှုအခြေအနေ

| စဉ် | မဲဆန္ဒနယ် | ကိုယ်စားလှယ်လောင်း အမည် | ပါတီ/တစ်သီးပုဂ္ဂလ | မဲရုံမဲ အရေအတွက် | ကြိုတင်မဲ အရေအတွက် | ခိုင်လုံမဲ စုစုပေါင်း | ခိုင်လုံမဲ ရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|
| | စစ်ကိုင်းတိုင်းဒေသကြီး | | | | | | |
| ၁ | ကလေးဝ | | | ၃၈၁၀ | ၆၀၇ | ၄၄၁၇ | |
| | | ဦးထွန်းထွန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၀၇၁ | ၄၁၇ | ၂၄၈၈ | ၅၆.၀၇% |
| | | ဒေါ်သီသီထွန်း | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၇၅၉ | ၁၉၀ | ၁၉၄၉ | ၄၃.၉၃% |
| ၂ | မင်းကင်း | | | ၆၄၃၂ | ၁၀၃၄ | ၇၄၆၆ | |
| | | ဦးဆန်းဝင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၄၇၃၈ | ၈၄၆ | ၅၅၈၄ | ၇၄.၇၉% |
| | | ဦးတင်ငွေ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၆၉၄ | ၁၈၈ | ၁၈၈၂ | ၂၅.၂၁% |
| ၃ | ဖောင်းပြင် | | | ၉၆၅၂ | ၁၆၁၅ | ၁၁၂၆၇ | |
| | | ဦးတင်မင်းထွဋ် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၆၅၀၈ | ၁၄၀၂ | ၇၉၁၀ | ၇၀.၂၀% |
| | | ဦးတင့်ဆွေဦး | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၂၃၅၄ | ၁၂၁ | ၂၄၇၅ | ၂၁.၉၇% |
| | | ဒေါ်မြမြနွယ် | ရှမ်းနီ(တိုင်းလျှန်)သွေးစည်းညီညွတ်ရေးပါတီ | ၇၉၀ | ၉၂ | ၈၈၂ | ၇.၈၃% |
| ၄ | ကျွန်းလှ | | | ၁၂၇၂၄ | ၁၁၉၅ | ၁၃၉၁၉ | |
| | | ဦးမြင့်တင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၇၉၄၅ | ၉၇၉ | ၈၉၂၄ | ၆၄.၁၁% |
| | | ဒေါ်စန်းစန်းမော် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၄၇၇၉ | ၂၁၆ | ၄၉၉၅ | ၃၅.၈၉% |

## ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပိုင်း(၂) တိုင်းဒေသကြီး / ပြည်နယ်လွှတ်တော်(အချိုးကျကိုယ်စားပြုစနစ်) စစ်ကိုင်းတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၁) နိုင်ငံရေးပါတီများ၏ ကိုယ်စားလှယ်လောင်းရရှိမှုအခြေအနေ

နိုင်ငံရေးပါတီအသီးသီးအတွက် အနည်းဆုံးရရှိရမည့်အခြေခံမဲ = ခိုင်လုံမဲစုစုပေါင်း / ရွေးကောက်တင်မြှောက်ရမည့်ကိုယ်စားလှယ်အရေအတွက် = ၁၄၅၇၄၀ / ၁၁ = ၁၃၂၄၉

| စဉ် | PR မဲဆန္ဒနယ် | စဉ် | ပါတီအမည် | ရရှိသော ခိုင်လုံမဲအရေအတွက် | အခြေခံမဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ကြွင်းကျန်မဲ စုစုပေါင်း | ကြွင်းကျန်မဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ရရှိမည့် ကိုယ်စားလှယ် အရေအတွက် စုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| | စစ်ကိုင်းတိုင်းဒေသကြီး | | | | | | | | |
| ၁ | PR မဲဆန္ဒနယ်အမှတ်(၁) | | | ၁၄၅၇၄၀ | ၉ | | ၂ | ၁၁ | |
| | | ၁။ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၆၈၇၁၃ | ၅ | ၂၄၆၈ | - | ၅ | |
| | | ၂။ | နာဂအမျိုးသားပါတီ | ၃၃၂၅၀ | ၂ | ၆၇၅၂ | ၁ | ၃ | |
| | | ၃။ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၂၅၃၆၃ | ၁ | ၁၂၁၁၄ | ၁ | ၂ | |
| | | ၄။ | ရှမ်းနီ(တိုင်းလျှန်)သွေးစည်းညီညွတ်ရေးပါတီ | ၁၈၄၁၄ | ၁ | ၅၁၆၅ | - | ၁ | |

ရှင်းလင်းချက် ။ (၁) ၇-၁-၂၀၂၆ ရက်နေ့ထုတ် သတင်းစာများတွင်ထုတ်ပြန်ကြေညာထားပြီးဖြစ်သည့် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် လေရှီး၊ လဟယ်၊ နန်းယွန်း၊ ကလေး၊ ခန္တီး၊ ဟုမ္မလင်းမြို့နယ်မဲဆန္ဒနယ်များနှင့် ၁၈-၁-၂၀၂၆ ရက်စွဲပါကြေညာချက် (၁၇ /၂၀၂၆) ဖြင့် ထုတ်ပြန်ကြေညာခဲ့သည့် ကလေးဝ၊ မင်းကင်း၊ ဖောင်းပြင်မြို့နယ်မဲဆန္ဒနယ်များ၏ လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးချင်းရရှိသည့် ဆန္ဒမဲရရှိမှုစာရင်းများကိုပေါင်း၍ တွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) အထက်ပါတွက်ချက်မှုဇယားအရ နိုင်ငံရေးပါတီများမှ ဦးစားပေးအစီအစဉ်အတိုင်း တင်ပြထားသည့် ကိုယ်စားလှယ်အမည်စာရင်းအား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ၃ မြို့နယ်ရှိ လူဦးရေအများအနည်းအရလည်းကောင်း၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များရရှိသည့် ခိုင်လုံမဲအများနည်းနှင့် ဒေသခံတိုင်းရင်းသားလူမျိုးအရလည်းကောင်း ကိုယ်စားပြုမြို့နယ်များသတ်မှတ်ထားခြင်းဖြစ်ပါသည်။

စာမျက်နှာ ၁၃ သို့

စာမျက်နှာ ၁၂ မှ

## တိုင်းဒေသကြီး / ပြည်နယ်လွှတ်တော်(အချိုးကျကိုယ်စားပြုစနစ်)၊ စစ်ကိုင်းတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၃) နိုင်ငံရေးပါတီများ၏ ကိုယ်စားလှယ်လောင်းရရှိမှုအခြေအနေ

နိုင်ငံရေးပါတီအသီးသီးအတွက် အနည်းဆုံးရရှိရမည့်အခြေခံမဲ = ခိုင်လုံမဲစုစုပေါင်း / ရွေးကောက်တင်မြှောက်ရမည့်ကိုယ်စားလှယ်အရေအတွက် = ၄၅၂၃၂ / ၉ = ၅၀၂၅

| စဉ် | PR မဲဆန္ဒနယ် | စဉ် | ပါတီအမည် | ရရှိသော ခိုင်လုံမဲအရေအတွက် | အခြေခံမဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ကြွင်းကျန်မဲ စုစုပေါင်း | ကြွင်းကျန်မဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ရရှိမည့် ကိုယ်စားလှယ် အရေအတွက် စုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| | စစ်ကိုင်းတိုင်းဒေသကြီး | | | | | | | | |
| ၂ | PR မဲဆန္ဒနယ်အမှတ်(၃) | | | ၄၅၂၃၂ | ၈ | | ၁ | ၉ | |
| | | ၁။ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၉၅၄၄ | ၅ | ၄၄၁၉ | ၁ | ၆ | |
| | | ၂။ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၅၆၈၈ | ၃ | ၆၁၃ | - | ၃ | |

ရှင်းလင်းချက် ။ (၁) ၇-၁-၂၀၁၆ ရက်နေ့ထုတ် သတင်းစာများတွင်ထုတ်ပြန်ကြေညာထားပြီးဖြစ်သည့် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် ကသာ၊ ကန့်ဘလူမြို့နယ် မဲဆန္ဒနယ်များနှင့် ၁၈-၁-၂၀၁၆ ရက်စွဲပါကြေညာချက်(၁၇/၂၀၁၆) ဖြင့် ထုတ်ပြန်ကြေညာခဲ့သည့် ကျွန်းလှမြို့နယ်မဲဆန္ဒနယ်တို့၏ လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးချင်းရရှိသည့် ဆန္ဒမဲရရှိမှုစာရင်းများကိုပေါင်း၍ တွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) အထက်ပါတွက်ချက်မှုဇယားအရ နိုင်ငံရေးပါတီများမှ ဦးစားပေးအစီအစဉ်အတိုင်း တင်ပြထားသည့် ကိုယ်စားလှယ်အမည်စာရင်းအား နိုင်ငံရေးပါတီများရရှိသည့် ခိုင်လုံမဲ အများအနည်းအပေါ်မူတည်၍ မြို့နယ်များ၏ လူဦးရေအများအနည်းအတိုင်းစဉ်၍ထားခြင်းဖြစ်ပါသည်။

## တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့က ကော့သောင်းခရိုင်အတွင်းရှိ ရဲမှုထမ်းဟောင်းအဖွဲ့ဝင်များအား ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်ချီးမြှင့်

**ကော့သောင်း ဇန်နဝါရီ ၁၈**

တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့က ကော့သောင်းခရိုင်အတွင်းရှိ ရဲမှုထမ်းဟောင်းအဖွဲ့ဝင်များအား ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်ချီးမြှင့်ခြင်းကို ယနေ့နံနက်ပိုင်းက ကော့သောင်းမြို့ မဇ္ဈူသကခန်းမဦ်ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကို၊ တနင်္သာရီတိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ၊ တနင်္သာရီတိုင်းဒေသကြီး ရဲမှုထမ်းဟောင်းများ ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်မြင့်၊ တိုင်းဒေသကြီးမှတာဝန်ရှိသူများ၊ ခရိုင်နှင့်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ်မှ ဌာနဆိုင်ရာများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် ရဲမှုထမ်းဟောင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။



ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက ရဲမှုထမ်းဟောင်းအဖွဲ့ဝင်များအနေဖြင့် ယခင်က ရပ်ရွာတည်ငြိမ်အေးချမ်းရေးကို အကောင်းဆုံးလုပ်ဆောင်ခဲ့ကြသူများဖြစ်သည့်အတွက် တတ်နိုင်သည့်ဘက်မှ တည်ငြိမ်အေးချမ်းရေးကို ဝိုင်းဝန်းဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း၊ တိုင်းဒေသကြီးအတွင်း ခရိုင်အလိုက် ရဲမှုထမ်းဟောင်းအဖွဲ့စည်းရုံးရေးကော်မတီများ ဖွဲ့စည်းထားရှိ၍ ရုံးမြေနေရာရရှိရေး၊ ရုံးအဆောက်အအုံရရှိရေးနှင့် အလုပ်အကိုင်များရရှိစေရေး ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ကော့သောင်းမြို့နယ်အတွင်း ကျင်းပပြီးစီးခဲ့သည့် ရွေးကောက်ပွဲအပိုင်း(၁)တွင် ရဲမှုထမ်းဟောင်းအဖွဲ့ဝင်များအနေဖြင့် တတ်နိုင်သည့်ဘက်မှ ဝိုင်းဝန်းဆောင်ရွက်ခဲ့ကြသည့်အတွက်လည်း ကျေးဇူးတင်ရှိပါကြောင်း၊ လက်ရှိတာဝန်ထမ်းဆောင်နေကြသော ရဲမှုထမ်းများ၊ ရဲမှုထမ်းဟောင်းအဖွဲ့ဝင်များ အနေဖြင့် အချင်းချင်း အပြန်အလှန် ကူညီရိုင်းပင်းဖေးမပြီး ကိုယ်စိတ်ချမ်းသာစွာဖြင့် ရဲတပ်ဖွဲ့၏ ဂုဏ်သိက္ခာကို အမြဲတမ်းမြှင့်တင်နိုင်အောင် ကြိုးပမ်းဆောင်ရွက်သွားကြပါရန် ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ကော့သောင်းမြို့နယ် ရဲမှုထမ်းဟောင်းအဖွဲ့သို့ ထောက်ပံ့ရေးပစ္စည်းများပေးအပ်ရာ ကော့သောင်းမြို့နယ် ရဲမှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဒုတိယရဲအုပ်သာအောင်(ငြိမ်း)က လက်ခံရယူပြီး တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး၊ တိုင်းဒေသကြီး ရဲမှုထမ်းဟောင်းများ ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်မြင့်က လက်ဆောင်ပစ္စည်းများ ပေးအပ်ရာ ကော့သောင်းမြို့နယ် ရဲမှုထမ်းဟောင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ရဲအရာခံ ကျော်ဝင်း(ငြိမ်း)က လက်ခံရယူကာ ကော့သောင်းမြို့နယ် ရဲမှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဒုတိယရဲအုပ် သာအောင်(ငြိမ်း)က ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ရဲတပ်ဖွဲ့ဝင်များ၊ ရဲမှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ရဲမိသားစုဝင်များအား ရင်းနှီးနွေးထွေးစွာ လိုက်လံနှုတ်ဆက်အားပေးစကား ပြောကြားပြီး အခမ်းအနားအပြီးတွင် ကော့သောင်းမြို့ ဘုရင့်နောင်ရပ်ကွက်အတွင်းရှိ ကော့သောင်းမြို့နယ် ရဲမှုထမ်းဟောင်းများအဖွဲ့ရုံးကို သွားရောက်ကြည့်ရှု၍ လိုအပ်သည်များမှာကြားခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## ပင်လောင်းမြို့နယ် ဝါးလီကျေးရွာနှင့် ဘုတလင်မြို့နယ်တို့၌ ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၁၈**

တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့်အတူ တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့များက ဒေသအသီးသီးရှိ ဒေသခံတိုင်းရင်းသားပြည်သူများအား ၎င်းတို့၏ မြို့နယ်၊ ကျေးရွာများအရောက် သွားရောက်၍ လူမျိုး၊ ဘာသာမရွေး ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်းမြို့နယ် ဝါးလီကျေးရွာ ဝါးလီဘုန်းတော်ကြီးကျောင်း၌ အခြေပြု၍ ဒေသခံပြည်သူ ၄၀၅ ဦးအား သားဖွားမီးယပ်ရောဂါ၊ အရိုးအကြောရောဂါ၊ နှလုံးရောဂါ၊ နား/ နှာခေါင်း/ လည်ချောင်းရောဂါ၊ ဖျားနာရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ မျက်စိရောဂါ၊ အထွေထွေရောဂါ တို့နှင့် ပတ်သက်၍ ဆေးဝါးကုသခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးခြင်းနှင့် ဓာတ်မှန်ရိုက်ကူး၍ ရောဂါရှာဖွေပေးခြင်းများ ဆောင်ရွက်သည်။



ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်နိုင်ဦးနှင့် တာဝန်ရှိသူများက သွားရောက် ကြည့်ရှုအားပေးပြီး ဝါးလီ ဘုန်းတော်ကြီးကျောင်းရှိ ကျောင်းထိုင်ဆရာတော်နှင့် မြသိန်းတန် စာသင်တိုက်ရှိ ကျောင်းထိုင်ဆရာတော်တို့အား နဝကမ္မအလှူငွေများနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

အလားတူ အနောက်မြောက်တိုင်း စစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့နယ်ရှိ သံဃာတော် နှစ်ပါး၊ သာသနာနွယ်ဝင်သီလရှင် ၁၂ ပါးနှင့် ဒေသခံပြည်သူ ၆၉ ဦးအား အဆိုပါ မြို့ရှိ စုပေါင်းရုံး၌ အခြေပြု၍ သွေးတိုးရောဂါ၊ ဆီးချိုရောဂါ၊ ဖျားနာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာရောဂါ၊ နား/ နှာခေါင်း/ လည်ချောင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အရေပြားရောဂါ၊ အရိုးအကြောရောဂါ၊ ကလေးရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ ဆေးဝါးကုသခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးခြင်းနှင့် ဓာတ်မှန်ရိုက်ကူး၍ ရောဂါရှာဖွေပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက် ကုသရန်လိုအပ်သော လူနာများအား မုံရွာမြို့ရှိ တပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး ဆောင်ရွက်ပေးခဲ့သည်။ **သတင်းစဉ်**

* ကျောဖုံးမှ

အခွင့်အရေးတစ်ရပ်ကို လက်လွှတ်ဆုံးရှုံးခဲ့ရသည်။ နော်တင်ဟမ်အသင်းသည် အာဆင်နယ်အသင်း၏ ဖိအားပေးထိန်းချုပ်ကစားမှုကြောင့် အသင်းကစားပုံ ဟန်ချက်ပျက်ခဲ့သော်လည်း တုံ့ပြန်တိုက်စစ်ဆင်မှုမှတစ်ဆင့် ပြိုင်ဘက်အသင်းခံစစ်နှင့် ဂိုးသမားတို့ကို အခက်တွေ့အောင် ကစားနိုင်ခဲ့သည်။

နော်တင်ဟမ်အသင်း ဂိုးသမားဆဲလ်စ် လက်စွမ်းပြသနိုင်ခဲ့ပြီး အာဆင်နယ်အသင်း၏ ဂိုးရရှိနိုင်သည့်အခွင့်အရေးများစွာကို ဟန့်တားကာကွယ်နိုင်ခဲ့သည်။ နော်တင်ဟမ်အသင်းသည် ပွဲချိန်တစ်လျှောက် အာဆင်နယ်အသင်းဘက်သို့ ဂိုးကန်သွင်းခွင့် ခြောက်ကြိမ်သာရရှိခဲ့ပြီး ဂိုးပေါက်တည့်မတ်မှု မရှိခဲ့ပေ။ ပြိုင်ဘက်အာဆင်နယ်အသင်းက ဂိုးကန်သွင်းခွင့် ၁၅ ကြိမ်တွင် ဂိုးပေါက်တည့်မတ်မှု သုံးကြိမ်ရရှိခဲ့သည်။

ယခုပွဲစဉ် သရေကျခဲ့သည့်အတွက် နော်တင်ဟမ်အသင်းက ရမှတ် ၂၂ မှတ်ဖြင့် တန်းဆင်းဇုန်အထက် အဆင့် (၁၇) တွင် ရပ်တည်နေပြီး အာဆင်နယ်အသင်းက ဒုတိယနေရာမှ မန်စီးတီးအသင်းထက် ခုနစ်မှတ်အသာဖြင့် ရမှတ် ၅၀ ဖြင့် အမှတ်ပေးဇယားကို ဆက်လက်ဦးဆောင်ထားသည်။ အခြားပွဲစဉ်ရလဒ်များတွင် ချယ်ဆီးက ဘရန့်ဖို့ဒ်ကို နှစ်ဂိုး-ဂိုးမရှိ၊ လိဒ်စ်က ဖူလ်ဟမ်ကို တစ်ဂိုး-ဂိုးမရှိ၊ ဆန်းဒါးလန်းက ခရစ္စတယ်ပဲလေ့စ်ကို နှစ်ဂိုး-တစ်ဂိုး၊ ဝက်စ်ဟမ်းက စပါးကို နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့ပြီး လီဗာပူးနှင့် ဘန်လေအသင်းပွဲစဉ်တွင် တစ်ဖက်တစ်ဂိုးစီဖြင့် ပွဲပြီးဆုံးခဲ့သည်။ **အောင်ဇော်**

**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

# နာဆာက လူလိုက်ပါမည့် လကမ္ဘာစူးစမ်းလေ့လာရေးယာဉ် လွှတ်တင်မည်

**နယူးယောက် ဇန်နဝါရီ ၁၈**

လကမ္ဘာပတ်လမ်းသို့ အာကာသယာဉ်မှူး လေးဦး စေလွှတ်မည့် ကြီးမားသည့် ဒုံးပျံတစ်စင်းမှာ ဖလော်ရီဒါပြည်နယ် အမေရိကန်အာကာသအေဂျင်စီ (နာဆာ)၏ ကနေဒီအာကာသစင်တာရှိ ဒုံးပျံ လွှတ်တင်မည့် နေရာသို့ ရောက်ရှိလာပြီဖြစ်ကြောင်း အင်န်အိတ်ချ်ကေသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

အလျား ၉၈ မီတာခန့်ရှည်လျားသည့် အဆိုပါ ဒုံးပျံကို ဇန်နဝါရီ ၁၇ ရက်တွင် တပ်ဆင်ရေးအဆောက်အအုံမှ ကြီးမားသည့် သယ်ယူပို့ဆောင်ရေးယာဉ်ပေါ်တင်ကာ ဒုံးပျံလွှတ်တင်မည့်နေရာသို့ ခြောက်ကီလိုမီတာခန့် ရွှေ့ပြောင်းသယ်ဆောင်ခဲ့ရကြောင်း သိရသည်။

အဆိုပါ ဒုံးပျံကို အမေရိကန်ဦးဆောင်သော အာတီးမစ်လကမ္ဘာစူးစမ်းလေ့လာရေး အစီအစဉ်၏ တစ်စိတ်တစ်ပိုင်းအဖြစ် လကမ္ဘာပတ်လမ်းသို့ စမ်းသပ်ပျံသန်းမည့် ပထမဆုံးလူလိုက်ပါသည့် ခရီးစဉ်တွင် အသုံးပြုသွားမည်ဖြစ်သည်။ ဂျပန်နိုင်ငံနှင့် အခြားသော နိုင်ငံများကလည်း လကမ္ဘာစူးစမ်းလေ့လာရေးအစီအစဉ်တွင် ပူးပေါင်းပါဝင် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယင်းဒုံးပျံလွှတ်တင်မှုကို လာမည့် ဖေဖော်ဝါရီ ၆ ရက်တွင် ပြုလုပ်သွားဖွယ်ရှိသည်။ ၁၉၇၂ ခုနှစ်က အပိုလို ၁၇ လပေါ်သို့ ဆင်းသက်ပြီးနောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် လူသားများကို ကမ္ဘာပတ်လမ်းမှ ထွက်ခွာကာ လကမ္ဘာဆီသို့ ခေါ်ဆောင်သွားမည်ဖြစ်သည်။

အာကာသယာဉ်မှူးများသည် နောင်အနာဂတ်တွင် လပေါ်သို့ ဆင်းသက်နိုင်ရန် ကြိုတင်ပြင်ဆင်မှုအနေဖြင့် အာကာသထဲတွင် ယာဉ်ချင်းချိတ်ဆက်မှု စမ်းသပ်ချက်များနှင့် အရေးပေါ်အခြေအနေများအတွက် လေ့ကျင့်ခန်းများကို လုပ်ဆောင်သွားဖွယ်ရှိကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ**





## ဆစ်ဒနီမြို့မြောက်ပိုင်း၌ ရုတ်တရက်ရေကြီးမှုအန္တရာယ်ကြောင့် ဘေးလွတ်ရာသို့ ရွှေ့ပြောင်းရန် နှိုးဆော်ထား

**ဆစ်ဒနီ ဇန်နဝါရီ ၁၈**

ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့မြောက်ပိုင်း၌ အသက်အန္တရာယ်ခြိမ်းခြောက်နိုင်သည့် ရုတ်တရက်ရေကြီးမှုကြောင့် အဆောက်အအုံသုံးလုံး မြေပြိုမှုအတွင်း ပါသွားခဲ့သည်။ ထို့ကြောင့် ဇန်နဝါရီ ၁၇ ရက် ညပိုင်းက ဘေးလွတ်ရာသို့ ရွှေ့ပြောင်းရေးအမိန့် ထုတ်ပြန်ခဲ့သည်။ မုန်တိုင်းကြောင့် မိုးသည်းထန်စွာ ရွာသွန်းပြီး ရေကြီးရေလျှံမှု ဖြစ်ပေါ်လာသည့်အတွက် ဆစ်ဒနီ မြောက်ပိုင်းကမ်းရိုးတန်းဒေသရှိ နာရဘီး လာဂွန် ဒေသတစ်ဝိုက်ရှိ ဒေသခံများကို ဇန်နဝါရီ ၁၇ ရက် ည ၁၁ နာရီမတိုင်မီ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းကြရန် အမိန့်ထုတ်ထားသည်။

နယူးဆောက်ဝေးလ်ပြည်နယ်တစ်ဝန်း ရေကြီးမှုအတွင်း ပိတ်မိနေသည့် လူပေါင်း ၂၅ ဦးကို ကယ်တင်နိုင်ခဲ့သည်ဟု ပြည်နယ်အရေးပေါ်ဝန်ဆောင်မှုအဖွဲ့က ဇန်နဝါရီ ၁၈ ရက်တွင် ပြောသည်။

မြောက်ပိုင်းကမ်းရိုးတန်းဒေသရှိ အိမ်ရာအဆောက်အအုံသုံးလုံးမှာ မိုးသည်းထန်စွာရွာသွန်းမှုအတွင်း မြေပြိုမှုကြောင့် ပျက်စီးခဲ့ရသည်။ ဆစ်ဒနီမြောက်ပိုင်းဒေသတွင် ဇန်နဝါရီ ၁၈ ရက် နံနက် ၉ နာရီအထိ ၂၄ နာရီအတွင်းမိုးရေချိန် ၁၇၉ ဒသမ ၆ မီလီမီတာရှိခဲ့ပြီး ဒီဇင်ဘာလတစ်လလုံးတွင် ရွာသွန်းခဲ့သည့် မိုးရေချိန် ၄၆ ဒသမ ၆ မီလီမီတာထက် ကျော်လွန်သွားသည်ဟု တယ်ရီဟေးလ်ဒေသရှိ မိုးလေဝသဗျူရိုက ပြောသည်။

မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မတော်တဆမှုပေါင်း ၁၄၀၀ ဖြစ်ပွားခဲ့ပြီး ၎င်းတို့အနက် ၇၄၃ ခုမှာ ဆစ်ဒနီမြို့ အနီးတစ်ဝိုက်တွင်ဖြစ်ပွားခဲ့ခြင်းဖြစ်သည်ဟု ပြည်နယ် အရေးပေါ်ဝန်ဆောင်မှုအဖွဲ့က ပြောသည်။ ဆစ်ဒနီမြို့ မြောက်ပိုင်း၌ ဇန်နဝါရီ ၁၈ ရက်တွင်လည်း မိုးသည်းထန်စွာဆက်လက်ရွာသွန်းမည်ဟု အာဏာပိုင်များက သတိပေးထားသည်။ **ဆင်ဟွာ**

## အစုလိုက်အပြုံလိုက် လေကြောင်းခရီးစဉ် ဖျက်သိမ်းမှုများကြောင့် အင်ဒီးဂိုးလေကြောင်းလိုင်း ဒဏ်ရိုက်ခံရ

**နယူးဒေလီ ဇန်နဝါရီ ၁၈**

အိန္ဒိယအရပ်ဘက် လေကြောင်းကြီးကြပ်ရေးအဖွဲ့သည် ပြီးခဲ့သည့်လက အစုလိုက် အပြုံလိုက် လေကြောင်းခရီးစဉ် ဖျက်သိမ်းမှုများ ဖြစ်ပေါ်ခဲ့သည့်အတွက် အင်ဒီးဂိုး လေကြောင်းလိုင်းကို အမေရိကန်ဒေါ်လာ ၂ ဒသမ ၄၅ သန်း ဒဏ်ရိုက်လိုက်ကြောင်း တာဝန်ရှိသူများက ဇန်နဝါရီ ၁၈ ရက်တွင် ပြောသည်။

အင်ဒီးဂိုး လေကြောင်းလိုင်းသည် ဒီဇင်ဘာ ၃ ရက်နှင့် ၅ ရက်ကြားတွင် လေယာဉ်ခရီးစဉ်ပေါင်း ၂၅၀၇ ကျော် ဖျက်သိမ်းခြင်းနှင့် ခရီးစဉ် ၁၈၅၂ ကျော် နှောင့်နှေးကြန့်ကြာမှုများကြောင့် အကြီးမားဆုံး ဖျက်သိမ်းမှုနှင့် နှောင့်နှေးကြန့်ကြာမှုများ ဖြစ်ပွားခဲ့ကြောင်း၊ အဆိုပါ ဖြစ်ရပ်များကြောင့် ခရီးသည်ပေါင်း သုံးသိန်းကျော် နိုင်ငံတစ်ဝန်းရှိ လေဆိပ်များတွင် သောင်တင်နေခဲ့ရကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ၏ အကြီးမားဆုံး လေကြောင်းလိုင်းဖြစ်သော အင်ဒီးဂိုးသည် လေယာဉ်အစင်းရေ ၄၀၀ ကျော် ပိုင်ဆိုင်ထားပြီး ပြည်တွင်းလေဆိပ် ၉၀ ကျော်နှင့် နိုင်ငံတကာလေဆိပ် ၄၀ ကျော်ကို အခြေပြုကာ နေ့စဉ်ခရီးစဉ်ပေါင်း ၂၃၀၀ ခန့် ပျံသန်းပြေးဆွဲလျက်ရှိကြောင်း သိရသည်။ **ဆင်ဟွာ**




## ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေးယိုးမြို့၌ ရဟတ်ယာဉ် ပျက်ကျ၊ ယာဉ်ပေါ်ပါသူအားလုံးသေဆုံး

**ဆော်ပိုလို ဇန်နဝါရီ ၁၈**

ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေးယိုးမြို့၌ ဇန်နဝါရီ ၁၇ ရက်က သစ်တောဧရိယာအတွင်း ရဟတ်ယာဉ်ပျက်ကျမှု ဖြစ်ပွားသဖြင့် ယာဉ်ပေါ်ပါသူ သုံးဦးလုံး သေဆုံးသွားကြောင်း မြို့မီးသတ်ဌာနက ပြောကြားသည်။

အဆိုပါ ရဟတ်ယာဉ်သည် မြို့၏အနောက်ဘက်အစွန်၌ ဂွါရာတီဘာဒေသ၌ ပျက်ကျမှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ မီးသတ်သမားများက အခင်းဖြစ်ပွားရာနေရာတွင် သေဆုံးသူများကို ပြန်လည်တွေ့ရှိခဲ့ကြောင်း သိရသည်။

ကနဦးသတင်းများအရ ပုဂ္ဂလိကပိုင် အဆိုပါရဟတ်ယာဉ်သည် အနီးနားဒေသတစ်ခုမှ ထွက်ခွာခဲ့စဉ် ပျက်ကျမှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ ရဟတ်ယာဉ် ပျက်ကျရသည့်အကြောင်းရင်းကို အာဏာပိုင်များက စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ဆင်ဟွာ**



## ကနေဒါနိုင်ငံ၌ Ford ကား အစီးရေ သုံးသိန်း ပြန်လည်သိမ်းဆည်း

**အော့တဝါ ဇန်နဝါရီ ၁၈**

ကနေဒါသယ်ယူပို့ဆောင်ရေးဌာနက မီးလောင်မှုအန္တရာယ် ရှိနိုင်သည့် ချွတ်ယွင်းချက်ပြဿနာကြောင့် Ford ကားအစီးရေ ၃၀၀၀၀၀ ကို ပြန်လည်သိမ်းဆည်းမည်ဟု ဒေသတွင်းမီဒီယာများတွင် ဇန်နဝါရီ ၁၇ ရက်က ဖော်ပြထားသည်။ ကနေဒါသယ်ယူပို့ဆောင်ရေး၏ Ford ကား မော်ဒယ်များနှင့် ပတ်သက်သည့် သတိပေးချက်တွင် အချို့သောမော်ဒယ်များ၌ အင်ဂျင်အပူပေးစနစ်သည် coolant ယိုစိမ့်မှုပြဿနာ ဖြစ်စေနိုင်သည်ဟု ဖော်ပြထားကြောင်း စီတီဗွီနယူးစ်တွင် ဖော်ပြထားသည်။

အင်ဂျင်အပူပေးစနစ်ကို အသုံးပြုသည့်အခါ လျှပ်စီးပတ်လမ်းပြတ်တောက်ခြင်းဖြစ်သွားနိုင်ကြောင်း၊ ယင်းသို့ချွတ်ယွင်းချက်ရှိသည့် မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် ဝယ်ယူသည့်အရောင်းကုမ္ပဏီသို့ သွားရောက်ကာ အင်ဂျင်အပူပေးစနစ်ကို အစားထိုး ပြင်ဆင်ခိုင်းနိုင်ကြောင်း Ford ကုမ္ပဏီက အကြံပြုစာပေးပို့ထားသည်။ **ဆင်ဟွာ**

# စာချုပ်စာတမ်းမှတ်ပုံတင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီး ဒစ်ဂျစ်တယ်နည်းလမ်းဖြင့် မှတ်ပုံတင်ရန် အလုပ်ရုံဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၁၈**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနမှ ကျင်းပသည့် စာချုပ်စာတမ်းများ မှတ်ပုံတင်ဥပဒေနှင့် လယ်ယာမြေဥပဒေတို့အရ စာချုပ်စာတမ်း မှတ်ပုံတင်ခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီး ဒစ်ဂျစ်တယ် နည်းလမ်းဖြင့် မှတ်ပုံတင်ရန် အတွက် အသုံးပြုလျက်ရှိသည့် FDMS နှင့် DDMS Software များ



အား Upgrade and Technical Support လုပ်ငန်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲကို ဇန်နဝါရီ ၁၄ ရက်က ပျဉ်းမနားခရိုင် မြေစာရင်းဦးစီးဌာန ရုံးဝင်းအတွင်းရှိ သီးနှံအထွက်နှုန်း ဆန်းစစ်အကဲဖြတ်စင်တာ၌ ကျင်းပသည်။

ဦးစွာ ကြေးတိုင်နှင့်မြေစာရင်း ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းထွဋ်က အလုပ်ရုံဆွေးနွေးပွဲ ကျင်းပခြင်းနှင့် စပ်လျဉ်း၍ အမှာစကား ပြောကြားသည်။ အဆိုပါအလုပ်ရုံဆွေးနွေးပွဲသို့ နေပြည်တော်၊ မကွေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ အရာထမ်း/အမှုထမ်း ၁၆၆ ဦး တက်ရောက်ကြပြီး ဇန်နဝါရီ ၁၄ ရက်မှ ၁၇ ရက်အထိ လေးရက်ကြာ ဆွေးနွေးမည်ဖြစ်သည်။

**မြို့နယ်(ပြန်/ဆက်)**

■ *ကျောဖုံးမှ*

၁၅ ကီလိုမီတာ လမ်းကြောင်းသုံးခုဖြင့်အင်းလေးကန်အရှေ့ဘက်ကမ်းရှိ တောင်ပေါ်ဒေသ ကျေးရွာများသို့ ဆက်သွယ်သည့်လမ်းများတွင် ကျင်းပခဲ့သည်။

အဆိုပါပြိုင်ပွဲသို့ ပြည်တွင်း၊ ပြည်ပမှ အပြေးအားကစားသမား ၅၅၀ ကျော် ပါဝင်ဆင်နွှဲခဲ့ကြပြီး အင်းလေးဒေသခရီးသွား မြှင့်တင်ရေး အထောက်အကူဖြစ်စေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

❖ *ကျောဖုံးမှ*

ထို့အပြင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဇန်နဝါရီ ၁၀ ရက်တွင် မြိတ်မြို့နယ်အတွင်း၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဇန်နဝါရီ ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် ကျောက်တံခါးမြို့နယ်နှင့် တောင်ငူမြို့နယ်တို့အတွင်း၌ တရားမဝင် သစ်မာ ၁ ဒသမ ၆၉၃ တန်၊ အခြားသစ် ၁ ဒသမ ၄၁၈ တန် စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၆၆၀၃၂ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီအရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ မွန်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဇန်နဝါရီ ၁၂ ရက်တွင် ချောင်းဆုံမြို့နယ်၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဇန်နဝါရီ ၇ ရက်နှင့် ၈ ရက်တို့တွင် လှိုင်မြို့နယ်နှင့် သာကေတမြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့ မော်တော်ယာဉ် တစ်စီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ် သုံးစီး စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၆၉၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဇန်နဝါရီ ၇ ရက်နှင့် ၁၁ ရက်တို့တွင် ငပုတောမြို့နယ်အတွင်း၌ တရားမဝင် အခြားသစ် ၁ ဒသမ ၄၁၇ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၀၂၄၈)ကို သစ်တောဥပဒေအရလည်းကောင်း၊ မြောင်းမြမြို့နယ်နှင့် မအူပင်မြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ် နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၄၀၂၄၈ ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဇန်နဝါရီ ၁၂ ရက်တွင် ညောင်ခါးရှည်အမြဲတမ်းစစ်ဆေးရေးစခန်း၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လျှပ်စစ်ပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၀၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Harrier တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀၀)ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည်တစ်ဦး၏ ဝန်စည်အတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လျှပ်စစ်ပစ္စည်း သုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၀၀၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

၂၀၂၆ ခုနှစ် ဇန်နဝါရီ ၇ ရက်၊ ၈ ရက်၊ ၁၀ ရက်၊ ၁၁ ရက်နှင့် ၁၂ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၂၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၆၅၈၁၅၇၆)ကို ဖမ်းဆီးရမိခဲ့သည်။

အလားတူ နေပြည်တော် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဇန်နဝါရီ ၁၂ ရက်တွင် တပ်ကုန်းမြို့နယ်နှင့် ဥတ္တရသီရိမြို့နယ်တို့အတွင်း၌ တရားမဝင်အခြားသစ် ၂ ဒသမ ၅၁၂ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၃၉၈၂၄)ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဇန်နဝါရီ ၁၃ ရက်တွင် စစ်ကိုင်းမြို့နယ် ရတနာပုံတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်နှင့် မုံရွာမြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်လေးစီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇၉၅၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဇန်နဝါရီ ၁၂ ရက်နှင့် ၁၃ ရက်တို့တွင် တောင်ငူမြို့နယ်အတွင်း၌ တရားမဝင် သစ်မာ ၀ ဒသမ ၄၅၀ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၃၂၀၉၂) ကို သစ်တောဥပဒေအရလည်းကောင်း သာယာဝတီမြို့နယ်နှင့် လက်ပံတန်းမြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ် နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရ လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၃၂၀၉၂ ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဇန်နဝါရီ ၁၃ ရက်တွင် အေးရှားဝေါလ်ဆိပ်ကမ်း၌ ကုန်သေတ္တာ သုံးလုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၂၂၅၆၀၀၀) ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည်တစ်ဦး၏ ဝန်စည်အတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၀၀၀၀၀၀)ကိုလည်းကောင်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၃၂၅၆၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

၂၀၂၆ ခုနှစ် ဇန်နဝါရီ ၁၂ ရက်နှင့် ၁၃ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၃ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၂၇၇၈၀၁၆)ကို ဖမ်းဆီးရမိခဲ့သည်။ ထိုကဲ့သို့ တရားမဝင် တင်သွင်းလာမှုများကြောင့် တရားဝင်တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအားကျဆင်းခြင်းနှင့် ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်နိုင်စေပြီး နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာ ဆုံးရှုံးနစ်နာခြင်းများ ဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်ပါ၍ တရားမဝင် ကုန်စည်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမိုတားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သတင်းရရှိသည်။

**သတင်းစဉ်**

# မအူပင်မြို့၌ လူငယ်နှင့် တီထွင်ဆန်းသစ်မှု အသိပညာပေး

**မအူပင် ဇန်နဝါရီ ၁၈**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ဇန်နဝါရီ ၁၄ ရက်က လူငယ်နှင့်တီထွင်ဆန်းသစ်မှု အသိပညာပေး Talk Show ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အကြီးတန်းစာရေး ဒေါ်ဆန်းဆုကြည်နှင့် ဒေါ်ဝါဝါကျော်တို့က ဆန်းသစ်သော စိတ်ကူးများနှင့် ချဉ်းကပ်နည်းအသစ်များ၊ ပတ်ဝန်းကျင်ဆိုင်ရာ ဆန်းသစ်မှုများနှင့် လူမှုရေးတာဝန်ခံမှုများ၊ နည်းပညာအသုံးချနိုင်မှုများ၊ သင်ယူမှုနှင့် ကြီးထွားမှုအခွင့်အလမ်းများစသည့် အကြောင်းအရာများကို အသိပညာပေး ရှင်းလင်းဆွေးနွေးခဲ့ကြသည်။ **အောင်မြင့်မြတ် (ပြန်/ဆက်)**

# မိုင်းဆတ်ခရိုင် ပြည်သူ့စာကြည့်တိုက်၌ ပုံပြောပြိုင်ပွဲနှင့် စာဖတ်စွမ်းရည်ပြိုင်ပွဲ ကျင်းပ

**မိုင်းဆတ် ဇန်နဝါရီ ၁၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်ရှိ ကလေးစာဖတ်ခန်း၌ ဇန်နဝါရီ ၁၃ ရက်က ပုံပြောပြိုင်ပွဲနှင့် စာဖတ်စွမ်းရည်ပြိုင်ပွဲ ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ပြိုင်ပွဲစည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မူလတန်းအဆင့် ကျောင်းသား ကျောင်းသူ ၁၂ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။ **ယဉ်ယဉ်ဝင်း(ပြန်/ဆက်)**



# မိုင်းယန်းမြို့နယ်၌ မူးယစ်ဆေးဝါးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြော

**မိုင်းယန်း ဇန်နဝါရီ ၁၈**

မိုင်းယန်းမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေးနှင့် မူးယစ်ဆေးဝါး အန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဇန်နဝါရီ ၁၄ ရက် နံနက်ပိုင်းက အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ မြို့နယ်ပညာရေးမှူး ဆရာမကြီး ဒေါ်ချယ်ရီတီက ဟောပြောပွဲများ ကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူး ဝင်းထွန်းဦးနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်သံကျွမ်းကျင်-၃(အင်အားပြ) ဒေါ်နန်းပင်းခမ်းတို့က မူးယစ်ဆေးဝါးနှင့် ဆိုးကျိုးအန္တရာယ်များနှင့် ပြစ်မှုပြစ်ဒဏ်များနှင့် ကျောင်းသား ကျောင်းသူများအား စာဖတ်သည့်အလေ့အထကောင်းများ ရရှိစေရန် အသိပညာပေးဟောပြောသည်။ **ထွန်းထွန်းထူး**




ဟိုင်းကြီးကျွန်းမြို့၌ ဒို့အတူတူ မဲပေးကြမယ် အသိပညာပေး လက်ကမ်းစာစောင်များကို ဌာနဆိုင်ရာတာဝန်ရှိသူများ ပူးပေါင်း၍ ဇန်နဝါရီ ၁၅ ရက်က လူစည်ကားရာနေရာများ၌ ဖြန့်ဝေစဉ်။
လှိုင်မျိုးအောင်(ပြန်/ဆက်)



# အနာဂတ်အလုပ်အကိုင်များ ဖွံ့ဖြိုးဖို့ AI ကို အကျိုးရှိစွာ အသုံးချစို့

နှင်းနွယ်

**ယနေ့ခေတ်တွင် လျင်မြန်စွာ ပြောင်းလဲတိုးတက်လာသော ဉာဏ်ရည်တုနည်းပညာ (Artificial Intelligence -AI) သည် အလုပ်သမားဈေးကွက်အတွင်း ကြီးမားသော အသွင်ပြောင်းအားတစ်ခုအနေဖြင့် ပေါ်ထွက်လာခဲ့ပြီး အလုပ်အကိုင်၏ သဘောသဘာဝ၊ လုပ်ငန်းခွင်၏ ဖွဲ့စည်းပုံ၊ ကဏ္ဍအသီးသီးရှိ အလုပ်အကိုင်အခန်းကဏ္ဍများနှင့် အလုပ်အကိုင်ခွဲဝေမှုတို့ကို အခြေခံကျကျ ပြန်လည်ပုံဖော်လျက်ရှိသည်။ AI နည်းပညာများ ဆက်လက်တိုးတက်လာသည်နှင့်အမျှ ၎င်း၏ လုပ်သားဈေးကွက်အပေါ် သက်ရောက်မှုသည်လည်း နက်ရှိုင်းကျယ်ပြန့်လာသည်။**




တစ်ဖက်တွင်လည်း AI သည် လုပ်ငန်းလည်ပတ်မှုများကို အလိုအလျောက်လုပ်ဆောင်ခြင်း၊ ဆုံးဖြတ်ချက်ချမှတ်ခြင်းလုပ်ငန်းစဉ်များ၊ ဒေတာခွဲခြမ်းစိတ်ဖြာမှု၊ စက်သင်ယူမှုနှင့် AI ဖွံ့ဖြိုးတိုးတက်မှုကဲ့သို့သော နယ်ပယ်များတွင် အလုပ်အကိုင်အခွင့်အလမ်းအသစ်များ ဖန်တီးပေးလျက်ရှိပါသည်။ အခြားတစ်ဖက်တွင်မူ AI သည် အလုပ်အကိုင်အစားထိုးခံရခြင်းနှင့် ကျွမ်းကျင်မှုကွာဟချက်ကိုလည်း ဖြစ်ပေါ်စေပါသည်။ ထို့ကြောင့် AI သည် အလုပ်အကိုင်ဖန်တီးမှုနှင့် အဟန့်အတားဖြစ်စေမှု နှစ်မျိုးစလုံး၏ စွမ်းအားပြင်းသောတွန်းအား တစ်ရပ်ဖြစ်နေကြောင်း တွေ့ရှိရသည်။

AI ၏ ဖွံ့ဖြိုးတိုးတက်မှုသည် ရပ်တန့်နေမည်မဟုတ်သဖြင့် လုပ်သားဈေးကွက်အပေါ် ယင်း၏ သက်ရောက်မှုသည်လည်း စိမ့်ဝင်ထိုးဖောက်လာမည်သာဖြစ်သည်။ ထိုသို့ AI ၏ ပြောင်းလဲတိုးတက်မှု အလားအလာများ၊ အခြေအနေများကို မျက်ခြည်မပြတ်စောင့်ကြည့်ရန် လိုအပ်ပြီး **AI သည် ကျွန်ုပ်တို့၏အလုပ်အကိုင်များနှင့် အသက်မွေးဝမ်းကျောင်း အခွင့်အလမ်းများကို မည်သို့ ပုံဖော်လာနိုင်သည်ကို စဉ်ဆက်မပြတ် ဆန်းစစ်လေ့လာရမည်ဖြစ်ပါသည်။**

**အသွားနှစ်ဖက်ပါ ဓားတစ်ချောင်းကဲ့သို့**

AI ၏ လုပ်ဆောင်နိုင်စွမ်းသည် အသွားနှစ်ဖက်ပါ ဓားတစ်ချောင်းကဲ့သို့များ ဖြစ်နေမလားဆိုတာ စဉ်းစားစရာဖြစ်နေပါသည်။ အဘယ်ကြောင့်ဆိုသော် AI သည် လုပ်ငန်းလည်ပတ်မှုကို ထိရောက်စွာ မြှင့်တင်ပေးနေသော်လည်း တစ်ချိန်တည်းမှာပင် AI ကြောင့် အလုပ်အကိုင် အစားထိုးခံရမှုအန္တရာယ် (Job Displacement Risk) ဖန်တီးပေးနေသောကြောင့်ဖြစ်သည်။ ၂၀၁၃ ခုနှစ်က Oxford တက္ကသိုလ်မှ ခန့်မှန်းခဲ့သောလေ့လာမှုတစ်ခုတွင် နောင်လာမည့် အနှစ် ၂၀ အတွင်း အမေရိကန်နိုင်ငံရှိ အလုပ်အကိုင်များ၏ ၄၇ ရာခိုင်နှုန်းနီးပါးသည် AI အခြေပြု အလိုအလျောက်စနစ်ဖြင့် လုပ်ဆောင်နိုင်မည်ဟု မှန်းဆခဲ့ကြပါသည်။ သို့သော် အခြားတစ်ဖက်တွင်လည်း AI သည် လူသားများ၏ ထုတ်လုပ်နိုင်စွမ်းနှင့် စွမ်းရည်ကို မြှင့်တင်ပေးမည့် အားကူကိရိယာတစ်ခုဖြစ်လာနိုင်ကြောင်း ကျွမ်းကျင်သူများက ကျယ်ကျယ်ပြန့်ပြန့် သဘောတူညီကြပါသည်။

World Economic Forum၊ Future of Jobs Global Report 2023 အရ အလုပ်ရှင်များက အလုပ်အကိုင်ဈေးကွက်တွင် လိုအပ်သော အဓိကကျွမ်းကျင်မှုများ၏ ၃၉ ရာခိုင်နှုန်းသည် ၂၀၃၀ ပြည့်နှစ်တွင် ပြောင်းလဲသွားမည်ဟု မျှော်မှန်းထားပြီး နည်းပညာကျွမ်းကျင်မှုများနှင့်အတူ ပြဿနာဖြေရှင်းခြင်း၊ ဆုံးဖြတ်ချက်ချမှတ်ခြင်း စသည့် လူသားဆန်သော စွမ်းရည်များသည် လာမည့် ငါးနှစ်အတွင်း ပိုမိုအရေးပါလာမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

McKinsey Global Institute ၏ စမ်းသပ်ချက်မော်ဒယ် (Simulation) ပြသမှုအရ AI ၏ ကျယ်ပြန့်သော လက်ခံကျင့်သုံးမှုနှင့် တိုးတက်မှုသည်အနာဂတ်၌ ကမ္ဘာလုံးဆိုင်ရာ ပျမ်းမျှအဆင့်တွင် အမေရိကန်ဒေါ်လာ ၁၃ ထရီလီယံခန့် ထပ်ဆောင်းပေးစွမ်းနိုင်ပြီး ၂၀၃၀ ပြည့်နှစ်တွင် စုစုပေါင်းပြည်တွင်းအသားတင်ထုတ်လုပ်မှု(GDP) ရရှိမှုကို ယခုထက် ၁၆ ရာခိုင်နှုန်း ပိုမိုရရှိနိုင်ကြောင်း ဖော်ပြထားပါသည်။ ထို့ကြောင့် AI သည် ကမ္ဘာပေါ်ရှိ သိပ္ပံပညာရှင်များ၏ တီထွင်ဆန်းသစ်မှုနည်းပညာများထဲတွင် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးများကို ပြောင်းလဲစေနိုင်သော နည်းပညာများထဲမှ တစ်ခုဖြစ်နိုင်သည့် အလားအလာရှိနိုင်ကြောင်း တွေ့ရှိရပါသည်။

**ကဏ္ဍစုံအပေါ် သက်ရောက်နိုင်မှု**

AI ၏ အနာဂတ်သည် အဆုံးအစမရှိသော ဖြစ်နိုင်ခြေနှင့် အသုံးချမှုများကို ယူဆောင်လာပြီး ကျွန်ုပ်တို့၏ဘဝများကို ရိုးရှင်းလွယ်ကူစေရန် ကူညီပေးကာ ကဏ္ဍစုံအတွက် အပြုသဘောဆောင်သော အပြောင်းအလဲများ ဖြစ်ပေါ်စေနိုင်ပါသည်။ သို့သော် ကျွမ်းကျင်သူများကမူ **ဤအပြောင်းအလဲ၏အရှိန်သည် လူ့အဖွဲ့အစည်းအတွက် ကြီးမားသော စိန်ခေါ်မှုများကိုလည်း ယူဆောင်လာနိုင်သည်**ဟုလည်း သတိပေးထားပါသည်။ **နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ဥပဒေရေးရာ စသည့်ကဏ္ဍအသီးသီးတွင် AI ၏ နက်ရှိုင်းသော သက်ရောက်မှုများကို ခံနိုင်ရည်ရှိရန် ကြိုတင်ပြင်ဆင်ထားရမည်**ဖြစ်ပြီး ထိုပြင်ဆင်မှုများသည် လုပ်သားဈေးကွက်နှင့် စက်မှုလုပ်ငန်းများအပေါ် ကြီးမားသော အကျိုးဆက်များရှိလာမည်ဖြစ်ပါသည်။

အချို့သော ကျွမ်းကျင်သူများက AI သည် ထုတ်လုပ်မှုစွမ်းအား တိုးတက်စေခြင်း၊ ပိုမိုတိကျထိရောက်သော ကျန်းမာရေးစောင့်ရှောက်မှုနှင့် တစ်ဦးချင်းဆိုင်ရာပညာရေးတို့အား သက်ရောက်မှုဧရိယာ ကျယ်ပြန့်စွာဖြင့် ဝေးလံသောဒေသများသို့ပင် လက်လှမ်းမီစေနိုင်သည်ဟု မျှော်မှန်းကြပါသည်။ သို့သော် အခွင့်အလမ်းများကို အပြည့်အဝရယူနိုင်ရန်အတွက် AI ဖွံ့ဖြိုးတိုးတက်မှုကို လူသားချင်း စာနာထောက်ထားမှု၊ ကျင့်ဝတ်ညီညွတ်မှုနှင့် အားလုံးပါဝင်နိုင်မှုတို့ကို အခြေခံသည့် မူဝါဒများဖြင့် ဦးတည်ရမည်ဖြစ်ပါသည်။

**အလုပ်အကိုင်များအပေါ် AI ၏ သက်ရောက်မှု**

Goldman Sachs ၏ ၂၀၂၃ ခုနှစ် အစီရင်ခံစာအရ AI သည် ကမ္ဘာတစ်ဝန်းရှိ အချိန်ပြည့်အလုပ်အကိုင် သန်း ၃၀၀ ခန့်ကို အလိုအလျောက်စနစ်ဖြင့် ဆောင်ရွက်နိုင်ပြီး ကမ္ဘာလုံးဆိုင်ရာ နှစ်စဉ်ထုတ်လုပ်မှုကို ၇ ရာခိုင်နှုန်းအထိ တိုးမြှင့်စေနိုင်သည်ဟု ခန့်မှန်းထားပါသည်။ McKinsey Global Institute ၏ လေ့လာမှုတစ်ခုအရ ၂၀၃၀ ပြည့်နှစ်တွင် ကမ္ဘာတစ်ဝန်းရှိ ဝန်ထမ်းများ၏ အနည်းဆုံး ၁၄ ရာခိုင်နှုန်းသည် ဒစ်ဂျစ်တယ်ပြောင်းလဲမှု၊ စက်ရုပ်ပညာနှင့် AI တိုးတက်မှုတို့ကြောင့် ၎င်းတို့၏ အသက်မွေးဝမ်းကျောင်းပြုရာ အလုပ်အကိုင်များကို ပြောင်းလဲရန် လိုအပ်နိုင်ကြောင်း ခန့်မှန်းထားပါသည်။

**အလိုအလျောက်စနစ်ဖြင့် တွဲဖက်ဆောင်ရွက်လာ**

Generative AI နှင့် စက်ရုပ်များ၏ တိုးတက်မှုကြောင့်အချို့အလုပ်အကိုင်များသည်အလိုအလျောက်လုပ်ဆောင်မှုနှင့် လူ-စက်တွဲဖက်အလုပ်လုပ်ခြင်းကို ဆောင်ရွက်လာကြသည်။ ဥပမာ-ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်သူများ၊ ဧည့်ကြိုအလုပ်အကိုင်၊ စာရင်းကိုင်/ စာရင်းထိန်း၊ သုတေသနနှင့် ခွဲခြမ်းစိတ်ဖြာခြင်း၊ ဂိုဒေါင်လုပ်ငန်း၊ အရောင်းဆိုင်လုပ်ငန်း စသည့် အလုပ်အကိုင်များတွင် AI နည်းပညာများကို တွင်ကျယ်စွာ အသုံးပြုလာကြပြီး လူ-စက်တွဲဖက် အလုပ်လုပ်ခြင်းကို ဆောင်ရွက်လာကြပါသည်။

**AI ဖြင့် အလုံးစုံအစားမထိုးနိုင်သေး**

AI သည် အစားထိုးသည့်အလုပ်ထက် အလုပ်အကိုင်အသစ်များ ပိုမိုဖန်တီးပေးမည်ဖြစ်သည်။ AI သည် ပညာရပ်အများစုကို ကူညီမြှင့်တင်ပေးနေသော်လည်း လူသားများတွင်သာရှိနိုင်သည့် ထူးခြားသော ဝိသေသလက္ခဏာ၊ စိတ်ခံစားမှုများကိုတော့ ယှဉ်ပြိုင်တုပနိုင်ခြင်း မရှိပါ။ ဆိုလိုသည်မှာ ပွင့်လင်းသော အလုပ်အကိုင်ဈေးကွက်တွင် အလုပ်လုပ်ကိုင်သူများကို AI က အစားထိုးနိုင်မည်မဟုတ်ပါ။ ဥပမာ- ဆရာ၊ ဆရာမအလုပ်အကိုင် (Trainers)၊ ရှေ့နေများနှင့် တရားသူကြီးများ၊ ဒါရိုက်တာများ၊ မန်နေဂျာများနှင့် CEO များ၊ HR မန်နေဂျာများ၊ စိတ်ပညာရှင်များနှင့် စိတ်ကျန်းမာရေးဆရာဝန်များ၊ ခွဲစိတ်ဆရာဝန်ကြီးများ၊ ကွန်ပျူတာစနစ်ဆန်းစစ်သုံးသပ်သူများ၊ အနုပညာရှင်များနှင့် စာရေးဆရာများ စသည့်အလုပ်အကိုင်များတွင် AI နည်းပညာကို အလုပ်အကိုင်အတွက် ပံ့ပိုးပေးနိုင်ရုံ၊ အကူအညီရရှိရန်သာ ဆောင်ရွက်နိုင်ပြီး ဆုံးဖြတ်ခြင်းနှင့် လူသားဆန်သော ကူညီပံ့ပိုးမှုနှင့် ဆုံးဖြတ်ခြင်းကို AI က ဆောင်ရွက်နိုင်ခြင်း မရှိသေးပါ။

**အလုပ်အကိုင်သစ်များဖန်တီးပေးခြင်း**

World Economic Forum 2023 ၏ Report အရ ကမ္ဘာတစ်ဝန်းလုံးရှိ အလုပ်အကိုင်ပေါင်း ၈၃ သန်းခန့်ကို ဒစ်ဂျစ်တယ်နည်းပညာ၊ AI Chatbot၊ အလိုအလျောက်စနစ်ဖြင့် အစားထိုးနိုင်မည်ဟု ဆိုထားပြီး အလုပ်အကိုင်သစ် ၆၉ သန်းခန့် ပေါ်ပေါက်လာမည်ဟု ဆိုထားပါသည်။ AI နည်းပညာ ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ ပေါ်ပေါက်လာသော အလုပ်အကိုင်သစ်မှာ-

(က) **စက်သင်ယူမှုအင်ဂျင်နီယာ** (Machine Learning Engineer-ML)-စက်သင်ယူမှုအင်ဂျင်နီယာများသည် စနစ်များအား ဒေတာမှ သင်ယူနိုင်စေပြီး အချိန်နှင့်အမျှ ၎င်းတို့၏စွမ်းဆောင်ရည်ကို မြှင့်တင်ပေးနိုင်သည့် အယ်လဂိုရီသမ်များကို တီထွင်ပြုပြင်ပေးပါသည်။

(ခ) **သဘာဝဘာသာစကားဆိုင်ရာ စီမံခန့်ခွဲမှု (Natural Language Processing-NLP) ကျွမ်းကျင်သူ** - Chatbot Developers များသည် AI နှင့် NLP တို့ကို အသုံးပြု၍ အသုံးပြုသူများကို နားလည်ပြီး သဘာဝကျကျ ဆက်သွယ်ပြောဆိုကာ တန်ဖိုးရှိစွာ အကူအညီပေးနိုင်သည့် bot များကို ဖန်တီးပေးပါသည်။ Virtual Assistant နှင့် Automated Customer များ ပိုမိုရေပန်းစားလာသည်နှင့်အမျှ NLP များ၏ အခန်းကဏ္ဍသည်ထိရောက်ပြီး အပြန်အလှန်ဆက်သွယ်မှုများကို ဆောင်ရွက်ရာတွင် အရေးပါလှပါသည်။

(ဂ) **AI ကျင့်ဝတ်ပညာရှင် (AI Ethicist)** - AI ကျင့်ဝတ်ပညာရှင်သည် AI နည်းပညာများ၏

*စာမျက်နှာ ၁၇ သို့*

- **AI ဖြင့် ဆန်းသစ်တီထွင်မှုမြင့်မားပြီး စိန်ခေါ်မှုများ များပြားလာသော ကမ္ဘာသစ်တွင် ကျွန်ုပ်တို့အနေဖြင့် AI နှင့်အညီ စီးမျောနိုင်ပြီး လိုက်လျောညီထွေဖြစ်အောင် နေထိုင်ကြရမည်ဖြစ်၍ ကျွမ်းကျင်မှုအသစ်များ တတ်မြောက်ထားရန် လိုအပ်**
- **AI အသုံးပြုသော အလုပ်အကိုင်ဈေးကွက်တွင် ယှဉ်ပြိုင်နိုင်စွမ်းရှိပြီး မည်သူတစ်ဦးတစ်ယောက်မှ နောက်မကျစေရန် ဆန်းစစ်ဝေဖန်တွေးခေါ်မှု၊ ကွန်ရက်များနှင့် ဆိုက်ဘာလုံခြုံရေး၊ နည်းပညာစာတတ်မြောက်မှု၊ ဖန်တီးဉာဏ်တွေးခေါ်မှု၊ ကြံ့ကြံ့ခံနိုင်မှု၊ ပြောင်းလွယ်ပြင်လွယ်ရှိမှုနှင့် လျင်မြန်မှုနှင့် စူးစမ်းလိုစိတ်နှင့် တစ်သက်တာသင်ယူမှု စသည်တို့ကို သိရှိလေ့လာထားရမည်**

*စာမျက်နှာ ၁၆ မှ*

တာဝန်ယူမှု၊ တာဝန်ခံမှုရှိသော ဖွံ့ဖြိုးတိုးတက်မှုဖြစ်စေပါသည်။ ၎င်းတို့သည် AI စနစ်များ၏ ဖြစ်နိုင်ခြေရှိသော လူမှုရေး၊ ဥပဒေရေးရာနှင့် ကိုယ်ကျင့်တရားဆိုင်ရာ အကျိုးဆက်များကို အကဲဖြတ်ပြီး ဘက်လိုက်မှု၊ ကိုယ်ရေးကိုယ်တာ လုံခြုံမှုနှင့် ပွင့်လင်းမြင်သာမှုဖြစ်စေရန် ကိုင်တွယ်ဖြေရှင်းပေးသည်။

(ဃ) **AI အချက်ပြအင်ဂျင်နီယာ (AI Prompt Engineer)** – AI Prompt Engineer သည် AI စနစ်များမှ ထုတ်လုပ်သည့် တုံ့ပြန်ချက်များကို အကောင်းဆုံးဖြစ်စေရန် Prompt များကို ဒီဇိုင်းဆွဲခြင်းနှင့် မွမ်းမံခြင်းတို့ကို ဆောင်ရွက်ပေးသည်။

(င) **Big Data Technician**– Big Data Technician သည် Big Data Ecosystem ၏ "စက်မှုလက်မှုပညာရှင်"ဖြစ်ပြီး Data Scientist များ ခွဲခြမ်းစိတ်ဖြာခြင်း၊ စီးပွားရေး ဆုံးဖြတ်ချက်များ ချမှတ်ခြင်းတို့အတွက် မရှိမဖြစ်လိုအပ်သော ဒေတာစီးဆင်းမှုလမ်းကြောင်း (Data Pipeline) ကို ချောမွေ့စွာလည်ပတ်နိုင်စေရန် ထိန်းသိမ်းစောင့်ရှောက်ပေးသူဖြစ်သည်။

**AI မှပေးစွမ်းနိုင်မည့် အကျိုးကျေးဇူးများ**

AI အနေဖြင့် အလုပ်အကိုင်များဖန်တီးခြင်းနှင့် အသွင်ပြောင်းခြင်း၊ ထုတ်လုပ်မှုနှင့် စွမ်းဆောင်ရည်တိုးမြှင့်လာခြင်း၊ စီးပွားရေးတိုးတက်မှုနှင့် ဆန်းသစ်တီထွင်မှုကို ဆောင်ရွက်ခြင်း၊ ကောင်းမွန်သောဆုံးဖြတ်ချက်များ ချမှတ်ခြင်းနှင့် အရင်းအမြစ်များခွဲဝေခြင်း၊ လုပ်ငန်းခွင်ဆိုင်ရာ အရည်အသွေးနှင့် အလုပ်ခွင်အတွေ့အကြုံ တိုးတက်ကောင်းမွန်လာခြင်း၊ ကျွမ်းကျင်မှုကွာဟချက်များနှင့် ပညာရေးကို ဖြေရှင်းခြင်း၊ အလုပ်ခန့်ထားခြင်းတွင် အသုံးဝင်ခြင်း စသည့်အကျိုးကျေးဇူးများရရှိမှာဖြစ်ပါသည်။

**AI ကြောင့် ကြုံတွေ့နိုင်သည့် စိန်ခေါ်မှုများ**

လောကဓမ္မတာအရ မည်သည့်အရာမဆို အကောင်းနှင့် အဆိုးသည် ဒွန်တွဲလျက်ရှိပါသည်။ ထို့အတူ AI အသုံးပြုခြင်းအားဖြင့် ကောင်းကျိုးများ ရရှိမည်ဖြစ်သကဲ့သို့ စိန်ခေါ်မှုများနှင့် ဆိုးကျိုးများလည်းရှိမည်ဖြစ်သည်။ AI နည်းပညာကို အသုံးပြုခြင်းအားဖြင့် အလုပ်အကိုင်အစားထိုးခံရခြင်း၊ ကျွမ်းကျင်မှုကွဲပြားခြင်းနှင့် မညီမျှခြင်း၊ အားနည်းသော အုပ်စုများအပေါ် မမျှတစွာ သက်ရောက်နိုင်ခြင်း၊ ဘက်လိုက်မှုများ ကြုံတွေ့နိုင်ခြင်း၊ အလုပ်သမားများအပေါ် စိတ်ပိုင်းဆိုင်ရာ သက်ရောက်ခြင်း စသည့် စိန်ခေါ်မှုများ ကြုံတွေ့ရနိုင်ပါသည်။ ကျွန်ုပ်တို့အနေဖြင့် ကောင်းကျိုးများကို ရရှိခံစားနိုင်ရန်အတွက် စိန်ခေါ်မှုဆိုးကျိုးများကိုလည်း ရင်ဆိုင်ဖြေရှင်းနိုင်မည့် နည်းလမ်းများကိုလည်း ရှာဖွေထားရမည်ဖြစ်သည်။

**ကျွမ်းကျင်မှုများ မြှင့်တင်ဖို့ AI နည်းပညာကို တတ်မြောက်အောင် ဆောင်ရွက်ကြစို့**

ကျွမ်းကျင်သူများက AI နှင့် စက်မှုသင်ယူမှုသည် အလုပ်အကိုင်အစားထိုးခြင်းထက် အလုပ်အကိုင်အသစ်များစွာ ဖန်တီးပေးခြင်းဖြင့် လုပ်သားများကို အထောက်အကူပြုမည်ဟု ဆိုကြပါသည်။ သို့သော်လည်း AI ကို အသုံးပြုပြီး အသက်မွေးဝမ်းကျောင်းလမ်းကြောင်းအသစ်တစ်ခု တည်ဆောက်နိုင်ရန် ဘဝတစ်သက်တာအတွက် လိုအပ်သော ကျွမ်းကျင်မှုများကို သင်ယူထားရန်လည်း လိုအပ်ပါသည်။

AI နှင့် ထိတွေ့မှုရှိပြီး AI ကို အလေးထားသော ကဏ္ဍသို့ ဦးတည်ပြောင်းလဲရန် ရည်ရွယ်ပါက AI နှင့်ပတ်သက်ပြီး သိထားသင့်သော အသိပညာ၊ ဗဟုသုတနှင့် အတွေ့အကြုံကို ပြသနိုင်ခြင်းသည် အသာစီးရစေနိုင်မည် ဖြစ်ပါသည်။ ထို့ကြောင့် သင့်တော်ကောင်းမွန်သော အလုပ်အကိုင်ရရှိရန် လိုအပ်သော ကျွမ်းကျင်မှုသင်တန်းများ တက်ရောက်ခြင်း၊ နည်းပညာဆိုင်ရာ ကျွမ်းကျင်မှုများမြှင့်တင်ခြင်း၊ Online သင်တန်းများတက်ခြင်း၊ စက်မှုလုပ်ငန်းကို နားလည်အောင်ဆောင်ရွက်ခြင်း၊ လုပ်ငန်းအတွေ့အကြုံရယူခြင်း၊ Soft Skills ကောင်းမွန်စေရန် ဆောင်ရွက်ခြင်းတို့ဖြင့် မိမိကိုယ်ကို မြှင့်တင်ဆောင်ရွက်ရမည် ဖြစ်သည်။

**AI နှင့်အတူ တတ်မြောက်ထားသင့်သည့် အထူးပြုကျွမ်းကျင်မှုများ**

AI ဖြင့် ဆန်းသစ်တီထွင်မှုမြင့်မားပြီး စိန်ခေါ်မှုများ များပြားလာသော ကမ္ဘာသစ်တွင် ကျွန်ုပ်တို့အနေဖြင့် AI နှင့်အညီ စီးမျောနိုင်ပြီး လိုက်လျောညီထွေဖြစ်အောင် နေထိုင်ကြရမည်ဖြစ်၍ ကျွမ်းကျင်မှုအသစ်များ တတ်မြောက်ထားရန် လိုအပ်သည်။ AI အသုံးပြုသော အလုပ်အကိုင်ဈေးကွက်တွင် ယှဉ်ပြိုင်နိုင်စွမ်းရှိပြီး မည်သူတစ်ဦးတစ်ယောက်မှ နောက်မကျစေရန် ဆန်းစစ်ဝေဖန်တွေးခေါ်မှု၊ ကွန်ရက်များနှင့် ဆိုက်ဘာလုံခြုံရေး၊ နည်းပညာစာတတ်မြောက်မှု၊ ဖန်တီးဉာဏ်တွေးခေါ်မှု၊ ကြံ့ကြံ့ခံနိုင်မှု၊ ပြောင်းလွယ်ပြင်လွယ်ရှိမှုနှင့် လျင်မြန်မှုနှင့် စူးစမ်းလိုစိတ်နှင့် တစ်သက်တာသင်ယူမှု စသည်တို့ကို သိရှိလေ့လာထားရမည်ဖြစ်သည်။

> **❝ လောကဓမ္မတာအရ မည်သည့်အရာမဆို အကောင်းနှင့်အဆိုးသည် ဒွန်တွဲလျက်ရှိပါသည်။ ထို့အတူ AI အသုံးပြုခြင်းအားဖြင့် ကောင်းကျိုးများရရှိမည်ဖြစ်သကဲ့သို့ စိန်ခေါ်မှုများနှင့် ဆိုးကျိုးများလည်းရှိမည်ဖြစ်သည်။ AI နည်းပညာကို အသုံးပြုခြင်းအားဖြင့် အလုပ်အကိုင်အစားထိုးခံရခြင်း၊ ကျွမ်းကျင်မှုကွဲပြားခြင်းနှင့် မညီမျှခြင်း၊ အားနည်းသော အုပ်စုများအပေါ် မမျှတစွာ သက်ရောက်နိုင်ခြင်း၊ ဘက်လိုက်မှုများ ကြုံတွေ့နိုင်ခြင်း၊ အလုပ်သမားများအပေါ် စိတ်ပိုင်းဆိုင်ရာ သက်ရောက်ခြင်း စသည့် စိန်ခေါ်မှုများ ကြုံတွေ့ရနိုင် ❞**

**AI နှင့် လိုက်လျောညီထွေရှိစေရန် ကြိုတင်ပြင်ဆင်ခြင်း**

AI ပေါ်ပေါက်လာမှုသည် အလုပ်အကိုင်ဈေးကွက်အတွက် ခေတ်သစ်တစ်ခုကို လမ်းညွှန်ပေးလျက်ရှိရာ AI ကြောင့် ဖြစ်ပေါ်လာသည့် ပြောင်းလဲမှုများကြားတွင် အလုပ်သမားများ၏ အလုပ်အကိုင်အခွင့်အလမ်းတည်မြဲရန်နှင့် ကာကွယ်ရန်အတွက်–

(က) တိုးတက်လာသော နည်းပညာသစ်များနှင့် ကဏ္ဍအသစ်များ၊ အခွင့်အလမ်းသစ်များ ရှာဖွေရန်အတွက် ပွင့်လင်းမြင်သာ၍ **ပြောင်းလွယ်ပြင်လွယ်ရှိပါစေ။**

(ခ) AI နှင့် အမီလိုက်နိုင်ရန် လိုအပ်သော **ကျွမ်းကျင်မှုများကို မြှင့်တင်ပါ။**

(ဂ) AI ကဲ့သို့ အကူအညီ၊ ထိုးထွင်းသိမြင်မှုများနှင့် ဖြစ်နိုင်ခြေရှိသော အလုပ်အကိုင်အခွင့်အလမ်းများကို ပေးစွမ်းနိုင်မည့် **ကွန်ရက် (Network) တည်ဆောက်ပါ။**

(ဃ) ပြဿနာဖြေရှင်းနိုင်ခြင်းနှင့် လူမှုဆက်ဆံရေး ကောင်းမွန်ခြင်းနှင့် ပူးပေါင်းဆောင်ရွက်တတ်ခြင်းကဲ့သို့သော **Soft Skills ကျွမ်းကျင်မှုရှိပါစေ။**

(င) AI ကို ဘဝတစ်သက်တာအသုံးချနိုင်ရန်အတွက် ခေတ်မီ **AI ပညာရပ်များကို တတ်မြောက်ရန် လေ့လာသင်ယူပါ။**

(စ) လုပ်ငန်းခွင်တွင် ထိရောက်မှု၊ ဆန်းသစ်မှု၊ ထိုးထွင်းသိမြင်မှုများရရှိရန်နှင့် အချိန်ကုန်သက်သာစေရန် **AI ကို အကျိုးရှိအောင် အသုံးချပါ။**

**လုပ်သားဈေးကွက်ဖွံ့ဖြိုးဖို့ AI ဖြင့် ဆောင်ရွက်စို့**

AI ၏ အကျိုးကျေးဇူးများကို အသုံးချရန်နှင့် ၎င်း၏ဆိုးကျိုးသက်ရောက်မှုများကို လျှော့ချရန် သော့ချက်မှာ AI ဖွံ့ဖြိုးရေးနှင့် အသုံးချမှုအတွက် အမျိုးသားအကျိုးစီးပွားနှင့်ယှဉ်၍ မူဝါဒများ ချမှတ်ခြင်း၊ ပညာရေးနှင့် လေ့ကျင့်ရေးရင်းနှီးမြှုပ်နှံမှုများနှင့် ကျင့်ဝတ်သိက္ခာရှိသော ကတိကဝတ်တို့အပေါ် တည်မှီနေသည်။ ဆိုးကျိုးများကို အပြုသဘောဆောင်သော ရလဒ်များအဖြစ် ပြောင်းလဲနိုင်ရန်အတွက် နည်းဗျူဟာများရေးဆွဲပြီး အကောင်အထည်ဖော်နိုင်ပါသည်။

AI ဖြင့် ဆောင်ရွက်သော စီးပွားရေးလုပ်ငန်းများအတွက် လိုအပ်သော ကျွမ်းကျင်မှုများကို အလုပ်သမားများအား ပံ့ပိုးပေးခြင်းဖြင့် အလုပ်အကိုင်ဆုံးရှုံးမှုများကို အသက်မွေးဝမ်းကျောင်းဆိုင်ရာ တိုးတက်မှုနှင့် လိုက်လျောညီထွေဖြစ်အောင် အခွင့်အလမ်းများအဖြစ် ပြောင်းလဲနိုင်သည်–

(က) အစိုးရ၏ဦးဆောင်မှုဖြင့် AI နည်းပညာဆိုင်ရာ Upskilling နှင့် Reskilling ကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ခြင်း၊

(ခ) AI နည်းပညာများ ဖွံ့ဖြိုးတိုးတက်ရေး အစိုးရ–ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဂ) AI နှင့် လူ ဟန်ချက်ညီစွာဆောင်ရွက်ခြင်း၊

(ဃ) လူသားများ၏ ကျွမ်းကျင်မှုကို မြှင့်တင်ပေးမည့် လူသားဗဟိုပြု AI ဒီဇိုင်းများ ဖန်တီးခြင်း၊

(င) အလုပ်အကိုင်ဖန်တီးမှုကိုမြှင့်တင်ရန် AI အခြေစိုက် အကောင်အထည်ဖော်ရေး လုပ်ငန်းများ (AI Startup Incubators) အာရုံစိုက်ဆောင်ရွက်ခြင်း၊

(စ) AI Application များ အသုံးပြုမှု မြှင့်တင်ခြင်း၊ AI စွမ်းရည်များဖြင့် စီးပွားရေးပုံစံအသစ်များနှင့် အလုပ်အကိုင်အခန်းကဏ္ဍများကို ဖန်တီးနိုင်ခြင်း။

ဤဗျူဟာများကို အကောင်အထည်ဖော်ခြင်းဖြင့် အလုပ်သမားဈေးကွက်အပေါ် AI ၏ အလားအလာရှိသော ဆိုးကျိုးသက်ရောက်မှုများ ကြီးထွားမှု၊ ဆန်းသစ်တီထွင်မှုနှင့် ပိုမိုကောင်းမွန်သော အလုပ်ခွင်အခြေအနေများအတွက် အခွင့်အလမ်းများအဖြစ် ပြောင်းလဲရန် လုပ်ဆောင်နိုင်မည်ဖြစ်သည်။

**AI ကို လက်ခံကျင့်သုံးနေကြပြီ**

AI အပေါ် ကန့်ကွက်သူများသည် AI သည် အလုပ်အကိုင်သန်းပေါင်းများစွာကို ယူဆောင်သွားပြီး လူများကို လမ်းပေါ်ရောက်စေမည်ဟု ကောက်ချက်ချထားပုံရသော်လည်း၊ ပြောင်းလဲမှုကို လက်ခံရန် အသင့်ရှိသူများကမူ AI သည် အစားထိုးသည့်အလုပ်ထက် အလုပ်အကိုင်အသစ်အမျိုးအစားများစွာကို ဖန်တီးနိုင်စွမ်းရှိသည်ဟု ဆိုကြပါသည်။ လက်ရှိလူမှုပတ်ဝန်းကျင်တွင် AI သည် ကျွန်ုပ်တို့၏ နေ့စဉ်ဘဝ၏ တစ်စိတ်တစ်ပိုင်းဖြစ်လာသည်ကို လက်ခံလာကြပြီဖြစ်သည်။

ကမ္ဘာပေါ်ရှိ လူသား ၁ ဒသမ ၈ ဘီလီယံသည် AI ကို အသုံးပြုနေကြပြီး လူသန်းပေါင်း ၅၀၀ မှ ၆၀၀ သည် AI ကို နေ့စဉ်သုံးစွဲလျက်ရှိသည်။ AI ကို အဓိကအားဖြင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အများဆုံးအသုံးပြုကြပြီး အိန္ဒိယနှင့် နိုင်ဂျီးရီးယားနိုင်ငံတို့သည် AI ကို စီးပွားရေးလုပ်ငန်းများတွင် ၉၂ ရာခိုင်နှုန်းခန့် အသုံးပြုကြသည်။

ထို့အတူ မြန်မာနိုင်ငံတွင်လည်း Chabot များနှင့် အလိုအလျောက်ဈေးကွက် ရှာဖွေရေးအတွက် AI ကို အသုံးပြုခြင်း၊ AI Application များကို အသုံးပြု၍ ရောဂါရှာဖွေခြင်း၊ AI Tools များ အသုံးပြု၍ ဘာသာစကားများသင်ယူခြင်း၊ ရေကြီးခြင်း၊ ဆိုင်ကလုန်းနှင့် မြေလျှင်ကဲ့သို့သော သဘာဝဘေးအန္တရာယ်များကို ခန့်မှန်းရန်နှင့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုအတွက် AI ကို အသုံးပြုခြင်း စသည်ဖြင့် အသုံးပြုလာကြပြီဖြစ်ပါသည်။

ထို့ပြင် အစိုးရဌာနဆိုင်ရာ ဝန်ထမ်းများအတွက် AI နည်းပညာဆိုင်ရာသင်တန်းများကို သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနတို့မှ အခမဲ့သင်တန်းများ ဖွင့်လှစ်ပို့ချလျက်ရှိသကဲ့သို့ အစိုးရနည်းတက္ကသိုလ်၊ အစိုးရနည်းပညာကောလိပ်၊ စက်မှုလက်မှုသိပ္ပံနှင့် Polytechnic ကျောင်းများမှာလည်း AI နည်းပညာဆိုင်ရာ ဘာသာရပ်များကို သင်ကြားပို့ချပေးလျက်ရှိပြီး ပြင်ပပုဂ္ဂလိကပညာရှင်များကလည်း AI သင်တန်းများကို သင့်တော်သော အခကြေးငွေဖြင့် ဖွင့်လှစ်ပို့ချပေးလျက် ရှိပါသည်။

**မဟာဗျူဟာနှင့် မူဝါဒရေးဆွဲဆောင်ရွက်လျက်ရှိ**

မြန်မာနိုင်ငံတွင် အမျိုးသားဉာဏ်ရည်တုနည်းပညာအခြေပြုစီမံကိန်းများ ရေးဆွဲပြီး ပြည်ထောင်စုအဆင့်အဖွဲ့အစည်း/ ဝန်ကြီးဌာနအသီးသီး၏ လုပ်ငန်းများအား ပိုမိုထိရောက်မြန်ဆန်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် "အမျိုးသားဉာဏ်ရည်တု နည်းပညာဖွံ့ဖြိုးတိုးတက်ရေးဦးစီးကော်မတီ"ကို ဖွဲ့စည်း၍ ဉာဏ်ရည်တုနည်းပညာ(AI)ကို နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများတွင် အကျိုးရှိစွာအသုံးချနိုင်ရေး နိုင်ငံသားများ လိုက်နာရမည့် ကျင့်ဝတ်များ၊ စံနှုန်းများ၊ စည်းမျဉ်းများကို လွှမ်းခြုံသိရှိစေရန်၊ ဒေသတွင်းဉာဏ်ရည်တုနည်းပညာ (AI) ဆိုင်ရာ ကျွမ်းကျင်လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်ရေး နိုင်ငံတကာနှင့် ချိတ်ဆက်၍ စနစ်တကျဆောင်ရွက်နိုင်ရန် အမျိုးသားအဆင့်ဉာဏ်ရည်တုနည်းပညာဆိုင်ရာ မဟာဗျူဟာနှင့် မူဝါဒ(National AI Strategy & National AI Policy)ကို ရေးဆွဲလျက်ရှိပါသည်။

**အနာဂတ်အလုပ်အကိုင်များ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ကြပါစို့**

ဉာဏ်ရည်တုနည်းပညာ (AI) သည် ကျွန်ုပ်တို့အတွက် ရွေးချယ်စရာ နည်းပညာတစ်ခု မဟုတ်တော့ဘဲ လက်တွေ့ဘဝသို့ ရောက်ရှိနေပြီဖြစ်ကာ စိန်ခေါ်မှုနှင့် အခွင့်အလမ်းများကို တစ်ပြိုင်နက်တည်း ယူဆောင်လာသော အင်အားစုကြီးတစ်ခုဖြစ်သည်။ ကျွန်ုပ်တို့နိုင်ငံအနေဖြင့်လည်း AI ၏ တိုးတက်ပြောင်းလဲမှုကို နားလည်သဘောပေါက်ပြီး စနစ်တကျချဉ်းကပ်ကာ လိုက်ပါဆောင်ရွက်နိုင်ပါက အနာဂတ်လုပ်သားဈေးကွက်သည် ပိုမိုထိရောက်ဖန်တီးနိုင်စွမ်းရှိ၍ လူသားဆန်သော လုပ်ငန်းခွင်များ ဖြစ်ထွန်းလာစေရန် ဦးတည်နိုင်မည်ဖြစ်ပါသည်။ ထို့ကြောင့် **"AI သည် လူသားကို အစားထိုးရန်မဟုတ်၊ လူသား၏ စွမ်းဆောင်ရည်ကို အဆင့်မြှင့်တင်ပေးမည့် အင်အားကြီးကိရိယာ တစ်ခုသာဖြစ်ခြင်းကြောင့် AI ၏ လှိုင်းတံပိုးကို အသုံးချကာ အနာဂတ်အလုပ်အကိုင်များ ဖွံ့ဖြိုးတိုးတက်ရေး အကျိုးရှိစွာ အသုံးချကြပါစို့"**ဟု တိုက်တွန်းရေးသား တင်ပြလိုက်ရပါသည်။

**ကိုးကား**


၁။ Artificial Intelligence Impact on Labour Market, Lecture Review, Economic Development Partners

၂။ Nexford Team, How Artificial Intelligence Will Change the World

၃။ The Impact of AI on the Job Market and Employment Opportunities

၄။ How many People use AI? (Latest Version 2025) by Anthory Cardillo (Content Writer)

စာဖတ်ပရိသတ်အပေါင်း မင်္ဂလာပါ။ ဒီတစ်ပတ်မှာတော့ အင်္ဂလိပ်စာလေ့လာရာမှာအခြေခံအကျဆုံးဖြစ်တဲ့ The Eight Parts of Speech (ဝါစင်္ဂရှစ်မျိုး) အကြောင်း အကျယ်တဝင့် ရှင်းလင်းဖော်ပြတဲ့နေရာမှာ Noun (နာမ်) များအကြောင်း အသေးစိတ်ဆက်လက် ဖော်ပြပေးသွားမှာဖြစ်ပါတယ်။ အထူးသဖြင့် ဒီတစ်ပတ်မှာတော့ Singular and Plural Nouns (အနည်းကိန်းနှင့် အများကိန်းပုံစံနာမ်များ) အကြောင်း ဖော်ပြပေးလိုက်ပါတယ်။ ဒါ့အပြင် စကားပြောခန်းမှာလည်း How to talk about preferences (သဘောကျနှစ်သက်မှုအကြောင်း ဘယ်လိုပြောမလဲ) Part – II ကို ထင်းခနဲ လင်းခနဲနဲ့ မှတ်မိလွယ်အောင် ရှင်းလင်းချက်များ၊ နမူနာဝါကျများ၊ စကားပြောများနဲ့ ဝေဝေဆာဆာ ဖော်ပြပေးသွားမှာဖြစ်ပါတယ်။ Vocabulary Enrichment Programme (ဝေါဟာရပဒေသာအစီအစဉ်) အပိုင်းမှာလည်း နေ့စဉ်သုံး အီဒီယမ်တွေကို အဓိပ္ပာယ်ရှင်းလင်းချက်များနဲ့သာမက နမူနာဝါကျများနဲ့ပါ ဖော်ပြပေးထားပါတယ်။ ပျော်ရွှင်လေ့လာအင်္ဂလိပ်စာကဏ္ဍကို ဖတ်မှတ်လေ့လာခြင်းအားဖြင့် အင်္ဂလိပ်စာ ဗဟုသုတများ တိုးပွားလာမယ်လို့ ယုံကြည်မိပါတယ်။ စဉ်ဆက်မပြတ် လေ့လာဖတ်ရှုကြဖို့ ဒီကဏ္ဍကနေ တိုက်တွန်းလိုက်ပါတယ်။

## GRAMMAR

### Basic to Intermediate

**Uncountable noun**

**Exercise –1 Choose the correct word and then write out each sentence.**

e.g. She poured **(a few, a little)** tea into the cup.

She poured **a little tea** into the cup.

1. **(A large number of, a great deal of)** houses were burnt down in the fire.
2. There are **(a great deal of, a lot of)** ants on the tree.
3. You can put **(a lot of, much)** things in that box.
4. There isn't **(any, some)** water in the kettle.
5. They planted **(any, some)** flowers in their garden.
6. There isn't **(many, much)** ink left in the bottle.
7. **(Many, Much)** people came to our sports competition.
8. Did you eat **(some, any)** of those oranges?
9. You need to put **(a little, a few)** more salt in the soup.
10. You must write it in ink. Here's **(a/an)** pen.
11. He has eaten **(a/an)** slice of bread.
12. **(A/An)** duck can swim in water.

**Singular and Plural Nouns**

**(အနည်းကိန်းနှင့် အများကိန်းပုံစံနာမ်များ)**

နာမ်များတွင် အနည်းကိန်းနှင့်အများကိန်းပုံစံများရှိသည်။ အနည်းကိန်း ပုံစံနာမ်များကို Singular Nouns ဟုခေါ်ပြီး အများကိန်းပုံစံနာမ်များကို Plural Nouns ဟု ခေါ်သည်။

**Singular Nouns (အနည်းကိန်းပုံစံနာမ်များ)**

လူတစ်ဦး၊ အရာဝတ္ထုတစ်ခု၊ တိရစ္ဆာန်တစ်ကောင် သို့မဟုတ် နေရာတစ်ခုကိုကိုယ်စားပြုဖော်ပြသောနာမ်များကို အနည်းကိန်းပုံစံနာမ်များ (Singular Nouns) ဟုခေါ်သည်။

ဥပမာ–

| | | | | |
|---|---|---|---|---|
| cow | glass | woman | son | goat |
| picture | table | buffalo | | |

**Plural Nouns (အများကိန်းပုံစံနာမ်များ)**

လူတစ်ဦး၊ အရာဝတ္ထုတစ်ခု၊ တိရစ္ဆာန်တစ်ကောင် သို့မဟုတ် နေရာတစ်ခုထက်ပိုသော အရာများကို ကိုယ်စားပြုဖော်ပြသော နာမ်များကို အများကိန်းပုံစံနာမ်များ (Plural Nouns) ဟုခေါ်သည်။

ဥပမာ–

| | | | | |
|---|---|---|---|---|
| cows | glasses | women | sons | goats |
| pictures | tables | buffaloes | | |

**Singular မှ Plural Nouns သို့ ပြောင်းလဲပုံ**

အနည်းကိန်းပုံစံနာမ်များ (Singular Nouns) များကို အများကိန်းပုံစံ နာမ်များ (Plural Nouns) များအဖြစ် ပြောင်းလဲအသုံးပြုနိုင်သည်။ ပြောင်းလဲအသုံးပြုရာတွင် အောက်ပါဥပဒေသများကို လိုက်နာသည်။ သို့သော်လည်း တစ်ခါတစ်ရံတွင် ခြွင်းချက်များလည်း ရှိတတ်သည်။ များသောအားဖြင့် အနည်းကိန်းပုံစံနာမ်များမှ အများကိန်းပုံစံနာမ်များကို ပိုပြောင်းလဲအသုံးပြုရာတွင် "s" ကိုပေါင်းထည့် အသုံးပြုရသည်။

**Noun အနည်းမှ အများပြောင်း "s" ကိုပေါင်း။**

| ဥပမာ– | | |
|---|---|---|
| | son | sons |
| | goat | goats |
| | picture | pictures |
| | table | tables |
| | farmer | farmers |
| | house | houses |
| | banana | bananas |
| | bicycle | bicycles |

**–s, –sh, –ch နှင့် –x ဆုံးလျှင် Noun တွေပင် ပေါင်းပါ "es" များ။**

| ဥပမာ– | | |
|---|---|---|
| | glass | glasses |
| | class | classes |
| | kiss | kisses |
| | bus | buses |
| | watch | watches |
| | inch | inches |
| | match | matches |
| | branch | branches |
| | brush | brushes |
| | bush | bushes |
| | dish | dishes |
| | thrush (မြေလူးငှက်) | thrushes (မြေလူးငှက်များ) |
| | box | boxes |
| | fox | foxes |
| | tax (အခွန်) | taxes (အခွန်များ) |
| | sex (အထီး၊အမလိင်) | sexes (အထီး၊ အမလိင်များ) |

**–o နဲ့ဆုံးရင် Noun တွေပင်ပေါင်းပါ "es" များ။**

| ဥပမာ– | | |
|---|---|---|
| | buffalo (ကျွဲ) | buffaloes (ကျွဲများ) |
| | potato | potatoes |
| | echo (ပဲ့တင်သံ) | echoes (ပဲ့တင်သံများ) |
| | hero (သူရဲကောင်း) | heroes (သူရဲကောင်းများ) |
| | mango | mangoes |
| | cargo (ကုန်ပစ္စည်း) | cargoes (ကုန်ပစ္စည်းများ) |
| | volcano (မီးတောင်) | volcanoes (မီးတောင်များ) |
| | negro (နီဂရိုးလူမျိုး) | negroes (နီဂရိုးလူမျိုးများ) |

## Vocabulary Enrichment Programme

1. **out of question = (စဉ်းစားစရာမလို၊ မဖြစ်နိုင်)**

   A new motor bike is **out of question**–we can't afford it.

   မော်တော်ဆိုင်ကယ်အသစ်ကို စဉ်းစားစရာမလိုဘူး– ငါတို့ မတတ်နိုင်ဘူး။

2. **to smell a rat = (တစ်ခုခုတော့ တစ်ခုခုပဲဟု မသင်္ကာ (သို့) သံသယဖြစ်သည်။)**

   **I smelt a rat** when he started being so helpful.

   သူအကူအညီတွေစပြီးပေးကတည်းက ငါ သံသယဖြစ်မိတယ်။

3. **caught red–handed (လက်ပူးလက်ကြပ်မိသည်။)**

   Tom was stealing the car when the police drove by and **caught him red–handed.**

   ရဲတွေဘေးကဖြတ်သွားတော့ တွမ်ကားခိုးနေတာကို လက်ပူး လက်ကြပ်မိခဲ့တယ်။

*(ဒီတစ်ပတ်တော့ ဒီလောက်ပါပဲ။ နောက်တစ်ပတ်မှာ ပြန်လည်ဆုံတွေ့ကြပါစို့)*

## CONVERSATION



**Conversation**

**How to talk about preferences (သဘောကျနှစ်သက်မှုအကြောင်း ဘယ်လိုပြောမလဲ) Part – II**

**ဘာသာစကားရှုထောင့်**

**I would rather** သို့မဟုတ် **I would sooner** ဆိုတဲ့ ဖော်ပြချက်မှာ **past tense** ကို သုံးထားတဲ့ **that–clause** လိုက်ပြီးတော့လည်း သုံးနိုင်ပါတယ်။ ပိုပြီးတော့ အလေးအနက်ပြောချင်ရင်တော့ **rather** သို့မဟုတ် **sooner** ရဲ့ရှေ့မှာ **much** သို့မဟုတ် **far** ကိုထည့်ပြီးသုံးနိုင်ပါတယ်။ ဥပမာ–

- **I would rather that people did not smoke in the house. They can go into the garden if they want to smoke.**
- **I'd rather that my wife stayed at home to look after children, but we need the money from her job.**
- **I'd much rather that Dad employed a gardener. He's not fit enough to look after such a big garden himself!**
- **I'd much sooner that my daughter went to the local university, but she wants to apply for Oxford.**

၆။ တစ်ခုမဟုတ် တခြားတစ်ခုကို ရွေးချယ်ရတာ သဘောကျတယ် သို့မဟုတ် တစ်ခုကို တခြားတစ်ခုထက် သဘောကျတယ်ဆိုရင်တော့ **rather than …** ကို သုံးပါတယ်။ ဥပမာ–

- I'm going by train **rather than** by car.
- I'm buying a small house **rather than** a flat.

၇။ ကိုယ့်ရဲ့ သဘောကျနှစ်မြို့က်မှုကို ဖော်ပြချင်ရင်တော့ **I'm into / I'm fond of / I have a soft spot for** ဆိုပြီး ပြောနိုင်ပါတယ်။ ဥပမာ–

- **I'm into** gardening.
- **I'm fond of** teaching English.
- **She's fond of** eating spicy food.
- **He's fond of** listening to modern songs.
- **I have a soft sopt for** my son, especially when he tells me he loves me.
- **I've got a soft spot for** Japanese girls with round faces.

**A choice of drinks**

**Jane:** I'm going to get an orange juice, Alice: Can I get you one?

**Alice:** Could you see if they've got any apple juice? **I much prefer** it to orange juice.

**Jane:** I'll do that. What about you, Sue? Do you want some juice?

**Sue:** No, thanks, Jane. **I'd prefer** to have a coffee. I feel in need of some caffeine. I'll have an espresso, please.

**Jane:** Right, Sue. You usually have orange juice, Lucy? Can I get you one?

**Lucy:** At the time of day **I'd sooner have** a cup of tea.



## နာမည်ကြီး ရာဒူကာနူက ဆာဝမ်ကောကို အနိုင်ယူပြီး သြစတြေးလျအိုးပင်း ဒုတိယအဆင့်တက်


သြစတြေးလျအိုးပင်း အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ ပထမအဆင့်မှ ဇန်နဝါရီ ၁၈ ရက်က ယှဉ်ပြိုင်ကစားခဲ့သည့် ထိုင်းတင်းနစ်မယ် မနမ်ချာယာဆာဝမ်ကောနှင့် ဗြိတိန်နာမည်ကျော်တင်းနစ်မယ် အမ်မာရာဒူပွဲစဉ်တွင် ရာဒူကာနူက ၆-၄၊ ၆-၁ ရလဒ်ဖြင့် နိုင်ပွဲရရှိကာ နောက်တစ်ဆင့်သို့ တက်လှမ်းနိုင်ခဲ့သည်။

အသက် ၂၃ နှစ်အရွယ်ရာဒူကာနူသည် ယခုပြိုင်ပွဲမတိုင်မီယှဉ်ပြိုင်ကစားခဲ့သည့် Hobart International ပြိုင်ပွဲတွင် ကွာတားဖိုင်နယ်အဆင့်အထိ တက်လှမ်းထားသည်။ သို့သော်လည်း ပြိုင်ဘက် သြစတြေးလျတင်းနစ်မယ် တေလာပရက်တန်ကို ရှုံးနိမ့်ပြီး နောက်တစ်ဆင့်တက်လှမ်းခွင့် လွဲချော်ထားသည်။

ရာဒူကာနူသည် သြစတြေးလျအိုးပင်းပြိုင်ပွဲ ဒုတိယအဆင့်တွင် သြစတြီးယားတင်းနစ်မယ် ပိုတာပိုဗာနှင့် ဇန်နဝါရီ ၂၁ ရက်တွင် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။ ပိုတာပိုဗာသည် သြစတြေးလျအိုးပင်းပြိုင်ပွဲ ပထမအဆင့်တွင် နယ်သာလန်တင်းနစ်မယ် ဆူဇန်လာမန်းစ်ကို အကြိတ်အနယ်ယှဉ်ပြိုင်ကစားခဲ့ရပြီး ၃-၆၊ ၇-၅၊ ၆-၂ ရလဒ်ဖြင့် နိုင်ပွဲရရှိကာ ဒုတိယအဆင့်သို့ တက်လှမ်းလာသူဖြစ်သည်။

ရာဒူကာနူနှင့်အတူ သြစတြေးလျအိုးပင်းပြိုင်ပွဲ ဒုတိယအဆင့်သို့ ကမ္ဘာ့နံပါတ်တစ် တင်းနစ်မယ် ဆာဘယ်လင်ကာအပါအဝင် အခြားနာမည်ကြီး တင်းနစ်မယ်များဖြစ်သည့် ဒါနီလိုဗစ်၊ ဘိုင်၊ ဆက္ကရီ၊ ပါအိုလီနီ၊ စဗစ်တိုလီနာ၊ ပူတင်ဆီဗာတို့ တက်လှမ်းနိုင်ခဲ့သည်။

## နောက်ဆုံးရ အားကစားသတင်းတိုများ



- သြစတြေးလျအိုးပင်းအမျိုးသားတစ်ဦးချင်း ပြိုင်ပွဲ ပထမအဆင့်တွင် ကမ္ဘာ့နံပါတ်တစ် တင်းနစ်ကစားသမား အယ်ကာရက်ဇ် ပြိုင်ဘက်ကို အနိုင်ယူပြီး နောက်တစ်ဆင့်တက်လှမ်းနိုင်ခဲ့သည်။
- လိဂ်ဝမ်းကလပ် ဟက်ဒါဖီးလ်အသင်းသည် ဇန်နဝါရီ ၁၇ ရက်က ဘာတန်အသင်းကို ရှုံးနိမ့်ပြီးနောက် လီဂရန့်သ်ကို နည်းပြအဖြစ်မှ ထုတ်ပယ်လိုက်ပြီ ဖြစ်သည်။
- ဘုန်းမောက်က ဂရိဂိုးသမား မန်းဒက်စ်ကို ခေါ်ယူရန် လာဇီယိုအသင်းနှင့် ဆွေးနွေးမှုများ ပြုလုပ်လျက်ရှိသည်။
- ခရစ္စတယ်ပဲလေ့စ်ခံစစ်ကစားသမား ဂေဟီ မန်စီးတီးအသင်းသို့ ပေါင်သန်း ၂၀ ဖြင့် ပြောင်းရွှေ့ဖွယ်ရှိသည်။

## ပရီမီယာလိဂ် ဂိုးအများဆုံးသွင်းယူထားသူများ

| အမည် | ဂိုး |
| --- | --- |
| ဟာလန်း | ၂၀ |
| သီယေဂို | ၁၆ |
| ဆီမန်ညို | ၁၀ |
| ကားဗက်ဗီဝင် | ၉ |
| ဂူမာရက်စ် | ၈ |



■ မိုးဇက်-စုစည်းရေးသားသည်

ပရီမီယာလိဂ်ပွဲစဉ် (၂၂) မှ ဘရိုက်တန်နဲ့ ဘုန်းမောက်အသင်း ပွဲစဉ်ကို ဇန်နဝါရီ ၂၀ ရက်နံနက်ပိုင်းတွင် ယှဉ်ပြိုင်ကစားသွားမှာ ဖြစ်ပါတယ်။ နိုင်ပွဲပျောက်ဆုံးနေတဲ့အသင်းအချင်းချင်း တွေ့ဆုံမှု ဖြစ်တာကြောင့် ဘယ်အသင်းက ရလဒ်ကောင်းရရှိသွားမလဲ လက်မလွှတ်တမ်းစောင့်ကြည့်သွားရမှာ ဖြစ်ပါတယ်။

**ပရီမီယာလိဂ် ပွဲစဉ် (၂၂)**
**ဘရိုက်တန် - ဘုန်းမောက်**
**၂၀-၁-၂၀၂၆ (အင်္ဂါနေ့)**

# ဘုန်းမောက်ရဲ့ ရှုန်းအားကြောင့် အခက်တွေ့နိုင်ပေမယ့် ဘရိုက်တန်အသင်း နိုင်ဖွယ်ရာရှိတယ်



**ဘရိုက်တန် VS ဘုန်းမောက်** နံနက် ၂း၃၀

ဘရိုက်တန်က တိုက်စစ်ကစားသမား ဝဲလ်ဘတ်ခြေစွမ်းပြသမှုနဲ့အတူ ရလဒ်ကောင်းရရှိနေတယ်။ ပြိုင်ဘက်ဘုန်းမောက်က ဒီရာသီမှာ ခံစစ်အဆိုးရွားဆုံးအသင်းထဲ ပါဝင်နေတယ်။ ဒီနှစ်သင်းတွေ့ဆုံတိုင်း အပြန်အလှန်သွင်းဂိုးတွေ မြင်တွေ့ရလေ့ရှိတယ်။ နိုင်ပွဲပျောက်ဆုံးနေတဲ့ အသင်းအချင်းချင်းတွေ့ဆုံမှုဖြစ်တာကြောင့် ဘရိုက်တန်ရော ဘုန်းမောက်အသင်းအတွက်ပါ အရေးပါတဲ့ ပွဲစဉ်တစ်ပွဲအဖြစ် ရှိနေပါတယ်။ မည်သို့ပင်ဆိုစေ ဘုန်းမောက်ထက် ဘရိုက်တန်အသာရဖွယ်ရှိတယ်။



■ စောင့်ကြည့်ရမယ့်ကစားသမား

ဒန်နီဝဲလ်ဘတ်
သွင်းဂိုး + ဂိုးဖန်တီးမှု = ၈

**နှစ်သင်းထိပ်တိုက်တွေ့ဆုံမှု နောက်ဆုံးနှစ်ပွဲရလဒ်**

| | | |
| --- | --- | --- |
| ဘုန်းမောက် | ၂-၁ ဘရိုက်တန် | ပရီမီယာလိဂ် |
| ဘရိုက်တန် | ၂-၁ ဘုန်းမောက် | ပရီမီယာလိဂ် |

■ စောင့်ကြည့်ရမယ့်ကစားသမား

မားကပ်စ်တာဗာနီယာ
သွင်းဂိုး + ဂိုးဖန်တီးမှု = ၇

## ဘိုင်ယန်မြူးနစ်က လိုက်ပ်ဇစ်ကို ဂိုးပြတ်အနိုင်ယူပြီး ရှုံးပွဲမရှိ မှတ်တမ်းဆက်လက်ထိန်းသိမ်း



လိုက်ပ်ဇစ်အသင်းဘက်သို့ ဘိုင်ယန်မြူးနစ်တိုက်စစ်ကစားသမား ကိန်း ထိုးဖောက်တိုက်စစ်ဆင်ကစားစဉ်။

ဘွန်ဒက်စ်လီဂါပွဲစဉ် (၁၈) မှ ဇန်နဝါရီ ၁၈ ရက် နံနက်အစောပိုင်းက ယှဉ်ပြိုင်ကစားခဲ့သည့် လိုက်ပ်ဇစ်နှင့် ဘိုင်ယန်မြူးနစ်အသင်းပွဲစဉ်တွင် ဘိုင်ယန်မြူးနစ်အသင်းက တိုက်စစ်ခြေစွမ်းပြကာ ငါးဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိပြီး ရှုံးပွဲမရှိ မှတ်တမ်း ဆက်လက်ထိန်းသိမ်းနိုင်ခဲ့သည်။

ပုံစံကောင်းရရှိရန် ရုန်းကန်နေရသည့် လိုက်ပ်ဇစ်အသင်းသည် ယခုပွဲစဉ်တွင် ဘိုင်ယန်မြူးနစ်အသင်းကို ခြေရည်တူကစားနိုင်ခဲ့သော်လည်း အသင်းကစားသမားများ၏ အဆုံးသတ်ပိုင်း လိုအပ်ချက်ရှိနေသည့်အတွက် ဂိုးပြတ်ရှုံးပွဲကြုံတွေ့ခဲ့ရသည်။

ဘိုင်ယန်မြူးနစ် အသင်းတိုက်စစ်ကစားသမား ဟာရီကိန်းသည် လိုက်ပ်ဇစ်အသင်းဘက်သို့ ဂိုးသွင်းယူနိုင်ခဲ့သည့်အတွက် ဘွန်ဒက်စ်လီဂါ ၁၈ ပွဲကစားပြီးချိန်တွင် သွင်းဂိုး ၂၁ ဂိုး ရှိလာပြီဖြစ်သည်။ ဘိုင်ယန်မြူးနစ်အသင်းသည် ယခုပွဲစဉ် နိုင်ပွဲရရှိခဲ့သည့်အတွက် ဒုတိယနေရာမှ အနီးကပ်ဖိအားပေးလျက်ရှိသည့် ဒေါ့မွန်အသင်းထက် ၁၁ မှတ်အသာ ရမှတ် ၅၀ ဖြင့် အမှတ်ပေးဇယားကို ဆက်လက်ဦးဆောင်နိုင်ခဲ့သည်။ လိုက်ပ်ဇစ်အသင်းက ယခုပွဲစဉ် ရှုံးနိမ့်ခဲ့သည့်အတွက် ဘွန်ဒက်စ်လီဂါ ၁၇ ပွဲကစားပြီး ရှုံးပွဲ ငါးပွဲနှင့်အတူ အဆင့် (၄) တွင် ရပ်တည်နေသည်။

အခြားပွဲစဉ် ရလဒ်များတွင် ဒေါ့မွန်က စိန့်ပေါလီကို သုံးဂိုး-နှစ်ဂိုး၊ ဟော်ဖန်ဟိန်းက လေဗာကူဆင်ကို တစ်ဂိုး-ဂိုးမရှိ၊ ကိုလုံးက မိန့်ဇ်ကို နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲအသီးသီးရရှိခဲ့ပြီး ဝုဖ်ဘတ်နှင့် ဟိုင်ဒင်ဟိန်းအသင်း ပွဲစဉ်တွင် တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့သည်။

## အာဖရိကနိုင်ငံများဖလားပြိုင်ပွဲ တတိယနေရာလုပွဲတွင် နိုင်ဂျီးရီးယားက အီဂျစ်ကို ပယ်နယ်တီအဆုံးအဖြတ်တွင် အနိုင်ရ

အာဖရိကနိုင်ငံများဖလားပြိုင်ပွဲ တတိယနေရာလုပွဲမှ နာမည်ကြီး အီဂျစ်နှင့် နိုင်ဂျီးရီးယားအသင်းပွဲစဉ်တွင် နိုင်ဂျီးရီးယားအသင်းက ပယ်နယ်တီအဆုံးအဖြတ်တွင် လေးဂိုး-နှစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သည်။ အဆိုပါ ပွဲစဉ်ကို ဇန်နဝါရီ ၁၇ ရက် ည ၁၀ နာရီခွဲက ယှဉ်ပြိုင်ကစားခဲ့သည်။ အဆိုပါ ပွဲစဉ်မှာ သာမန်ပွဲကစားချိန်အတွင်း ဂိုးမရှိသရေကျနေ၍ ပယ်နယ်တီအဆုံးအဖြတ်ခံယူခဲ့ရာ နိုင်ဂျီးရီးယားအသင်းက အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ နိုင်ဂျီးရီးယားအသင်းသည် အာဖရိကနိုင်ငံများဖလားကို သုံးကြိမ် ဆွတ်ခူးထားနိုင်ခဲ့သော်လည်း ယခုနှစ်တွင် ကျင်းပသည့် ပြိုင်ပွဲတွင် တတိယဖြင့်သာ ကျေနပ်ခဲ့ရသည်။ အီဂျစ်အသင်းဂိုးသမား မိုစတာဖာရှုဘီယာ လက်စွမ်းပြသနိုင်ခဲ့ပြီး နိုင်ဂျီးရီးယားအသင်း၏ ဂိုးရရှိနိုင်သည့် အခွင့်အရေးများကို ကာကွယ်နိုင်ခဲ့သည်။



## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 38W/89065 Suzuki Smash 110 ယာဉ်လက်ဝယ်ရှိသူ ဦးကျင်အုံး ၁၄/ဟသတ(နိုင်)၂၃၆၇၇၀ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ဟသ်ာတ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1W/38859, Honda C90 Custom CMV ယာဉ်လက်ဝယ်ရှိသူ ဒေါ်တုန်ပီဇီ ၁၃/ကခန(ပြု) ၀၀၀၀၉၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 17W/81304, Luojia 110 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်တုန်ပီဇီ ၁၃/ကခန(ပြု) ၀၀၀၀၉၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

**စာအုပ်စာပေ လှူမိတ်ဆွေ**

## တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်နှင့် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်တို့တွင် တန်ဖိုးသင့်အိမ်ရာစီမံကိန်းများကို အစိုးရ-ပုဂ္ဂလိကအကျိုးတူ ပူးပေါင်းဆောင်ရွက်မှုအခြေခံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် ပြည်တွင်းကုမ္ပဏီများမှ အောက်ပါအတိုင်း တင်ဒါတင်သွင်းနိုင်ရေး ဖိတ်ခေါ်အပ်ပါသည် -

(က) ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းအမှတ်(၁၄၀)၊ မြေဧရိယာ (၂.၁၁) ဧက၊ (၄)ခန်းတွဲ (၆)ထပ်တိုက် (၈)လုံး ( Lot-1 )
(ခ) ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းအမှတ်(၁၀၆)၊ မြေဧရိယာ (၁.၉၅၈)ဧက၊ (၄)ခန်းတွဲ (၆)ထပ်တိုက် (၁၀)လုံး ( Lot-2 )
(ဂ) ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းအမှတ်(၁၀၇)၊ မြေဧရိယာ (၂.၂၃)ဧက၊ (၄)ခန်းတွဲ (၆) ထပ်တိုက် (၈)လုံး၊ (၂)ထပ် Shop House (၂၀) လုံး ( Lot-3 )
(ဃ) ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းအမှတ်(၆၅)၊ မြေဧရိယာ(၂.၃) ဧက၊ (၄)ခန်းတွဲ (၆)ထပ်တိုက် (၁၀)လုံး ( Lot-4 )
(င) ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းအမှတ်(၉၀)၊ မြေဧရိယာ(၂.၈၉၂) ဧက၊ (၄)ခန်းတွဲ (၆)ထပ်တိုက် (၁၀)လုံး ( Lot-5 )

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၁-၁-၂၀၂၆ ရက်မှ ၆-၂-၂၀၂၆ ရက်ထိ
၃။ **တင်ဒါပုံစံရောင်းချမည့်နေရာနှင့် တင်သွင်းရမည့်နေရာ** - ကျောက်တံတားမြို့နယ်၊ (၁၀)ထပ်ရုံး၊ ၈-လွှာ အင်ဂျင်နီယာဌာန (အဆောက်အအုံ)
၄။ **တင်ဒါပုံစံနှင့် တင်ဒါအာမခံကြေးငွေ (PO)တင်သွင်းရမည့်နောက်ဆုံးရက်** - ၂၇-၂-၂၀၂၆ရက် (သောကြာနေ့)
၅။ တင်ဒါပွဲကျင်းပမည့်နေ့ရက်အားကြိုတင်အသိပေးအကြောင်းကြားပါမည်။
၆။ MD/BOD အဖွဲ့ဝင်များ၌ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အသိအမှတ်ပြုကန်ထရိုက်တာလိုင်စင် (LC) ရှိသူ ပါဝင်ရမည်။
၇။ မြေပြင်အခြေအနေအား သိရှိလိုပါက အင်ဂျင်နီယာဌာန(အဆောက်အအုံ)၊ တယ်လီဖုန်းအမှတ် ၀၉ - ၈၈၀၀၁၅၈၁၁ သို့ စုံစမ်းမေးမြန်း၍ ရုံးချိန်အတွင်း သွားရောက်ကြည့်ရှုနိုင်ပါသည်။
၈။ တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို အင်ဂျင်နီယာဌာန(အဆောက်အအုံ)၊ ၁၀ ထပ်ရုံး၊ ၈-လွှာတွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အင်ဂျင်နီယာဌာန (အဆောက်အအုံ) သို့ဖြစ်စေ၊ တယ်လီဖုန်းအမှတ် ၀၉ - ၈၈၀၀၁၅၈၁၁ သို့ ဖြစ်စေ ရုံးချိန်အတွင်း မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ် (မ-၅၀)၊ ဦးပိုင်အမှတ် (၁၆)ခဲစင်း၊ ၃၉ (အေ)လမ်း၊ ၅၃X၅၄လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်စိန်လှဖြူထံမှ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်အမှတ် (၆၀၀/၂၀၂၅) ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ဆွေမွန်လတ် ၉/ခအဇ(နိုင်)၀၁၁၈၀၆ က အမှုတွဲအမှတ် (၄၈၃၉/၂၀၂၅-၂၀၂၆) ဖြင့် ဦး ပိုင်ခွဲအမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

# ချောက်မြို့နယ်၌ KG ကျောင်းသား ကျောင်းသူများအား ကျောင်းတွင်းအာဟာရကျွေးမွေး

**ချောက် ဇန်နဝါရီ ၁၈**

မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ဇန်နဝါရီ ၁၃ ရက်က ချောက်မြို့နယ်အတွင်းရှိ ကျောင်းပေါင်း ၁၉၂ ကျောင်းမှ KG ကျောင်းသား ကျောင်းသူ ၂၆၅၅ ဦးအား ကျောင်းတွင်းအာဟာရကျွေးမွေးခြင်းကို ဆောင်ရွက်ရာ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန မြို့နယ်ဆရာဝန်ကြီး ဒေါက်တာမျိုးသက်ဦးနှင့် ကျန်းမာရေးဝန်ထမ်းများ၊ ဆရာ ဆရာမများက ကျောင်းသား ကျောင်းသူများအား လက်ကိုဆပ်ပြာဖြင့် စနစ်တကျ ဆေးကြောသန့်စင်ပေးခြင်း၊ အသားဓာတ်၊ ကစီဓာတ်၊ အဆီဓာတ်၊ ဗီတာမင်ဓာတ်၊ သတ္တုဓာတ်နှင့် ရေဓာတ်စသည်တို့ ပါဝင်သော အာဟာရဖြစ်စေမည့် စားသောက်ဖွယ်ရာများကို ကျွေးမွေးခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

**ကျော်မိုး(ပြန်/ဆက်)**



**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ။**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## အမျိုးသားစီမံကိန်းဝန်ကြီးဌာန
## ဗဟိုစာရင်းအင်းအဖွဲ့ (ရုံးချုပ်)
## နေပြည်တော်
## လျှောက်လွှာခေါ်ယူခြင်း

၁။ အမျိုးသားစီမံကိန်းဝန်ကြီးဌာန၊ နေပြည်တော်၊ ဗဟိုစာရင်းအင်းအဖွဲ့ (ရုံးချုပ်)၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ဗဟိုစာရင်းအင်းအဖွဲ့ရုံးများတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးနေရာများတွင် သတ်မှတ်အရည်အချင်းပြည့်မီသူများ လျှောက်ထားနိုင်ပါသည်-

| စဉ် | ရာထူး/ လစာနှုန်းကျပ် | နေရာ | ပညာအရည်အချင်း |
|---|---|---|---|
| (က) | ဒုတိယစာရင်းအင်းမှူး ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ | (၄၀) - နေရာ | တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူ |
| (ခ) | အငယ်တန်းစာရေး ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | (၂၀) - နေရာ | အခြေခံပညာ အထက်တန်းအောင် |

၂။ အထက်ဖော်ပြပါ ရာထူးနေရာများအတွက် ရွေးချယ်ခံရပါက နေပြည်တော်၊ ဗဟိုစာရင်းအင်းအဖွဲ့(ရုံးချုပ်)၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဗဟိုစာရင်းအင်းအဖွဲ့ရုံးများတွင် တာဝန်ထမ်း ဆောင်ရမည်ဖြစ်သည်။ လျှောက်ထားသူများသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်၊
(ခ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်၊
(ဂ) ပြင်ပပုဂ္ဂိုလ်ဖြစ်ပါက ၃၁-၁-၂၀၂၆ ရက်နေ့တွင် အသက် ၃၅ နှစ်အထက်မကျော်လွန်သူ ဖြစ်ရမည်၊ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက ၃၁-၁-၂၀၂၆ ရက်နေ့တွင် အသက် ၄၀ နှစ်အထက် မကျော်လွန်သူ ဖြစ်ရမည်၊
(ဃ) ဝန်ထမ်းအဖြစ် ခန့်အပ်ခြင်းခံရပါက ဌာနတွင် အနည်းဆုံး (၅) နှစ် တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း ဝန်ခံကတိလက်မှတ်ရေးထိုးနိုင်ရမည်၊
(င) အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခြင်း (Dismissal)၊ ရာထူးမှထုတ်ပယ်ခြင်း (Removal)၊ ရာထူးခန့်ထားခြင်းမှ အမိန့်စာပယ်ဖျက်ခံရသူများ လျှောက်ထားခွင့်မရှိပါ၊
(စ) အမှတ်စဉ် (၁) (က) ရာထူးအတွက် ကွန်ပျူတာ အသုံးပြုနိုင်သူများကို ဦးစားပေးမည်။

၃။ သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့်သာ လျှောက်ထားရမည်။ သတ်မှတ်လျှောက်လွှာပုံစံကို ဗဟိုစာရင်းအင်းအဖွဲ့၏ Website ဖြစ်သည့် https://www.csostat.gov.mm တွင် Download ရယူ၍လည်းကောင်း၊ အမျိုးသားစီမံကိန်းဝန်ကြီးဌာန၊ ဗဟိုစာရင်းအင်းအဖွဲ့ (ရုံးအမှတ်-၃၂)တွင် ရုံးချိန်အတွင်း အခမဲ့လာရောက်ထုတ်ယူ၍လည်းကောင်း လျှောက်ထားနိုင်ပါသည်။
၄။ စာမေးပွဲဝင်ကြေးကျပ် ၁၀၀၀/- (ကျပ် တစ်ထောင်တိတိ) ကို နီးစပ်ရာမြန်မာ့စီးပွားရေးဘဏ်မှတစ်ဆင့် နေပြည်တော်၊ မြန်မာ့စီးပွားရေးဘဏ်ရှိ အမျိုးသားစီမံကိန်းဝန်ကြီးဌာန၊ ဗဟိုစာရင်းအင်းအဖွဲ့ (ရုံးအမှတ်-၃၂)၊ ငွေစာရင်းအမှတ်၊ MD-010550 သို့ ပေးသွင်းရပါမည်။
၅။ လျှောက်ထားသူများသည် လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါ အထောက်အထားများပူးတွဲတင်ပြရမည်-

(က) ငွေသွင်းချလန် (မူရင်း)၊
(ခ) ဘွဲ့လက်မှတ်မိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်၊ စာမေးပွဲဖြေဆိုသည့်အခါ ဘွဲ့လက်မှတ်မူရင်း တင်ပြရန်)၊
(ဂ) အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်၊ စာမေးပွဲဖြေဆိုသည့်အခါ လက်မှတ်မူရင်း တင်ပြရန်)၊
(ဃ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊
(င) သက်ဆိုင်ရာရပ်ကွက်နှင့် ရဲစခန်းတို့မှ လျှောက်လွှာပိတ်ရက်မတိုင်မီ (၁)လအတွင်း အကျင့်စာရိတ္တကောင်းမွန်ကြောင်းနှင့် ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက် (မူရင်း)၊
(စ) လျှောက်လွှာပိတ်ရက်မတိုင်မီ (၁) လအတွင်း ရိုက်ကူးထားသော ရောင်စုံလိုင်စင်ဓာတ်ပုံ (၃)ပုံ (နောက်ကျောတွင် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ဖော်ပြရန်)၊
(ဆ) ဝန်ထမ်း မဟုတ်သူများအတွက် သက်တမ်းရှိသော အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူ (ဖြေဆိုခွင့်ကတ်ပြား ထုတ်ယူချိန်တွင် မူရင်းတင်ပြရန်)၊
(ဇ) ကျန်းမာရေးကောင်းမွန်ကြောင်း သက်ဆိုင်ရာမြို့နယ်ဆရာဝန်၏ (၁) လအတွင်း ဆေးစစ်ထောက်ခံချက်မူရင်း။

၆။ ပြင်ပပုဂ္ဂိုလ်များသည် လျှောက်လွှာများကို အမျိုးသားစီမံကိန်းဝန်ကြီးဌာန၊ ဗဟိုစာရင်းအင်းအဖွဲ့၊ ရုံးအမှတ် (၃၂)၊ နေပြည်တော်သို့ လိပ်မူပြီး လူကိုယ်တိုင်သော်လည်းကောင်း၊ စာတိုက်မှ မှတ်ပုံတင်၍သော်လည်းကောင်း ၂၇-၂-၂၀၂၆ ရက် (သောကြာနေ့) အရောက် နောက်ဆုံးထား၍ လျှောက်ထားရမည်။ လျှောက်လွှာပိတ်ရက်ထက် ကျော်လွန်ပေးပို့လာသော လျှောက်လွှာများ၊ အချက်အလက်မပြည့်စုံသော လျှောက်လွှာများ၊ သတ်မှတ်အရည်အချင်းနှင့် မကိုက်ညီသူများကို လက်ခံထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။
၇။ ဝန်ထမ်းဖြစ်ပါက အထောက်အထားများပါရှိသော လျှောက်လွှာတစ်စောင်ကို မိမိတာဝန်ထမ်းဆောင်နေသည့် ဌာနအကြီးအကဲထောက်ခံချက်၊ ဌာနဆိုင်ရာပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်မူရင်းတို့ဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနမှတစ်ဆင့် ၂၇-၂-၂၀၂၆ ရက် (သောကြာနေ့) နောက်ဆုံးထားပေးပို့ရန် ဖြစ်ပါသည်။
၈။ ရေးဖြေစာမေးပွဲကို နေပြည်တော်၊ ဗဟိုစာရင်းအင်းအဖွဲ့ (ရုံးချုပ်)တွင် ဖြေဆိုရမည်ဖြစ်ပြီး ဖြေဆိုခွင့်ကတ်ပြားများကို ၁၁-၃-၂၀၂၆ ရက် (ဗုဒ္ဓဟူးနေ့) မှ ၁၃-၃-၂၀၂၆ ရက် (သောကြာနေ့) အထိ ရုံးအမှတ်(၃၂)၊ ဗဟိုစာရင်းအင်းအဖွဲ့ (ရုံးချုပ်)တွင် လာရောက်ထုတ်ယူရမည်ဖြစ်ပြီး မူရင်းပြရမည့် အထောက်အထားများအား မူရင်းမပြနိုင်သူများကို ဖြေဆိုခွင့်ကတ်ပြားများ ထုတ်ပေးမည် မဟုတ်ပါ။
၉။ ရေးဖြေစာမေးပွဲကို ၁၄-၃-၂၀၂၆ ရက်(စနေနေ့)တွင် ဗဟိုစာရင်းအင်းအဖွဲ့ (ရုံးချုပ်)၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ ဖြေဆိုရမည့် ရေးဖြေစာမေးပွဲ ဘာသာရပ်များမှာ **မြန်မာစာ၊ အင်္ဂလိပ်စာ၊ အထွေထွေဗဟုသုတ** တို့ဖြစ်ပါသည်။
၁၀။ ရေးဖြေစာမေးပွဲ အောင်မြင်သူများ၏ အမည်စာရင်းနှင့် လူတွေ့စစ်ဆေးခြင်း ပြုလုပ်မည့်ရက်ကို https://www.csostat.gov.mm Website တွင် ထုတ်ပြန်ကြေညာသွားမည်ဖြစ်ပါသည်။
၁၁။ အသေးစိတ်သိရှိလိုပါက အမျိုးသားစီမံကိန်းဝန်ကြီးဌာန၊ ဗဟိုစာရင်းအင်းအဖွဲ့၊ ရုံးအမှတ် (၃၂)၊ ဖုန်းနံပါတ် ၀၆၇-၄၀၆၃၂၉ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

## ပိုးသတ်ဆေးဖြန့်ဖြူးသူပြောင်းလဲကြောင်း အသိပေးကြေငြာခြင်း

ပြည်ပထုတ်လုပ်သူ Eastchem Co., Ltd. မှ မြန်မာနိုင်ငံပိုးသတ်ဆေး မှတ်ပုံတင်အဖွဲ့တွင် မှတ်ပုံတင်ထားသော အောက်ဖော်ပြပါ ပိုးသတ်ဆေးကို မူလဖြန့်ဖြူးသူ Myanma Awba Group Co., Ltd. မှ Pyinsa Crop Science Co., Ltd. သို့ ဖြန့်ဖြူးသူပြောင်းလဲ၍ တင်သွင်းဖြန့်ဖြူးရောင်းချမည်ဖြစ်ပါသည်။

| စဉ် | ကုန်သွယ်မှုအမည် | အဆိပ်ရှိပစ္စည်း | မှတ်ပုံတင်အမျိုးအစား | မှတ်ပုံတင်အမှတ် |
|---|---|---|---|---|
| 1 | Sulfaron 250 EC | Carbosulfan 200 g/l + Chlorfluazuron 50 g/l EC | Provisional | P2023-5218 |

သို့ဖြစ်ပါ၍ အဆိုပါဖြန့်ဖြူးသူပြောင်းလဲခြင်းကို ကန့်ကွက်လိုပါက တွဲဖက်အတွင်းရေးမှူး မြန်မာနိုင်ငံ ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့၊ သီးနှံကာကွယ်ရေးဌာနခွဲ၊ အနောက်ကြို့ကုန်း၊ အင်းစိန်မြို့သို့ (၁၄) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေငြာအပ်ပါသည်။
**လိပ်စာ**- Pyinsa Crop Science Co., Ltd.
အမှတ် - ၉၅ - အေ၊ ကျိုက်ဝိုင်းဘုရားလမ်း၊ ၈မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

## ပိုးသတ်ဆေးကုန်သွယ်မှုအမည်ပြောင်းလဲကြောင်း အသိပေးကြေငြာခြင်း

ပြည်ပထုတ်လုပ်သူ Chrysalis Crop Pte., Ltd. မှ မြန်မာနိုင်ငံပိုးသတ်ဆေး မှတ်ပုံတင်အဖွဲ့တွင် မှတ်ပုံတင်ထားသော အောက်ဖော်ပြပါပိုးသတ်ဆေးများကို ကုန်သွယ်မှုအမည် ပြောင်းလဲ၍ တင်သွင်း ဖြန့်ဖြူးရောင်းချမည်ဖြစ်ပါသည်။

| စဉ် | မူလကုန်သွယ်မှုအမည် | ကုန်သွယ်မှုအမည်အသစ် | အဆိပ်ရှိပစ္စည်း | မှတ်ပုံတင် အမျိုးအစား | မှတ်ပုံတင်အမှတ် |
|---|---|---|---|---|---|
| 1 | Evo Confirm 105 OD | WaiGa 105 OD | Mesotrione 75 g/l + Nicosulfuron 30 g/l OD | Provisional | P2023-5456 |

သို့ဖြစ်ပါ၍ အဆိုပါကုန်သွယ်မှုအမည်ပြောင်းလဲခြင်းကို ကန့်ကွက်လိုပါက တွဲဖက်အတွင်းရေးမှူး မြန်မာနိုင်ငံ ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့၊ သီးနှံကာကွယ်ရေးဌာနခွဲ၊ အနောက်ကြို့ကုန်း၊ အင်းစိန်မြို့သို့ (၁၄) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေငြာအပ်ပါသည်။
**လိပ်စာ** - အီဗိုဂရီ ကုမ္ပဏီလီမိတက်
အမှတ် - (၉၅-အေ) ၊ ကျိုက်ဝိုင်းဘုရားလမ်း၊ ရှစ်မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 74W/76026 ယာဉ်လက်ဝယ်ရှိသူ ဦးဖုန်လုံ ၁၃/လရန(နိုင်)၀၅၇၇၂၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ကျောက်ဆည်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 48W/65040 Jialing 90 M/C ယာဉ်လက်ဝယ်ရှိသူ ဦးနိုင်လင်းဇော် ၅/စကန(နိုင်)၁၂၅၄၀၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 84W/77618 NP Model 10 125 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဝေမာလွင် ၅/စကန(နိုင်)၁၉၅၇၂၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် SGG/13359 Honda Click 125 ယာဉ်လက်ဝယ်ရှိသူ ဦးကောင်းထက် ၉/ခအဇ (နိုင်)၀၃၆၄၉၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (စစ်ကိုင်း)**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၄/ရွှေကြာပင်)ရှိပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းထားခြင်းမှ လွှဲပြောင်း/လက်ခံရရှိထားသည့် မြေကွက်အမှတ်(၃၃၅၊ ၃၃၆)၊ ဧရိယာ(၀ဒသမ ၁၆၄)ဧကအား ပြည်တွင်းအခွန်များဦးစီးဌာန၊ သီရိ(၅)မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး အမည်ပေါက်ဖြင့် မြေငှားစာချုပ် ချထားပေးပါရန် ဦးလှငွေ၊ မြို့နယ်အခွန်ဦးစီးဌာနမှူးမှ ဇမ္ဗူသီရိမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနထံမှ လွှဲပြောင်း/ လက်ခံရရှိထားသည့် အထောက်အထားများတင်ပြပြီး လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေး ကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် မြေတိုင်းရပ်ကွက်အမှတ်(၈)၊ မင်းရဲကျော်စွာလမ်း၊ မြေကွက်အမှတ် (တ/ ၄၉/၆)၊ ဧရိယာ ပေ(၅၀x၁၀၀)(၀.၁၁၄)ဧကရှိ ဒေါ်တင်ဇာလွင် အမည်ပေါက် နှစ်(၆၀)ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အားလုံးကို အမည်ပေါက်ပိုင်ဆိုင်ပြီးရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်တင်ဇာလွင် (ခ) ဒေါ်မြင့်မြင့်ချို ၃/ကဆက(နိုင်)၀၀၉၀၉၁ ထံမှ အပြီးအပိုင် ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက စရန်ငွေပေးထားပြီးဖြစ်ပါသည်။

ယခုအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း ခိုင်မာသော အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမြင့်ထွန်း(LL.B)**
**အထက်တန်းရှေ့နေ(စဥ်-၄၉၅၇၅)**
**ဖုန်း-၀၉- ၇၈၅၁၄၉၄၅၆**

## ကန့်ကွက်နိုင်ပါသည်

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး(၆)၊ ကွင်း/အကွက်အမှတ် နှင့်အမည်(RA-III/ကွက်ပြင်ရပ်)၊ ဦးပိုင်အမှတ်(၁၁၀-ဠ)၊ ဧရိယာ ၀ဒသမ၁၅ ဧကအကျယ်ရှိ အရှေ့လားသော်- ဦးပိုင်အမှတ်(၁၁၀-ဃ)၊ အနောက်လားသော်-ဦးပိုင်အမှတ်(၁၁၀-ဃ)၊ တောင်လားသော်-လမ်း၊ မြောက်လားသော်-ဦးပိုင်အမှတ်(၁၁၀-ဆ)စသည့် လားရာအရပ်အတွင်းရှိ မြေကွက်အပါအဝင် မြေကွက်ပေါ်ရှိ ၂ ထပ်တိုက်အိမ်နှင့် ပတ်သက်၍ ဒေါ်ဇင်မာမျိုးတင့်(၉/ ပဥလ(နိုင်)၀၂၀၁၈၅)မှ အမည်ပေါက် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး လက်ရှိလက်ရောက်နေထိုင်ပိုင်ဆိုင် လျက်ရှိပါသည်။ အထက်ပါမြေကွက် အပါအဝင် ၂ ထပ်တိုက်အိမ်နှင့်ပတ်သက်၍ ၎င်း၌ရောင်းချပိုင်ခွင့် အပြည့်အဝရှိကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်မိတ်ဆွေမှ ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အထက် အဆိုပါမြေနှင့်အိမ်အား ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| ဒေါ်ဖြူနှင်းသန့်(LL.B) | ဒေါ်ခိုင်သူဇာကျော်(LL.B) |
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ |
| စဥ်-၁၄၆၉၄ | စဥ်-၁၆၅၅၀ |
| ရပ်ကွက်ကြီး(၁၇)၊ ပြင်ဦးလွင်မြို့၊ | ရပ်ကွက်ကြီး(၅)၊ ပြင်ဦးလွင်မြို့၊ |
| ဖုန်း-၀၉-၇၉၆၄၆၅၀၁၂ | ဖုန်း-၀၉-၉၅၉၈၆၅၄၃၄ |

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၄ယ/၇၉၇၅၁ ယာဉ်လက်ဝယ်ရှိသူ ဦးလှဝင်းထိုက် ၁၀/သထန(နိုင်) ၂၆၃၂၀၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 69W/24135, Honda Dream-125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးခွန်ထွန်းထွန်းလှ ၃/ဘအန(နိုင်)၂၉၆၄၁၀ သည် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ပြည်နယ်ရုံး(ဘားအံ)တွင် ယာဉ်မှတ်ပုံတင် စာအုပ်(ကမ-၃) ပျောက်ဆုံး၍မိတ္တူလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ပြည်နယ်ရုံး(ဘားအံ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 57W/56610, Honda Deram ND125M M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခိုင်မြတ်မြတ်မွန် ၃/ဘအန(နိုင်)၂၂၃၁၇၀ က ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ပြည်နယ်ရုံး(ဘားအံ)တွင် ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ရုံး(ဘားအံ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 24W/33276, Honda Dream ND 125M M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခိုင်မြတ်မြတ်မွန် ၃/ဘအန(နိုင်) ၂၂၃၁၇၀က ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ပြည်နယ်ရုံး(ဘားအံ)တွင် ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ရုံး(ဘားအံ)**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

